PDF Compressor Free Version

# သစ်တောကြေးမုံ

၂၀၂၂ ခုနှစ်၊ မတ်လ

"Forests and Sustainable Production and Consumption"

"မျှတဆင်ခြင် ထုတ်သုံးလျှင် သစ်တောများ တည်မြဲထာဝစဉ်"




၂၀၂၂ ခုနှစ် ၊ မတ်လ(၂၁)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အား ဂုဏ်ပြုအပ်ပါသည်။

PDF Compressor Free Version



# မာတိကာ


**မျက်နှာဖုံး**

✧ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ (၂၁-၃-၂၀၂၂) — မျက်နှာဖုံး

**ဆောင်းပါးကြီး**

✧ သစ်တောများနှင့်ရေသယံဇာတ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၆

**ဘာသာရပ်ဆိုင်ရာ ( ဗဟုသုတ ) ကဏ္ဍ**

✧ တောင်ငူခရိုင်၊ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အား ကိုယ်စားပြုသည့်(Growth and Yield Model)များ အားလေ့လာဖော်ထုတ်ခြင်း....... - **ရန်မျိုးနိုင်၊ ဦးစီးအရာရှိ** — ၃၅-၃၇

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ အလေးထားစိုက်ပျိုးပြုစု ထိန်းသိမ်းကြရမည့် သစ်တောပြင်ပမှ သစ်ပင်များ - **ဒေါက်တာသောင်းနိုင်ဦး** — ၁၃-၁၆

✧ ကုလားကံကောင်းတယ် (၇) - **ရောင်နီ (သစ်တော)** — ၁၇-၂၁

✧ ထိန်းသိမ်းရမည့် မြစ်ဝကျွန်းပေါ်ဒီရေတောများ - **အောင်ဝင်းထွန်းသန့်** — ၂၆-၂၉

✧ အညာမြေတစ်ခွင် စိန်လန်းစေချင် - **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** — ၃၈-၄၁

✧ သစ်တောသုတေသနဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ - **သစ်တောသုတေသနဌာန** — ၄၇-၄၉

**အခြားသောဆက်စပ်ကဏ္ဍ**

✧ ကျွန်တော်တို့ရဲ့ ရေဆင်း - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** — ၇-၁၀

✧ မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ်လွင်ထင်ရှားထူးခြားမှုများ (၄) - **ဦးဘကောင်း(ဒု-ညွှန်ချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန)** — ၁၁-၁၂၊၁၆

✧ စီမံကိန်းဆိုင်ရာအချက်အလက်များ- **လေ့ကျင့်/သုတေ** — ၁၀

✧ အင်းတော်ကြီးကန်အကြောင်း တစ်စေ့တစ်စောင်း- **ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန** — ၃၂-၃၄

**ရသကဏ္ဍ**

✧ လွမ်းဆွတ်သတိရခြင်း(၅) - **ချစ်ဦး(ဧ၂)** — ၂၂-၂၅

**ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ**

✧ နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ ရည်ရွယ်ချက်နှင့် ... - **ဝန်းကျင်/သားငှက်** — ၄၆

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ ကျေးဇူးကြီးမားသစ်ပင်များ **စွမ်းရည် (စိုက်ပျိုးရေး)** — ၂၉

✧ ကာတွန်း - **အော်ပီကျယ်** — ၂၅

**အင်္ဂလိပ်ကဏ္ဍ**

✧ **Biodiversity Conservation in Taninthayi Nature Reserve** - **U Sein Thet** — ၄၂-၄၅

**နောက်ကျောဖုံး၊**

✧ အင်ကြင်းပင် (မြန်မာအင်ကြင်း) - **ဦးဟုတ်လင်း** — ၃၀-၃၁ နောက်ကျောဖုံး



**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးဖြိုးဇင်မွန်နိုင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
extension@forest.gov.mm

PDF Compressor Free Version



# သစ်တောများနှင့် ရေသယံဇာတ

သဘာဝသယံဇာတများဖြစ်သည့် သစ်တောများနှင့်ရေ၏မရှိမဖြစ် အရေးပါမှုကြောင့် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၆** တွင် လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ၁၅ တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းမှုပပျောက်စေရေး မြေယာ ပြုန်းတီးယိုယွင်းမှုရပ်တံ့စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းကျဆင်းမှု ရပ်တန့်စေရေးဟူ၍ ရည်မှန်းချက်ပန်းတိုင်များအဖြစ် ထည့်သွင်းထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဟုဆိုကြပါသည်။ ရွှေကိုမလို၊ ရေကိုသာလိုသည် ဟုဆိုကြ၏။ သစ်တောများဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေဝပ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပါသည်။ ယနေ့ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ရေရှားပါးမှုပြဿနာများနှင့် ရင်ဆိုင်ရန်အလားအလာများစွာရှိနေပါသည်။

သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့်အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးပါသည်။ ရာသီဥတုပြောင်းလဲမှုသည် သစ်တောများအပေါ်သက်ရောက်မှုရှိပြီး ထိုမှတစ်ဆင့် ရေလည်ပတ်မှုစနစ်များ၊ ရေရရှိနိုင်မှုအခြေအနေများအပေါ် လွှမ်းမိုးသက်ရောက်စေပါသည်။

ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာ့ပေါ်ရှိ လူပေါင်းသန်း ၁၀၀၀ ခန့်မှာ ဘေးကင်းလုံခြုံသည့် ရေကောင်းရေသန့်ကို လုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိကြောင်း သိရပါသည်။ ထို့ကြောင့် ဘေးကင်းလုံခြုံသော ရေကောင်းရေသန့်များရရှိရန်နှင့် ကောင်းမွန်သော ရေချို အရင်းအမြစ်များဖြစ်သည့် ရေဝေရေလဲဒေသရှိသစ်တောများကို ထိန်းသိမ်းရန် အထူးလိုအပ်လျက်ရှိသည်။ သစ်တောများရှိမှသာ သဘာဝရေဦးရေထွက်များ၊ စိမ့်ရေစမ်းရေများရရှိနိုင်သည်။

မြန်မာနိုင်ငံ၏ အဓိကရေဝေရေလဲဒေသကြီးများဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီ ကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်းပဲခူးရိုးမမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများကို ပိုမိုထိရောက်မှန်ကန်သည့် နည်းစနစ်များ၊ လုံလောက်သည့်သွင်းအားစုများဖြင့် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေသယံဇာတအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး တိုးပွားစေရေးအတွက် တစ်နိုင်တစ်ပိုင်၊ တစ်အုပ်ဘစ်မမှသည် ကြီးမား ကျယ်ပြန့်သောနယ်မြေဧရိယာ၊ နိုင်ငံနှင့်အဝှမ်း စိမ်းလန်းစိုပြည်နေစေရန်နှင့် ရေသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရန် ကျွန်ုပ်တို့ သစ်ပင်စိုက်ကြရပါမည်။ သစ်ပင်စိုက်ရန်တွန်းအားပေးကြရပါမည်။ သစ်ပင်စိုက်ပျိုးနိုင်ရန်ကူညီကြရပါမည်။ သစ်တောများထိန်းသိမ်းကြရပါမည်။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရပါမည်။

ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏အနာဂတ်မျိုးဆက်သစ်များ အတွက်၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့်ကမ္ဘာမြေကြီးအတွက်၊ သက်ရှိလောကအတွက်၊ ရေသယံဇာတနှင့် ရေအရင်းအမြစ်များရေရှည်တည်တံ့စေရေးအတွက် ကျွန်ုပ်တို့အားလုံး အသိစိတ်ဓာတ်ကိုယ်စီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ်မြန်မာ့သစ်တောမူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version



သတင်းများကဏ္ဍ

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ အစည်းအဝေးကျင်းပခြင်း



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ အစည်းအဝေးကို (၁၆-၂-၂၀၂၂)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမဒ္ဓကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးစန်းလွင်နှင့် ဦးမင်းမင်းဦး၊ စစ်ဦးစီးဗိုလ်မှူးချုပ် (ရေ)၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်းဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ရှေးရှု၍ ၂၀၂၁ ခုနှစ် ဧပြီ (၂)ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)ဖြင့် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁)ဖြင့် အဖွဲ့ဝင် ၂၁ ဦးပါ ဗဟိုကော်မတီကို ထပ်မံပြင်ဆင်ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန် (၁၀) ရပ် တာဝန်ပေးအပ်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို ကဏ္ဍစုံကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်၊ လက်ရှိနှင့်အနာဂတ်အတွက် ရေရှည်အသုံးပြုနိုင်ရေးကို အထောက်အကူပြုနိုင်ရေးနှင့် နောင်မျိုးဆက်များအတွက် သယံဇာတများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးစသည့် အခြေခံရည်ရွယ်ချက်များရရှိအောင် စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၁၀)ရပ်အနက် လုပ်ငန်းတာဝန်(၈)တွင် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းဒေသဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ်(Integrated Coastal Management Programme – ICM) တစ်ရပ်ရေးဆွဲချမှတ်ရန်နှင့် အဆိုပါအစီအစဉ်အပေါ် အခြေခံ၍ ဒေသအလိုက်စီမံချက်များရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်မှုပေးရန် တာဝန်ပေးအပ်ထားကြောင်း။ ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက်က ကျင်းပခဲ့သည့် ဗဟိုကော်မတီ(ပထမအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက် (ခ)တွင်လည်း ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း (ICM) အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဗဟိုကော်မတီဝင်ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း။

ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းမဆို အဆိုပါဒေသ၌တည်ရှိသော ဂေဟစနစ်များနှင့် အခြားသောသယံဇာတထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်သူများအပေါ် အကျိုးသက်ရောက်မှုများရှိမည် ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသဂေဟစနစ်ကြီးတစ်ခုလုံးသည် မတူညီသောဂေဟစနစ်ခွဲများဖြင့် ဖွဲ့စည်းထားပြီး အဆိုပါ စနစ်ခွဲများက ဂေဟစနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်ရန် ဝန်ဆောင်မှုများကို ဆောင်ရွက်နေကြခြင်းလည်းဖြစ်ကြောင်း၊ ဂေဟစနစ်ခွဲတစ်ခု ထိခိုက်ပျက်စီးသည်နှင့် အဆိုပါစနစ်ကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်မည်

PDF Compressor Free Version



ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်းဂေဟစနစ် အစိတ်အပိုင်းများ၏ တန်ဖိုးကိုသိရှိနားလည်ပြီး ထိခိုက်မှုမရှိစေရန်အထူးအလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရှည်လျားသည့် ကမ်းရိုးတန်း တစ်လျှောက် အဏ္ဏဝါသယံဇာတများပေါကြွယ်ဝပြီး ၎င်း သယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှပံ့ပိုးပေးလျက်ရှိကြောင်း၊ တစ်ဖက်တွင် ကမ်းရိုးတန်းဒေသများ၌ လူဦးရေတိုးပွားလာခြင်း၊ ဒီရေတောများနှင့် ကမ်းရိုးတန်းဒေသသစ်တောများပျက်စီးခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ကမ်းရိုးတန်းဒေသခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ သယံဇာတနှင့် သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် အဏ္ဏဝါညစ်ညမ်းခြင်း၊ မြစ်ညာဒေသရေဝေရေလဲဒေသများ လျော့ပါးပျက်စီးလာခြင်းစသည့် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသုံးပြုသူများအကြား ထိန်းညှိပေးပြီးဟန်ချက်ညီစေရန် အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြေရှိသည့် အခွင့်အလမ်း (၄) ရပ်ကို Wildlife Conservation Society (WCS Myanmar) က ၂၀၁၅ ခုနှစ်တွင် သုံးသပ်တင်ပြထားရာ **ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသလုပ်ငန်းကဏ္ဍနယ်ပယ်များအလိုက်စီမံအုပ်ချုပ်မှုအစီအစဉ်**များနှင့် မူဝါဒများခိုင်မာစွာ သတ်မှတ်ထားရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါ အရင်းအမြစ်များ ထုတ်ယူရေးတွင် ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းကြောင့်ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရန် အခြေအနေကောင်းများရှိခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဒီရေတောများတည်ထောင်ပြုစုထိန်းသိမ်းသည့်လုပ်ငန်းများကို ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးနှင့်ကာကွယ်မှုမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြေရှိခြင်းများဖြစ်သည်ဟု တင်ပြထားရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင် (၁၄)ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း လက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ်ကပ်ရောဂါကာလအလွန် ပင်လယ်ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအလိုက်၊ ကဏ္ဍများအလိုက် ထိရောက်သည့်လုပ်ငန်းစီမံချက်များ ဖော်ထုတ်ဆောင်ရွက်ကြရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း။ ထို့ကြောင့် အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ဒေသဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်နှင့် ချိတ်ဆက်၍ Blue Economy ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီ (ပထမအကြိမ်) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဗဟိုကော်မတီဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်ဆိုင်းထားရသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့်အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာတင်ပြ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ICM အစီအစဉ်ရေးဆွဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

PDF Compressor Free Version



## ၂၀၂၂ ခုနှစ်ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း





၂၀၂၂ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားအား (၂-၂-၂၀၂၂) ရက်နေ့ နံနက် (၀၉:၀၀) နာရီ၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ ကြိုးကြာခန်းမတွင်ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပထဝီအနေအထား တည်ရှိမှုအရ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူး-စစ်တောင်းမြစ်ဝှမ်းဒေသ၊ မုတ္တမပင်လယ်ကွေ့ဒေသတို့၏ရေဝေရေလဲအစဖြစ်သည့် ပဲခူးရိုးမကြီးဖြစ်တည်နေခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံများပေါများခြင်းစသော ကုန်းတွင်းရေဝပ်ဒေသဂေဟစနစ်များ၊ ရေဝပ်ဒေသဂေဟစနစ်ကို အဓိကထားတွေ့မြင်ရခြင်း၊ ပိုင်ဆိုင်ခြင်းများက ပဲခူးတိုင်းဒေသကြီးကို စားနပ်ရိက္ခာဖူလုံစေရေးအတွက် အဓိကအရင်းအမြစ်ဒေသတစ်ခုအဖြစ်ထင်ရှားစေကြောင်း၊ ဆောင်းခိုရေပျော်ငှက်များ အစာပေါများစွာရရှိစေရန်နှင့်ဒေသခံများ၏ စားဝတ်နေရေး အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ငါးသယံဇာတရေရှည်တည်တံ့စေရေးအတွက် တိုင်းရင်းငါးမျိုးစိတ်ကောင်ရေ (၆၅၀၀၀၀)ကို ပြီးခဲ့သောမိုးရာသီတွင် ထည့်သွင်းပြီးဖြစ်ပါကြောင်း၊ ကျူးကျော်အခြေချ ယာယီငါးရာတဲများ ဖယ်ရှားခြင်းကိုလည်း လမ်းညွှန်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆောင်းခိုငှက်များကျရောက်ချိန်တွင် ဖမ်းဆီးခြင်း၊ အဆိပ်ချခြင်းမရှိစေရန် ပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဆောင်းခိုငှက်များ တွေ့ရှိဖမ်းဆီးရမိပြီး သတင်းပေးပို့ပါက ဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခု ၂၀၂၂ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့၏ ဆောင်ပုဒ်မှာ " Wetlands Action for People and Nature " (လူသားနှင့် သဘာဝပတ်ဝန်းကျင်သာယာဝပြောရေး ရေဝပ်ဒေသများထိန်းသိမ်းပေး) ဖြစ်ကြောင်း၊ ရေဝပ်ဒေသများ ဟည်ပတ်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ လူသားများ၏အသက်ရှင် ရပ်တည်မှုများသည် အပြန်အလှန် အမှီသဟဲပြုနေပြီး၊ ရေဝပ်ဒေသများစဉ်ဆက်မပြတ် မပျက်မစီးတည်ရှိနေမှသာ ရေဝပ်ဒေသဝန်းကျင် သဘာဝအနေအထားများ၊ ရေဝပ်ဒေသအပေါ်မှီခိုနေကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားအခြေအနေများ တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊

မိုးယွန်းကြီးအင်းသည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များဖြစ်သည့် ကြိုးကြာ (Sarus Crane)၊ လင်းယုန် (Greater Spotted Eagle)၊ ဆောက်လိပ် (Myanmar Eyed Turtle)များရှိခြင်း၊ ရေပျော်ငှက်ကောင်ရေ (၂၀၀၀၀) နှင့်အထက်ကျက်စားခြင်း၊ ၂၀၂၁ ခုနှစ်အထိ ငှက်ကောင်ရေ (၂၀၀၀၀ မှ ၃၅၀၀၀) အထိကျရောက်ခြင်းနှင့် ဆောင်းခိုငှက်တစ်မျိုးဖြစ်သည့် ဘဲရစ်(Northern Paintail) ကောင်ရေ တစ်ကမ္ဘာလုံး၏ (၁% ) ကျရောက်ကျက်စားနိုင်ရန် ထောက်ပံ့ပေးနေသည့် ရေဝပ်ဒေသတစ်ခုဖြစ်ကြောင်း၊

ထို့အပြင် မိုးယွန်းကြီးအင်းအနေဖြင့် အရှေ့အာရှ-ဩစတေးလျငှက်ပျံသန်းရာလမ်းကြောင်း (East-Asian Australian Flyway Network) နှင့် ဗဟိုအာရှဒေသငှက်ပျံသန်းရာလမ်းကြောင်း (Central Asia Flyway) တွင် ကျရောက်ပြီး နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ဆောင်းခိုငှက် ကောင်ရေ (၃၂၀၀၀)ခန့် လာရောက်ကျက်စားလေ့ရှိကြောင်း၊

မျက်မှောက်ကာလတွင် ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့်သဘာဝဘေးအန္တရာယ်ကပ်ဘေးကျရောက်မှုများ လျော့ပါးနိုင်စေရန်အတွက် ရေဝပ်ဒေသများကို ထိရောက်စွာထိန်းသိမ်းကာကွယ်ရမည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသခံများလူမှုစီးပွားတိုးတက်ရေးတို့အတွက်လည်း အကျိုးရှိရှိ စီမံခန့်ခွဲအသုံးချသွားရမည်ဖြစ်ကြောင်း၊ အလွန်အရေးပါသည့် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်ရာတွင် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်ပြောကြားပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား/ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပါသည်။ ထို့နောက်တက်ရောက်လာသူများမှ အခမ်းအနားတွင် ပြသထားသောပိုစတာများ၊ ဓာတ်ပုံများနှင့် ဆုရရှိသည့် စာစီစာကုံးများခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုကာမိုးယွန်းကြီးအင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

PDF Compressor Free Version



## ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေးအတွက် အဆိုပြု Geosites များ ကြည့်ရှုစစ်ဆေးခြင်း





ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးသည် လုပ်ငန်းကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါလျက် (၂၆-၂-၂၀၂၂)ရက်နေ့ နံနက် (၁၀း၃၀) နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေးအတွက် အဆိုပြု Geosites များအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုသို့ စစ်ဆေးစဉ် နိုင်ငံတကာအသိအမှတ်ပြု ထိန်းသိမ်းကာကွယ်ရေးနယ်မြေ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark) တည်ထောင်နိုင်ရေးအတွက် အရေးကြီးသည့် အမျိုးသားအဆင့် ဘူမိဥယျာဉ် (National Geopark) တည်ထောင်သတ်မှတ်ရန် ဦးစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Local Geopark & National Geopark များမရှိသေးဘဲ ပထမဦးဆုံး အမျိုးသားအဆင့် National Geopark အဖြစ် Mount Popa National Geopark ကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ တင်ပြဆွေးနွေးပြီး ပုပ္ပါးတောင်သစ်တောရိုးယာအတွင်း အဆိုပြုနေရာ Geosites (၁၆) နေရာကို ပဏာမရွေးချယ်တင်ပြသည့် နေရာများအနက် သတ်မှတ်ချက်ကိုက်ညီသည့်နေရာများကို ယခုကဲ့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးအတည်ပြုခြင်းဖြစ်ပါကြောင်း၊ ပုပ္ပါးတောင်ဒေသသည် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုနှင့် ဘူမိဗေဒအရ အလွန်အရေးပါသည့် ဒေသတစ်ခုဖြစ်ပါကြောင်း ပြောကြားပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုပ္ပါးတောင်သစ်တောရိုးယာ(Sandagu Forest) စန္ဒကူးတောနှင့် သမင်ခြံ၊ (Medical Plant) ပရဆေးဥယျာဉ်နှင့် ပြတိုက်၊ Lahar (Volcanic Mud Flow) ပုပ္ပါးမီးတောင်ရွှံ့ချော်ရည်၊ (Augite Andesite Stone Forest) ကျောက်တုံးကြီးများဖြင့် ဖွဲ့စည်းထားသော သစ်တော၊ (Fossil Museum) ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနား



သစ်တောဦးစီးဌာနက ထူးထရေးဒင်း ကုမ္ပဏီလီမိတက်သို့ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) တို့အား ၂၀၂၁-၂၀၂၂ခုနှစ်အတွက် ငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပွဲအခမ်းအနားအား သစ်တောဦးစီးဌာနရုံးချုပ်၊ နေပြည်တော် အစည်းအဝေးခန်းမတွင် (၂၁-၂-၂၀၂၂)ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ သစ်တောဦးစီးဌာနမှ ထူးထရေးဒင်းကုမ္ပဏီလီမိတက်သို့ ဥယျာဉ်များနှင့် နက္ခတ်တာရာပြခန်းတို့အား ၂၀၁၁ ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ (၃)နှစ်ငှားရမ်းသက်တမ်းတိုးခဲ့ပြီး တစ်နှစ်တစ်ကြိမ် ငှားရမ်းစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုပွဲတွင် သစ်တောဦးစီးဌာနဖက်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး) ဦးသိန်းတိုးဦးဆောင်သော သစ်တောအရာထမ်းများ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအောင်လင်းဦး ဦးဆောင်သောတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

## နေပြည်တော်၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၁၄-၂-၂၀၂၂) ရက်မှ (၂၀-၂-၂၀၂၂) ရက်နေ့အထိ နေပြည်တော်/ ပြည်နယ်/ တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၆၅.၉၇၆၆)တန်၊ သစ်မာ (၃၁.၉၁၅၀)တန်၊ အခြား(၂၃၃.၈၇၈၆)တန်၊ စုစုပေါင်း (၃၃၁.၇၇၀၂)တန်၊ တရားခံ(၂၇)ဦး၊ ယာဉ်/ယန္တရား (၁၄)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၁၉-၂-၂၀၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ လမူးဘိနယ်၊ ၄က်ပျောတောကျေးရွာအနီး၊ လမူးချောင်းဘေးနှင့် အနီးဝန်းကျင်မှ တရားမဝင် တောင်သရက်/ကညင်/သစ်ပုတ်ခွဲသား (၄၉၉)ချောင်း၊ (၅၃.၃၇၁၀)တန်၊ လက်ကိုင်စက်လွှ(၂)လက်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။





### နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ မှ ဖေဖော်ဝါရီလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁,၆၈၇ | |
| ၂ | သစ်မာ | တန် | ၈၄၄ | |
| ၃ | အခြား | တန် | ၂,၃၈၇ | |
| | **စုစုပေါင်း** | | **၄,၉၁၉** | |

| | | | | |
|---|---|---|---|---|
| ၄ | မီးသွေး | တန် | ၁,၂၉၆ | |

| | | | | |
|---|---|---|---|---|
| ၅ | ကား | စီး | ၂၇၁ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၇ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၁၀ | |
| ၈ | ဆိုင်ကယ်/ ဆိုက်ကားယာဉ် | စီး | ၆၄ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၄၅ | |
| | **စုစုပေါင်း** | | **၃၉၇** | **စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား** |

| | | | | |
|---|---|---|---|---|
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၅၃ | |

PDF Compressor Free Version



# ကျွန်တော်တို့ရဲ့ ရေဆင်း




ဝင်းချစ် (အမျိုးသားစာပေဆုရ)

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ကို မွေးဖွားပေးခဲ့သော မိခင် သစ်တောပညာဌာန၏ နှစ် ၁၀၀ ပြည့်ကိုကြိုဆိုသည့်အနေဖြင့် ယင်းတက္ကသိုလ်နှင့် ရေဆင်းရှိတက္ကသိုလ်နှစ်ခု၊ သုတေသနဌာနနှစ်ခုနှင့် ရေဆင်းဒေသ၏အကြောင်းများကို စုံလင်စွာရေးသားထားသော ဆရာဝင်းချစ်၏ ''ကျွန်တော်တို့ရဲ့ရေဆင်း'' ဆောင်းပါးကိုဖော်ပြလိုက်ပါသည်။**

''**ရေဆင်း**'' – ယခင်က ပျဉ်းမနားမြို့နယ်တွင်ရှိခဲ့သော ရေဆင်း – ယခုပျဉ်းမနားခရိုင်၊ နေပြည်တော်တွင်ရှိသော ရေဆင်း။ ရေဆင်းက ကျွန်တော့်အတွက်၊ ကျွန်တော့်မိသားစုအတွက်၊ ကျွန်တော်၏မိတ်ဆွေ အပေါင်းအသင်းများ၊ ရောင်းရင်းများအတွက်၊ ကျွန်တော်၏ တပည့်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်ထူးခြားသောဒေသ။ ကျွန်တော့်အသက် ထက်ဝက်နီးပါး နေထိုင်ခဲ့သော၊ နေထိုင်လျက်ရှိသောဒေသ၊ ကျွန်တော့် လုပ်သက် လေးပုံသုံးပုံ တာဝန်ထမ်းဆောင်ခဲ့သည့်ဒေသ၊ ထမ်းဆောင်ဆဲဖြစ်သည့်ဒေသ။ ဒါကြောင့် ကျွန်တော့် ရေဆင်း– ကျွန်တော်တို့ရဲ့ ရေဆင်း။

ရေဆင်းဆိုသောအမည်ကို ကျွန်တော်အလုပ်ဝင်စ ၁၉၆၇ ခုနှစ်ကတည်းက စတင်ကျွမ်းဝင်ခဲ့သည်။ ကျွန်တော် တာဝန်ထမ်းဆောင်သည့် ရန်ကုန်၊ အလုံသစ်တောဝင်းရှိ (သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်း) သည် တစ်ချိန်တွင် (သစ်တောသုတေသနဗိမာန်) အဖြစ် ရေဆင်းသို့ ပြောင်းရွှေ့တည်ထောင်မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထိုစဉ်ကပင် ရေဆင်းသို့ ပြောင်းရွှေ့နေထိုင်ရန် စိတ်လှုပ်ရှားမိသည်။ အကြောင်းရှိပါသည်။ ကျွန်တော် အရင်ဘဝများက တောတွင်းသားဖြစ်ခဲ့ဖူးသည် ထင်ပါသည်။ ခရီးသွားလာရင်း တောတောင်များကိုမြင်ရလျှင် အလွန်ကြည်နူးသည်။ ပျော်ရွှင်သည်။ ငယ်စဉ်က သစ်ပင်ကြီးများပေါ်သို့ ပြေးတက်ချင်စိတ်၊ ချောင်းများမြောင်းများတွင် ရေဆင်းကူးချင်စိတ်ပေါက်သည်။ ကြီးလာတော့ သစ်ပင်ရင်းမှာ အေးအေးဆေးဆေး စာရေးစာဖတ်လိုသည့် ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်။

ကျွန်တော်၏ဆန္ဒများ ၁၉၇၈ ခုနှစ်တွင် ပြည့်ဝခဲ့သည်။ သစ်တောသုတေသနဗိမာန် (Forest Research Institutc) တည်ထောင်ရန် ၁၉၇၄ ခုနှစ်တွင် UNDP - FAO နှင့် မြန်မာနိုင်ငံတော် အစိုးရတို့ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး၊ စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၇၈ခုနှစ်၊ ဧပြီလတွင် ကျွန်တော် အပါအဝင် သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၄၀ ခန့်သည် ရေဆင်းသို့ စတင်ပြောင်းရွှေ့ခဲ့ကြသည်။ ညွှန်ကြားရေးမှူး ဦးစိန်မောင်ဝင့် (အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်) ဦးဆောင်၍ ၊ ဒု– ညွှန်ကြားရေးမှူး ဦးစိန်ဝင်း (ကွယ်လွန်)၊ ဒေါက်တာဉာဏ်ထွန်း (သစ်တောပညာရှင်အဖွဲ့ခေါင်းဆောင်)၊ ဦးစစ်ဗိုလ် (ညွှန်ကြားရေးမှူး– ငြိမ်း)၊ ဦးအောင်ဇေယျ (ဒု– ညွှန်ကြားရေးမှူး– ငြိမ်း)၊ ဒေါ်ရင်ရင်ကြည် (FRI တွင် ဒုတိယ ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေဆဲ)၊ ဦးစိန်အောင် (FRI ရုံးအုပ်ကြီး– ငြိမ်း)၊ စသည့်ဝန်ထမ်းများ လိုက်ပါခဲ့ကြသည်။ ၁၉၇၈ ခုနှစ် နှောင်းပိုင်းမှစ၍ ဦးစောရန်အောင်စီဒူး (ကွယ်လွန်) (ပါမောက္ခချုပ်– ငြိမ်း)၊ ဦးစိုးတင့် (ညွှန်ကြားရေးမှူးချုပ်– ငြိမ်း)၊ ဦးမင်းကိုကိုကြီး (ညွှန်ကြားရေးမှူး– ငြိမ်း)၊ ဦးစိန်သက် (ညွှန်ကြားရေးမှူး– ငြိမ်း)၊ ဦးစောဝင်း (ဒု– ညွှန်ကြားရေးမှူး– ငြိမ်း)၊ ဦးမောင်မောင်ထွေး (ညွှန်ကြားရေးမှူး– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန)၊ ဦးစိုးမြင့်သိမ်း (ကွယ်လွန်)၊ ဦးသိန်းကြွယ် (ဒေါက်တာ သိန်းကြွယ်၊ ညွှန်ကြားရေးမှူး– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန) စသူများဖြင့် အားဖြည့်ခဲ့သည်။ အလျဉ်းသင့်တုန်း FRI မှာ တာဝန်ထမ်းဆောင်သွားကြတဲ့ ညွှန်ကြားရေးမှူးတွေကို ဖော်ပြချင်ပါသည်။ ၎င်းတို့မှာ ဦးစိန်မောင်ဝင့် (၁၉၇၈ မှ ၁၉၈၂)၊ ဦးစိန်ဝင်း (၁၉၈၂ မှ ၁၉၈၃)၊ ဦးရဲလှိုင်စွမ်း (၁၉၈၃ မှ ၁၉၈၈)၊ ဦးသန်းမြင့် (၁၉၈၉ မှ ၁၉၉၂)။ ၁၉၈၈ နှစ်ဦးပိုင်းက ဦးရဲလှိုင်စွမ်းပြောင်းသွားပြီး ဦးသန်းမြင့် မရောက်မီကာလတွင် ဦးစောရန်အောင်စီဒူးက ညွှန်ကြားရေးမှူးတာဝန်ကို တွဲဖက်ထမ်းဆောင်ခဲ့သည်)၊ ဦးစောရန်အောင်စီဒူး (၁၉၉၂ မှ

PDF Compressor Free Version



၁၉၉၃)၊ဦးရွှေကျော် (၁၉၉၃ မှ ၁၉၉၇)၊ ဦးဝင်းကြည်-၂ (၁၉၉၇ မှ ၂၀၀၂)၊ ဦးထွန်းပေါ်ဦး (၂၀၀၂ မှ ၂၀၀၆)နဲ့ ဦးအုန်းဝင်း (၂၀၀၆ မှ ယနေ့ထိ) တို့တွေပါ။ ရေဆင်းသို့ ကျွန်တော်နှင့် ကျွန်တော့်မိသားစု ရောက်ရှိချိန်တွင် စိုက်ပျိုးရေးတက္ကသိုလ် (ယခု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)နှင့် စိုက်ပျိုးရေးသုတေသနဗိမာန် "Agriculture Research Institute - ARI" (ယခု စိုက်ပျိုးရေးသုတေသနဦးစီးဌာန- "Department of Agriculture Research -DAR") ဌာန (၂)ခုသာရှိသေးသည်။ အထက်တန်းကျောင်းမရှိသေး။ တွဲဖက်အလယ်တန်းကျောင်းသာရှိသည်၊ ကျွန်တော်တို့ သောက်သုံးရေအတွက် ရေဆင်းဆည်ကို အားထားကြရသည်။

ရေဆင်းဆည်ကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၃ ခုနှစ်၊မတ်လတွင် ရေစမ်းသပ်ပေးဝေခဲ့ကြောင်း၊ ရေပြည့်ရေပြင်ကျယ် ဧရိယာ ၂၅၅၀ ဧကရှိပြီး၊ ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၆၀,၀၀၀ ရှိကြောင်း မှတ်သားရသည်။

ဆည်မဆောက်မီက ၎င်းနေရာတွင် ရေဆင်းချောင်းရှိသည်။ ချောင်းဖျားနှင့် ချောင်းအေားတွင် ရွာများရှိသည်။ ငှက်ဖျားထူသောဒေသဖြစ်သဖြင့် "သေချင်ရင် စိန်မစားနှင့် ရေဆင်းကိုသွား" ဟု ထိုအချိန်က ပြောစမှတ်ပြုကြသည်။ထို့ပြင် တစ်ချိန်က ဗကပများ၏ စက်ကွင်းမလွတ်သည့် ဒေသဖြစ်သောကြောင့် ယခုတိုင်တွေ့မြင်ရသော အချို့ညောင်ပင်ကြီးများသည် ဗကပများ ဖြတ်ထုတ်သတ်လုပ်ခဲ့သည့်၊ လူသတ်ခဲ့သည့် ညောင်ပင်ကြီးများဖြစ်ကြောင်း ဒေသခံများကပြောပြသည်။

ရေဆင်းဆည်သည် နိုင်ငံခြားသားပ ရဂူများမပါဘဲ မြန်မာအင်ဂျင်နီယာများချည်း တည်ဆောက်ခဲ့သော ဒုတိယဆည်ကြီးဖြစ်သည်။ (ပထမဦးဆုံးဆည်မှာ သစ်ဆုံဆည်ဖြစ်ကြောင်း သိရှိရသည်။) လယ်ဧကပေါင်း ၃၀, ၀၀၀ ရေပေးဝေနိုင်သည်။ နွေစပါးခေတ်ရောက်သည့်အခါတွင်လည်း တစ်နှစ်လျှင် ရေနှစ်ကြိမ်ပေးဝေနိုင်သည်။ ကျွန်တော်နေထိုင်ခဲ့သည့် ကာလတစ်လျှောက် အလွန်မိုးခေါင်ခဲ့သော ၁၉၇၉ ခုနှစ် တစ်နှစ်တည်းသာ ရေအလွန်နည်းသွားခဲ့ဖူးသည်။ ဆည်ရေမှာ ဟိုအောက်အလယ်ခေါင်ခွက်ခွက်ကလေးတွင်သာ ကျန်တော့သည်၊ ရွာဟောင်းများမှ အုန်းပင်များ၊ အုတ်ဂူများကို တွေ့ရသည်၊ ထိုနှစ်က



မိုးခေါင်သည်မှာ ပြောစမှတ်တွင်ခဲ့သည်။ ပျဉ်းမနားမှ နာမည်ကြီးရှမ်းကန်ပါရေခမ်းသွားခဲ့သည်။ နောင် (၂) နှစ်ခန့်ကြာမှ ထိုစဉ်က လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးဦးရဲခေါင်၏လမ်းညွှန်မှုဖြင့် လေိုက်ချောင်းမှ ရေကိုစုပ်တင်ပြီးထည့်ပေးသည့်အခါမှသာ ပြန်၍ရေအလျှံမိခဲ့သည်။

ရေဆင်းဒေသသို့ ဖွဲ့ဆော်ဦး စတင်ပြောင်းရွှေ့ခဲ့သည့်ဌာနသည် စိုက်ပျိုးရေးသုတေသနဗိမာန်ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနဗိမာန်ကို ၁၉၅၄ ခုနှစ်တွင် အင်းစိန်၊ ကြို့ကုန်း၌ စတင်တည်ထောင်ခဲ့ကြောင်း ကြို့ကုန်းတွင် စပါးတစ်မျိုးတည်းသာ သုတေသနပြုနိုင်သဖြင့် အခြားသီးနှံများကိုပါ သုတေသနပြုနိုင်ရန်အတွက် အထက် မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံတို့ ဆက်စပ်ရာဝန်းကျင်၌ရှိသော ရေဆင်းဒေသကို ရွေးချယ်ခဲ့ကြောင်း၊ ပထမဦးစွာ ၁၉၇၁ ခုနှစ်တွင် စိုက်ပျိုးရေးဌာနခွဲကို စတင်ပြောင်းရွှေ့ခဲ့ကြောင်း၊ ပထမဦးစွာ ၁၉၇၃ ခုနှစ်တွင် ဆန်စပါးဌာနစိတ်ကိုလည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် မြေဆီလွှာနှင့် ဓာတုဗေဒဌာနစိတ်ကိုလည်းကောင်း အသီးသီးပြောင်းရွှေ့ခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ်က စိုက်ပျိုးရေး သုတေသနဗိမာန်၏ အကြီးအကဲမှာ ဒေါက်တာ ကောင်းဖံဖြစ်ကြောင်း မှတ်သားရသည်။ ARI တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ညွှန်ကြားရေးမှူးများမှာ – ဦးအောင်ခင် (၁၉၇၇ မှ ၁၉၈၅)၊ ဒေါက်တာ ထွန်းဆိုင်(၁၉၈၅ မှ ၁၉၉၃)၊ ဦးခင်မောင်တင် (၁၉၉၃ မှ ၁၉၉၄)၊ ဒေါက်တာ လှသန်း (၁၉၉၄ မှ ၁၉၉၅)၊ ဒေါက်တာ တိုးအောင် (၁၉၉၅ မှ ၂၀၀၂)၊ ဒေါက်တာ တင်စိုး (၂၀၀၂ မှ ၂၀၀၄) တို့ ဖြစ်ကြသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (Department of Agriculture Research-DAR) အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ DAR ၏ ပထမဦးဆုံး ညွှန်ကြားရေးမှူးချုပ်မှာ ဒေါက်တာ တင်စိုး (ကွယ်လွန်) ဖြစ်သည်။ လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ညွှန်ကြားရေးမှူးချုပ်မှာ ဒေါက်တာ တိုးအောင်ဖြစ်သည်။ (စိုက်ပျိုးရေးသုတေသနဗိမာန် ရေဆင်းသို့ ရောက်ရှိပြီးနောက် ၁၉၇၈ ခုနှစ်တွင် Forest Research Institute ကို ရေဆင်းတွင် စတင်တည်ထောင်သည့်အခါ "သစ်တောသုတေသနဗိမာန်" ဟုခေါ်ဝေါ်ခဲ့သည်။ နောင်တွင် ဝန်ကြီးတစ်ပါးက ဗိမာန်ဆိုသည်မှာ နတ်သိကြားများနေထိုင်ရာအဆောက်အအုံကိုသာ ခေါ်ဝေါ်ကြောင်း မိန့်မှတ်ချက်ပြုခဲ့သဖြင့် စိုက်ပျိုးရေးသုတေသနဌာန၊ သစ်တောသုတေသနဌာနဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ –စကားချပ်)

ရေဆင်းသို့ ပထမဦးဆုံး ပြောင်းရွှေ့လာသည့် တက္ကသိုလ်မှာ စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်သည်။ မန္တလေးမြို့မှ ၁၉၇၃ ခုနှစ်၊ မတ်လတွင် စတင်ပြောင်းရွှေ့ခဲ့ကြောင်း ထိုစဉ်က ပါမောက္ခချုပ်မှာ ဦးသန်းထွန်းဖြစ်ပြီး ရွှေ့ပြေး

PDF Compressor Free Version



အဖွဲ့တွင် စိုက်ပျိုးရေး ဓာတုဗေဒဌာနမှ ဦးစိန်လင်း (လက်ထောက်ကထိက)၊ ကိမိလဗေဒဌာနမှဒေါ်ညိုညိုမြိုင် (လ/ထ ကထိက)၊ ဦးမြိုင် (သရုပ်ပြ)၊ ဦးဘရှဝါး (သရုပ်ပြ)၊ လယ်ယာသီးနှံဌာနမှ ဦးဂျိုးဇက်အုန်းညွန့် (လ/ကတိက)၊ ဦးကျော်သန်း (သရုပ်ပြ)၊ဦးသိန်းဆု (သရုပ်ပြ)၊ ဦးတင်ညွန့် (သရုပ်ပြ) စသူများ လိုက်ပါခဲ့ကြကြောင်း၊ပါမောက္ခများက တစ်လစီလာရောက် တာဝန်ယူပေးရကြောင်း၊ ထိုစဉ်က ပါမောက္ခများမှာ ဦးကိုကိုကြီး (စိုက်ပျိုးရေးရက္ခဗေဒ)၊ ဒေါက်တာကျော်ဇင် (စိုက်ပျိုးရေးဓာတုဗေဒ)၊ ဒေါက်တာဆလိုင်းထွန်းသန်း (စိုက်ပျိုးရေးရက္ခဗေဒ)၊ ဦးအောင်သွင် (ကိမိလဗေဒ)နှင့် ဒေါက်တာမြသောင်း (ဌာနမှူး– အပင်ရောဂါဗေဒ) တို့ဖြစ်ကြကြောင်း သိရှိရသည်၊ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအသုတ် ပြောင်းရွှေ့လာရာ ဦးတင်နိုင် (ကထိက)၊ ဦးဖေနောင်သာ (သရုပ်ပြ)၊ ဦးဟန်ညွန့် (သရုပ်ပြ)၊ ဦးညွန့်ရွှေ (သရုပ်ပြ)၊ ဒေါ်ခင်သန်းရီ (သရုပ်ပြ)၊ စသူတို့ လိုက်ပါခဲ့ကြသည်။ ယခု ပါမောက္ခချုပ် တာဝန်ထမ်းဆောင်နေသည့် ဒေါက်တာမြင့်သောင်းသည် ထိုစဉ်က နောက်ဆုံးနှစ် (ပဥ္စမနှစ်) ကျောင်းသားဖြစ်ကြောင်း၊ ၎င်း၏ classmate များမှာ ဒေါ်ခင်ဆွေဦး (ကထိက ၊ YAU)၊ ဒေါက်တာညိုညို (ပါမောက္ခ၊ YAU) ဦးလှတင် (ညွန်ကြားရေးမှူး– DAR)၊ ဒေါ်တင်တင်အုန်း (လ/ထ ညွန်ကြားရေးမှူး– ငြိမ်း– FRI) စသူများဖြစ်ကြကြောင်း၊ ဒေါက်တာအောင်ကြည် (ဒုတိယပါမောက္ခချုပ်)၊ ဦးမောင်မောင်မြင့် (ကထိက)၊ ဒေါက်တာမာမာကြူ (တွဲဖက်ပါမောက္ခ) နှင့် ဒေါက်တာသိန်းလွင် (ကထိက) တို့သည် စတုတ္ထနှစ်ကျောင်းသားများ ဖြစ်ကြကြောင်း၊ အတန်းငယ်များမှစ၍ တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့ခဲ့ရာ ၁၉၇၅ ခုနှစ်တွင် နောက်ဆုံးနှစ်အတန်းကို နောက်ဆုံးအသုတ်အဖြစ် ပြောင်းရွှေ့ခဲ့ကြောင်း မှတ်သားရသည်။

စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture) သည် ၁၉၉၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနအောက်မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (Yezin Agricultural University - YAU) အမည်ပြောင်းခဲ့သည်။ ရေဆင်းသို့ ပြောင်းရွှေ့စဉ်က စိုက်တက္ကသိုလ်ရှိ ဆရာ/မ များမှာ ဒေါက်တာနွဲ့နွဲ့ထွန်း (ကထိက– ငြိမ်း)၊ ဒေါက်တာအောင်သန်း (ဒုတိယပါမောက္ခချုပ်– ငြိမ်း)၊ ဒေါက်တာကျော်သန်း (ပါမောက္ခချုပ်– ငြိမ်း)။ ဦးဟန်ညွန့် (ပါမောက္ခ–ငြိမ်း)၊ ဦးမြသောင်း (ပါမောက္ခချုပ်– ငြိမ်း)၊ ဒေါက်တာချိုချိုမြင့် (ဒုတိယပါမောက္ခချုပ်– ငြိမ်း၊ အကြံပေးပုဂ္ဂိုလ်)၊ ဦးသိန်းဆု (တွဲဖက်ပါမောက္ခ– ငြိမ်း)၊ ဦးလှထွန်း (ဒုတိယ ပါမောက္ခချုပ်– ငြိမ်း)၊ ဒေါက်တာရီရီမြင့် (ပါမောက္ခ– ငြိမ်း)၊ ဒေါက်တာစိန်လှမိုလ် (ညွှန်ကြားရေးမှူး – ငြိမ်း)၊ ဦးလှအောင် (ပါမောက္ခ – ငြိမ်း)၊ ဒေါ်မြမြ (တွဲဖက်ပါမောက္ခ)၊ ဒေါ်မြရွှေ (ကထိက) စသည်တို့ ဖြစ်ကြသည်။ ရေဆင်းရှိ စိုက်တက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများမှာ– ဦးသန်းထွန်း (၁၉၆၄ မှ ၁၉၈၀)၊ ဒေါက်တာကျော်ဇင် (၁၉၈၀ မှ ၁၉၈၃)၊ ဒေါက်တာ ဆလိုင်းထွန်းသိန်း (၁၉၈၃ မှ ၁၉၈၄)၊ ဦးမြညွန့် (၁၉၈၅ မှ ၁၉၉၁)၊ ဦးတင်နိုင်(၁၉၉၂ မှ ၁၉၉၄)၊ ဒေါက်တာ ကျော်သန်း (၁၉၉၅ မှ ၂၀၀၆) တို့ဖြစ်ကြသည်။ ဒေါက်တာမြင့်သောင်းသည် ၂၀၀၆ ခုနှစ်မှ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် (ယခုမွေးမြူရေးဆိုင်ရာ တက္ကသိုလ်) သည် ရန်ကုန်၊ အင်းစိန်မှ ၁၉၈၁ ခုနှစ်၊ မေလတွင် ရေဆင်းသို့နောက်ဆုံးနှစ် အပိုင်း(ခ)သင်တန်းမှ စတင်ပြောင်းရွှေ့ခဲ့သည်။ ထိုစဉ်က ပါမောက္ခချုပ်မှာ ဦးမြညွန့်ဖြစ်သည်။ (ဆရာကြီးဦးမြညွန့်သည် ယင်းတက္ကသိုလ်တွင် ၁၉၆၅ခုနှစ်မှ ၁၉၉၁ ခုနှစ်ထိ ပါမောက္ခချုပ်အဖြစ် ၂၆ နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် မြန်မာပြည်ရှိ ပါမောက္ခချုပ်များအနက် သက်တမ်းအကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်မည်ထင်ပါသည်။) ၎င်းပြင် စိုက်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၉၁ ခုနှစ်ထိ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် ထူးထူးခြားခြား တက္ကသိုလ်ကြီးနှစ်ခုကို တစ်ပြိုင်တည်း တာဝန်ယူအုပ်ချုပ်ခဲ့သူဖြစ်ပါသည်။ ဆရာကြီးနှင့်အတူ ရှေးဦးပထမ ရေဆင်းသို့ရောက်ရှိခဲ့ကြသည့်ဆရာများမှာ– ဦးစောဝါလား (ဌာနမှူး၊ ခွဲစိတ်ရေးနှင့် မျိုးပွားပညာဌာန– ငြိမ်း)၊ဦးသောင်းရွှေ (ဌာနမှူး၊ ဆေးပညာဌာန– ငြိမ်း)၊ ဦးသန်းဌေး (ဌာနမှူး၊ မွေးမြူရေးပညာဌာန– ကွယ်လွန်)၊ ဦးစိုင်းလုံဆိုင်တစ် (မွေးမြူရေး– ပြောင်းရွှေ့)၊ ဦးကျော်မြင့်မောင် (ဆေးပညာ–ပြောင်းရွှေ့)၊ ဦးလှဝေ (ဆေးပညာ၊ နုတ်ထွက်)၊ဦးစောမာနို (ခွဲစိတ်မျိုးပွား– နုတ်ထွက်)၊ ဦးသန်းဝင်း (ခွဲစိတ်မျိုးပွား–နုတ်ထွက်)၊ဦးကြည်လင်း (မွေးမြူရေး– ပြောင်းရွှေ့)နှင့် ဦးဦးမောင် (နိုင်ငံရေးသိပ္ပံ– ပြောင်းရွှေ့) တို့ဖြစ်ကြကြောင်း။ ၁၉၈၂ ခုနှစ်၊ မေလတွင် ဒုတိယအသုတ်အဖြစ် ဦးတင်ထွေး(ဌာနမှူး၊ အဏုဇီဝဗေဒဌာန– ကွယ်လွန်)၊ ဦးသန်းထွန်း (ကပ်ပါးဗေဒဌာနငြိမ်း)၊ ဦးမြင့်သိန်း (သရုပ်ပြ–ခွဲစိတ်မျိုးပွား)၊ ဒေါ်နွဲ့နွဲ့ထင် (သရုပ်ပြ၊ မွေးမြူရေး)နှင့်



PDF Compressor Free Version





ဦးမင်းဆွေ (ဆေးပညာ- နုတ်ထွက်) တို့ ပြောင်းရွှေ့လာကြကြောင်း ၁၉၈၄ ခုနှစ်တွင် အပြီးသတ်ပြောင်းရွှေ့ခဲ့ကြောင်း သိရှိရသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအနက် ဦးမြင့်သိန်းနှင့် ဒေါ်နွဲ့နွဲ့ထင်တို့နှစ်ဦးသာ မွေးဆေးတက္ကသိုလ်တွင် ကျန်ပါတော့သည်။ ဦးမြင့်သိန်းနှင့် ဒေါ်နွဲ့နွဲ့ထင်တို့သည် မလေးရှားနိုင်ငံ UPM တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့ကြပြီး ဒေါက်တာမြင့်သိန်းသည် ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ဒေါက်တာနွဲ့နွဲ့ထင်သည် မွေးမြူရေးပညာဌာန၊ ပါမောက္ခအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

ရေဆင်းရှိ မွေးဆေးတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများမှာ - ဦးမြညွန့် (၁၉၆၅ မှ ၁၉၉၁)၊ ဒေါက်တာမောင်မောင်စ (၁၉၉၁ မှ ၁၉၉၃)၊ ဒေါက်တာမျိုးသန့် (၁၉၉၃ မှ ၁၉၉၆)၊ ဒေါက်တာစောပလယ်စော (၁၉၉၆ မှ ၁၉၉၇)၊ ဒေါက်တာမင်းစိုး (၁၉၉၇ မှ ၂၀၀၁)၊ ဒေါက်တာထွန်းစိန် (၂၀၀၁ မှ ၂၀၀၄)၊ ဒေါက်တာမောင်မောင်စံ (၂၀၀၄)နှင့် ဒေါက်တာ အောင်သန်း (၂၀၀၄ မှ ၂၀၀၅) တို့ဖြစ်ကြပြီး ဒေါက်တာမြင့်သိန်းသည် ၂၀၀၅ ခုနှစ်မှ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။ (ဒေါက်တာ မျိုးသန့်သည် ဌာနမှူးစီမံရာထူးဖြင့်လည်းကောင်း၊ ဒေါက်တာစောပလယ်စောသည် ဒုတိယပါမောက္ခချုပ်ရာထူးဖြင့်လည်းကောင်း၊ ပါမောက္ခချုပ်တာဝန်ကို ပေးအပ်ခံရခြင်းဖြစ်ပါသည်။

ထို့အပြင် ဒေါက်တာမောင်မောင်စံ (ဒုတိယပါမောက္ခချုပ်- ငြိမ်း) သည်လည်း ဒေါက်တာအောင်သန်းမတိုင်မီ ၈ လခန့် ပါမောက္ခချုပ်တာဝန်ပေးအပ်ခြင်းခံရပါသည်။

ဆက်လက်ဖော်ပြပါမည် ➔

**မွေးမြူရေးဆိုင်ရာတက္ကသိုလ်၊**
**ရွှေရတုသဘင်အထိမ်းအမှတ်မဂ္ဂဇင်း၊ ၂၀၀၇၊ နိုဝင်ဘာ။**

**'ရွှေထီးမဆောင်းခဲ့ရတဲ့ကျွန်တော်'**
**ဝင်းချစ်(အမျိုးသားစာပေဆုရ)၊**
**ဒုတိယအကြိမ်၊ ၂၀၂၀ ၊ မတ် မှ စာရေးသူ၏**
**ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။**

## စီမံကိန်းဆိုင်ရာအချက်အလက်များ

**လေ့ကျင့်/သုတေ**

**စီမံကိန်းအမည်** -အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတည်ထောင်ခြင်း စီမံကိန်း -The Establishment of ASEAN-ROK Forest Co-operation Regional Education and Training Centre (AFoCo RETC)

**ရည်ရွယ်ချက်**

- အာရှဒေသတွင်းအဆင့် သင်တန်းကျောင်းတည်ထောင်ပြီး အစိုးရသစ်တောအရာထမ်းများနှင့် ကျွမ်းကျင်သူများကို စွမ်းဆောင်ရည်မြှင့်တင်ရန်
- အာရှဒေသအတွင်း SFM ဆိုင်ရာနည်းပညာနှင့် သတင်းအချက်များ ဖလှယ်သည့် ကွန်ရက်တစ်ခုဖြစ်လာစေရန်
- ရာသီဥတုပြောင်းလဲမှုလျှော့ချရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်
- ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်

AFoCO RETC ၏ ၂၀၂၁ ခုနှစ်၊ သင်တန်းအစီအစဉ်အရ ဒေသခံပြည်သူအခြေပြု သစ်တောမီးနှင့်ရေစီမံအုပ်မှုချုပ်ဆိုင်ရာသင်တန်း (Community-based Fire and Water Management) ကို Online စနစ်ဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်မှ ၉ ရက်နေ့အထိ (၃)ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဦးစီးအရာရှိ/ တောအုပ်ကြီး (၁၇)ဦးနှင့် ထိုင်းနိုင်ငံ၊ Kasetsart University မှ သင်တန်းသား (၃)ဦး စုစုပေါင်း (၂၀)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၁) အာဆီယံဒေသတွင်း နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော ဒေသခံအခြေပြု သစ်တောမီး စီမံထိန်းချုပ်ခြင်း နည်းလမ်းများအား သိရှိနားလည်ပြီး ပြန်လည်အသုံးချနိုင်စေရန် ၂) သစ်တောမီးဆိုင်ရာသတင်းအချက်အလက်စနစ်နှင့် စောင့်ကြည့်ထိန်းချုပ်ခြင်း စနစ်များအား နားလည်သိရှိစေရန်နှင့် ၃) သစ်တောမီးစီမံထိန်းချုပ်ခြင်းလုပ်ငန်းများတွင် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုတို့မှာ အရေးပါသည့်ကဏ္ဍတွင်ရှိနေကြောင်း သိရှိနားလည်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ကာ ထိုင်းနိုင်ငံ၊ Kasetsart University မှ Dr. Kobsak Wanthongchai, Associate Professor, Dean of Faculty of Forestry နှင့် Dr. Veerachai Tanpipat, Senior Expert, Faculty of Forestry တို့က ဦးဆောင်ဆွေးနွေး ပို့ချခဲ့ပါသည်။

PDF Compressor Free Version



# မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ် လွင်ထင်ရှား ထူးခြားမှုများ (၄)



သစ်တောရေးရာဂျာနယ် ၂၀၁၀ ခုနှစ်၊ ဖွန်လ တွင်ဖော်ပြပါရှိခဲ့သည့် ဦးဘကောင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ဆောင်းပါးအား သစ်တောပညာရပ်ပြည့်အကြိုအဖြစ် ပြန်လည်ဖော်ပြအပ်ပါသည်။

## ၁၉၃၁–၁၉၃၆ ကာလ (Peroid 1931 to 1936)

ဤကာလမှာ မြန်မာပြည်သစ်တောဌာနအတွက် စိတ်မချမ်းမြေ့ဖွယ်ရာ ကာလတစ်ခုဖြစ်ပါသည်။ ၁၉၃၀ ပြည့်နှစ် ခရစ္စမတ်မတိုင်မီကာလတွင် မြန်မာတို့၏ပုန်ကန်မှု ပေါ်ပေါက်ခဲ့ပြီး မစ္စတာ ဖီးကလစ် (Mr.H.V.W.Fields Clarke) နှင့် အမှုထမ်း (၈)ဦး အသတ်ခံရကာ သစ်တော လုပ်ငန်းများမှာလည်း (၂)နှစ်၊ (၃)နှစ်ခန့်ဖရိုဖရဲဖြစ်ခဲ့ရပါသည်။ မြန်မာပြည်သစ်တောဌာနအနေဖြင့် ပုန်ကန်သူတို့အားနှိမ်နင်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သဖြင့် O.B.E ဘွဲ့တံဆိပ် (၄)ခု၊ M.B.E ဘွဲ့တံဆိပ် (၂)ခု ချီးမြှင့်ခံခဲ့ရသည့်အပြင် အခြားဝန်ထမ်းများ အများအပြားမှာလည်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းများ ခံယူခဲ့ရပါသည်။

ပုန်ကန်မှုပေါ်ပေါက်ပြီးနောက် ၁၉၃၀ ပြည့်လွန် အစောပိုင်းကာလများ၏ ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ဌာနအနေဖြင့် အခက်အခဲများစွာရင်ဆိုင်ခဲ့ရပြီး လူအင်အားနှင့် ရန်ပုံငွေလျော့နည်းခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ သစ်တောတိုင်း (၃)ခု၊ ခရိုင် (၈)ခုနှင့် စီမံကိန်းရေးဆွဲရေး အဖွဲ့ဝင် (၄)ဦးကို လျှော့ချခဲ့ပြီး တောရိုင်းတိရစ္ဆာန်များကာကွယ် စောင့်ရှောက်ရေးမှူးရာထူး၊ ရုက္ခဗေဒဝန်ရာထူး၊ သစ်တောအင်ဂျင်နီယာရာထူးအားလုံးနှင့် အခြားအဆင့်ဆင့်သောရာထူးအများအပြားရုပ်စဲခဲ့ရပါသည်။ စုစုပေါင်း ဝန်ထမ်းအင်အားကို ပထမကမ္ဘာစစ်မဖြစ်မီကာလ (၁၉၁၃–၁၄)က ရှိခဲ့သည့် အင်အားနီးပါးထိလျှော့ချခဲ့ရပါသည်။ ထို့အပြင် ယာယီအားဖြင့် လစာငွေ ၁၀% ဖြတ်တောက်ခြင်း(နောက်ပိုင်း ၅% သာဖြတ်)ကိုလည်း ဆောင်ရွက်ခဲ့ရပါသည်။

၁၉၃၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဘွဲ့ပို့ချမှုနှင့် ပျဉ်းမနားသစ်တောကျောင်းတွင် အင်္ဂလိပ်ဘာသာဖြင့်ပို့ချသည့် သင်တန်းတို့ကို ပိတ်ထားလိုက်ပါသည်။ အထူးသစ်တောမြေတိုင်းအဖွဲ့ကိုလည်း ၁၉၃၁–၃၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့ရပါသည်။ ၁၉၃၇ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံမှ ခွဲထုတ်လိုက်ပြီး သီးခြားအစိုးရအဖွဲ့မှ တာဝန်ယူအုပ်ချုပ်ခဲ့ရပါသည်။ သို့ဖြစ်၍ အမှုထမ်းဆဲ အိန္ဒိယသစ်တောဝန်ထမ်းအရာရှိများအား မြန်မာ့သစ်တောဝန်ထမ်းအရာရှိ ပထမတန်းများအဖြစ် အသွင်ပြောင်း ထမ်းဆောင်စေခဲ့ပါသည်။

### (က) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Working Plans)

တောတွင်းလုပ်ငန်းများအား ၁၉၃၁–၃၂ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့ပါသည်။ ၁၉၂၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော ရင်စို့လုံးပတ် ၄ပေ ၆လက်မ အထက်ချန်ပင်များအား ကျွန်းသင်းသတ်စဉ် ကြိုးဝိုင်းအကွက်အလိုက် မှတ်တမ်းတင်သည့်စနစ်များ အနာဂတ်တောထွက် တွက်ချက်ရန်နှင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား အနာဂတ်အတွက်ပြင်ဆင်ရေးဆွဲနိုင်ရန် အသုံးဝင်သော အချက်အလက်များ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင် စုစုပေါင်းကြိုးဝိုင်းသစ်တော၏ ၈၃.၅ (၂၉၀၅၄ စတုရန်းမိုင်)အား အတည်ပြုပြီး အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများဖြင့် အုပ်ချုပ်လုပ်ကိုင်နိုင်ခဲ့ပါသည်။

### (ခ) သစ်တောပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း (Silvi-culture)

ဤကာလအတွင်း ၁၉၃၂–၃၃ ခုနှစ်၊ စီးပွားပျက်ကပ်ဒဏ်အခံရဆုံးအချိန်၌ စိုက်ခင်းများ တည်ထောင်ခြင်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် သင့်/ မသင့် ဆွေးနွေးငြင်းခုန်ခဲ့ကြရပါသည်။ သစ်တောမင်းကြီးချုပ်မှ ကျွန်းစိုက်ခင်းတည်ထောင်ခြင်းအား လုံးဝရပ်စဲထားရန် အဆိုပြုခဲ့ပါသည်။ သစ်တောသတ္တဗေဒဝန်နှင့် သစ်တောဘောဂဗေဒဝန်တို့၏ ပူးတွဲလေ့လာချက်အရ ကျွန်းစိုက်ခင်းများအတွင်း ပင်စည်ထိုးပိုး(beehole borer) ဒဏ်ခံရနိုင်မှုအခြေအနေမှာ သဘာဝတောများထက် ၃ဆ ပိုမိုများပြားကြောင်းတွေ့ရှိခဲ့ရပါသည်။

PDF Compressor Free Version




သစ်တောမင်းကြီးချုပ်မှ ကျွန်းသစ်ဖောက်ပိုးဒဏ်ကြောင့် ကျွန်းစိုက်ခင်းမှရရှိသော ကျွန်းသစ်အရည်အသွေးနိမ့်ကျနိုင်မှုနှင့် ကမ္ဘာ့တစ်ဝှမ်း သစ်အစားထိုးပစ္စည်းများ ပိုမိုသုံးစွဲလာမှုများအပေါ်အခြေပြု၍ ကျွန်းစိုက်ခင်းရပ်စဲရန် အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။ သစ်တောမင်းကြီးအများစုက မင်းကြီးချုပ်၏ အဆိုပြုချက်ကို သဘောတူညီခြင်းမရှိခဲ့ပါ။ ၎င်းတို့မှ ကျွန်းသစ်ဖောက်ပိုးအန္တရာယ်များစွာရှိသည့် ဒေသများ၌ ကျွန်းစိုက်ခင်းတည်ထောင်မှုရပ်စဲရန် သဘောတူညီကြသော်လည်း သွားလာရန်လွယ်ကူသောဒေသများ၌ ကျွန်းစိုက်ခင်းများ စိုက်ပျိုးပေးခြင်းဖြင့် ဒေသခံလူထုအတွက်လိုအပ်ချက်များပံ့ပိုးပေးနိုင်ကြောင်း ထောက်ပြခဲ့ကြပါသည်။ ၎င်းတို့မှ ကျွန်းစိုက်ခင်းများအား သင့်လျော်သည့်နေရာများတွင် တည်ထောင်စိုက်ပျိုးရန် ဘဏ္ဍာငွေခွင့်ပြုသင့်ကြောင်းတင်ပြခဲ့ကြပါသည်။ သို့ရာတွင် သစ်တောမင်းကြီးချုပ်မှလက်မခံဘဲ အစိုးရထံ ကျွန်းစိုက်ခင်း တည်ထောင်စိုက်ပျိုးမှုလုံးဝရပ်စဲသင့်ကြောင်း အကြံပြုတင်ပြခဲ့ပါသည်။ စီးပွားပျက်ကပ်အဆိုးဆုံးအခြေအနေဖြစ်၍ အစိုးရအနေဖြင့် ဘဏ္ဍာငွေအသုံးစရိတ် လျှော့ချနိုင်မည့် အစီအစဉ်ကိုသာ အားပေးလက်ခံလိုစိတ်ရှိခဲ့ပါသည်။ အစိုးရမှ မင်းကြီးချုပ်၏ အကြံပြုချက်ကို တစ်စိတ်တစ်ပိုင်းလက်ခံ၍ ၁၉၃၄-၃၅ ခုနှစ်၊ အစိုးရမူဝါဒတွင် ဖော်ပြခဲ့ပြီး တစ်ချိန်တည်းမှာပင် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းအားပိုမိုအလေးထားဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ တဆက်တည်းမှာပင် ကျွန်းနှင့်ပျဉ်းကတိုး အဓိကပါဝင်သော သစ်တောစိုက်ခင်းများအား ပြည်တွင်းလိုအပ်ချက်အတွက် အကန့်အသတ်ဖြင့် တည်ထောင်ရန်ကိုလည်း သဘောတူခွင့်ပြုခဲ့ပါသည်။ အဆိုပါမူဝါဒ ထုတ်ပြန်ကြေငြာချိန်မှာပင် စီးပွားပျက်ကပ်ကျော်လွန်ခဲ့ပြီး အခွန်တော်ငွေရရှိမှု ပြန်လည်မြင့်တက်လာသဖြင့် သစ်တောဌာနအနေဖြင့် အစိုးရ၏ စိုက်ခင်းဧက ခွင့်ပြုသတ်မှတ်ချက်ဖြစ်သော တစ်နှစ်လျှင် ဧက ၃၀၀ အား ပြန်လည်ပြင်ဆင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ၁၉၃၇-၃၈ ခုနှစ်တွင် အစိုးရမှ မူဝါဒကို ပြန်လည်ပြင်ဆင်ပြီး စိုက်ခင်း ၁ နှစ် ဧက ၁၅၀၀ ခွင့်ပြုခဲ့သဖြင့် ၁၉၃၈-၃၉ ခုနှစ်မှ ၁၉၄၂-၄၃ ခုနှစ်ထိ တည်ထောင်စိုက်ပျိုးခဲ့ကြပါသည်။ အဆိုပါစိုက်ခင်းအများစုမှာ ကျေးရွာသုံးထောက်ပံ့နိုင်ရန် ရည်ရွယ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ၁၉၂၉-၃၀ ကာလတွင် ပျမ်းမျှ တစ်နှစ် ဧက ၁၆၆၅ သို့ လျော့ကျခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင်တည်ထောင်ပြီး စုစုပေါင်း စိုက်ခင်းဧက ၁၃၈၆၈ ရှိခဲ့ပြီး ဓမ္မတာမျိုးဆက်ခြင်း အလေးထားဆောင်ရွက်သည့် ဧရိယာမှာ ၆၉၅၄၈ ဧက ရှိခဲ့ပါသည်။

### (ဂ) တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ခြင်း (Prevention of the Fauna)

တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး မှူးရာထူးအား ဆိုင်းငံ့ထားသော်လည်း အဆိုပါလုပ်ငန်းအား ခရိုင်သစ်တောအရာရှိ မစ္စတာစမစ် (H.C.Smith)မှ ပူးတွဲထမ်းဆောင်ခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၃၅-၃၆ ခုနှစ်တွင် အဆိုပါရာထူးအား ပြန်လည်ခွင့်ပြုခန့်ထားနိုင်ခဲ့ပါသည်။ သစ်တောအက်ဥပဒေနှင့် အခြားဥပဒေများလက်အောက်၌ ကွဲပြားစွာရှိနေသည့် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများအားစုစည်း၍ ဥပဒေသစ်တစ်ရပ် သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ကာလအတန်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ၁၉၃၆ ခုနှစ်၊ ဥပဒေပြုကောင်စီအစည်းအဝေး၌ တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးအက်ဥပဒေကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

### (ဃ) သစ်ထုတ်လုပ်ခြင်း (Extraction)

၁၉၃၀ ပြည့်နှစ်လွန် အစောပိုင်းကာလ စီးပွားပျက်ကပ်ကြောင့် သစ်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့ရောင်းချရမှု သိသာစွာ ထိခိုက်လျော့နည်းခဲ့ရပါသည်။ အဆိုးဆုံးကာလဖြစ်သော ၁၉၃၂-၃၃ ခုနှစ်တွင် ကျွန်းသစ်ထုတ်လုပ်မှုများ အမြင့်ဆုံးထုတ်လုပ်ခဲ့သည့် ၁၉၂၃-၂၄ ခုနှစ် ပမာဏ၏ ၆၁% ကျဆင်းခဲ့ပါသည်။ ၁၉၃၁-၃၂ ခုနှစ်၊ ကျွန်းသစ်ပြည်ပတင်ပို့မှုမှာလည်း အမြင့်ဆုံးတင်ပို့ခဲ့ရသည့် ၁၉၂၅-၂၆ ခုနှစ် တင်ပို့မှုပမာဏ၏ ၅၀% သို့ ကျဆင်းသွားခဲ့ပါသည်။ ကျွန်းသစ်ဝယ်လိုအားနှင့် သစ်တန်ဖိုးကျဆင်းခဲ့ခြင်းကြောင့် နှစ်ရှည်လိုင်စင် ရယူသစ်ထုတ်သည့် ကုမ္ပဏီများဘက်မှ ထုတ်လုပ်လိုအားကျဆင်းခဲ့ပြီး ပယ်သစ်အဖြစ်သတ်မှတ်ပေးရန်တောင်းဆို၍ ဆောင်ရွက်ပေးရသည့် ပယ်သစ်ရာခိုင်နှုန်း အဆမတန်များပြားလာခဲ့ပါသည်။ လုပ်ငန်းအခြေအနေပြန်လည်ကောင်းမွန်လာစေရန် အခြားတွန်းအားတစ်ရပ်အဖြစ် ၁၉၃၃-၃၄ ခုနှစ်တွင် သစ်အခွန်တော်ကို ၃၀% လျော့ပေါ့ပေးခဲ့ပြီး ၁၉၃၄-၃၅ ခုနှစ်၌ ၁၅% လျော့ပေါ့ပေးခဲ့ပါသည်။ ၁၉၃၅-၃၆ ခုနှစ်တွင် ပယ်သစ်ကိစ္စအပါအဝင် အခြားပြဿနာများအား ဖြေလည်စေရန်အတွက် ၁၉၂၇-၂၈ မှ ၁၉၃၄-၃၅ ခုနှစ်အထိ ၈ နှစ်တာကာလ ပျမ်းမျှအခွန်တော်နှုန်းထားအပေါ် အခြေခံတွက်ချက်ထားသည့်နှုန်းထားတစ်ခုတည်းဖြင့် ၃၀ကုဗပေအထက်ရှိ သစ်လုံးအားလုံးအပေါ် အခွန်ကောက်ခံမည့် စနစ်တစ်ရပ်ကို သစ်ထုတ်ကုမ္ပဏီများနှင့် သဘောတူညီ

စာမျက်နှာ (၁၆ )သို့

PDF Compressor Free Version



ဒေါက်တာသောင်းနိုင်ဦး

# အလေးထားစိုက်ပျိုးပြုစု ထိန်းသိမ်းကြရမည့် သစ်တောပြင်ပမှ သစ်ပင်များ (Trees Outside Forests-ToF)



## စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးကြ

ယနေ့အချိန်တွင် လူဦးရေတိုးတက်လာမှုနှင့်အတူ ကျေးရွာများ၊ မြို့ပြဒေသများ အလျင်အမြန် တိုးချဲ့လာလျက်ရှိသည်။ မြေအသုံးချမှု စီမံကိန်းများ၊ မြို့ပြစီမံကိန်း စနစ်တကျ ရေးဆွဲထားခြင်း မရှိသဖြင့်လည်းကောင်း၊ ကျေးရွာနှင့် မြို့ပြများ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ချဲ့ထွင်လာသောကြောင့်လည်းကောင်း၊ သစ်ပင်သစ်တောများ၊ လုပသော မြေယာရှုခင်းများနှင့် အစိမ်းရောင်ဧရိယာများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သစ်တော သစ်ပင်များ ပျက်စီးဆုံးရှုံးမှုသည် ကျေးရွာနှင့်မြို့ပြများ အနီးဆုံးပတ်ဝန်းကျင်၏ မိုးလေဝသအခြေအနေများ မမှန်မကန်ဖောက်ပြန်ပြီး ရာသီဥတုပြောင်းလဲခြင်း၊ ပတ်ဝန်းကျင်ရေထု၊ လေထုညစ်ညမ်းမှုများ တိုးပွားလာစေခြင်း၊ အစားအစာနှင့်သယံဇာတများရရှိနိုင်မှု လျော့နည်းလာခြင်း၊ ဆင်းရဲမွဲတေမှုတိုးပွားလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု တိုးပွားလာစေခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

'ဥတုရာသီ၊ တောကိုမှီ' ဟုဆိုစကားရှိပါသည်။ ရာသီဥတုကောင်းမွန်မျှတရေးသည် သစ်ပင် သစ်တောများပေါ်တွင်သာ မှီတည်နေပါသည်။ သစ်ပင်သစ်တောများရှိပါမှ ရာသီဥတုကောင်းမွန်မျှတမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်များပြားလာကာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်များကို သစ်တောများအတွင်း သာမက သစ်တောပြင်ပဧရိယာများတွင်လည်း စိုက်ပျိုးနိုင်သော နေရာမှန်သမျှ စိုက်ပျိုးကြရမည်ဖြစ်သည်။

## သစ်တောပြင်ပမှ သစ်ပင်များ

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အဓိပ္ပါယ်သတ်မှတ်ချက်အရ သစ်တောဆိုသည်မှာမြေဧရိယာ (၀.၅ ဟက်တာ သို့မဟုတ် ၁.၂၄ ဧက) ထက် ပိုမိုကျယ်ဝန်းပြီး သစ်ပင်များသည် (၅ မီတာ သို့မဟုတ် ၁၆.၄ ပေ)ထက် ပိုမိုမြင့်မားကာ ရွက်အုပ်ဖုံးလွှမ်းမှုသည် ၁၀ ရာခိုင်နှုန်းထက်ပိုမိုရှိသော မြေဧရိယာကို ဆိုလိုပါသည်။ သို့မဟုတ် နေရင်းဒေသတွင်ဖော်ပြပါ အမြင့်သို့ရောက်နိုင်သော အပင်များဖြစ်ရမည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

FAO FRA 2000 အစီရင်ခံစာတွင် သစ်တောပြင်ပမှသစ်ပင်များ (Trees Outside Forests-ToF) အဓိပ္ပါယ်ကို စတင်မိတ်ဆက်ခဲ့သည်။

သစ်တောပြင်ပမှ သစ်ပင်များ(Trees Outside Forests-ToF)ကို အရိုးရှင်းဆုံး အဓိပ္ပါယ်ဖွင့်ရလျှင် သစ်တောဟု သတ်မှတ်မထားသော မြေပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်များကို ဆိုလိုပါသည်။ သစ်တောပြင်ပမှ သစ်ပင်များတွင် အောက်ဖော်ပြပါအမျိုးအစားများ ပါဝင်ပါသည် –

- အိမ်ခြံဝန်းပတ်လည်နှင့် လယ်ယာများ ပတ်လည်တွင် ပေါက်ရောက်နေသောအပင်များ၊
- ကျေးရွာတစ်အုပ်တစ်မ စိုက်ထားသော အပင်များ၊
- တစ်ရွာတစ်ဧက စိုက်ပျိုးထားသော အပင်များ၊
- ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နှင့် မြို့ပြအတွင်းပေါက်ရောက်နေသော သစ်ပင်များ၊
- ရေကန်များ၊ အင်း၊ အိုင်များပတ်လည်တွင် သဘာဝအတိုင်းပေါက်နေသော၊စိုက်ပျိုးထားသောသစ်ပင်များ
- လမ်းဘေးဝဲယာတစ်လျှောက်ရှိ သစ်ပင်များ၊
- မီးရထားလမ်းဘေးဝဲယာရှိ သစ်ပင်များ၊
- တူးမြောင်းများ၊ ချောင်းများတစ်လျှောက်ရှိ သစ်ပင်များ၊
- လေကာတန်းစိုက်ပျိုးထားသော သစ်ပင်များ၊



PDF Compressor Free Version



သစ်တောပြင်ပမှ သစ်ပင်များသည် ပတ်ဝန်းကျင်ဂေဟစနစ်အတွက် အကျိုးကျေးဇူးများစွာ ပံ့ပိုးနေသော်လည်း မြေနေရာအမျိုးမျိုးတွင် ပြန့်ကျဲစွာ ပေါက်ရောက်နေသောကြောင့် လည်းကောင်း၊ အပင်များ၏ ဘက်စုံအသုံးပြုမှုပုံစံများကြောင့်လည်းကောင်း နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှုဆန်းစစ်ချက်များတွင် ထည့်သွင်းတွက်ချက်နိုင်ခဲ့ခြင်းမရှိပေ။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေများဖြစ်သော သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင်သာ သစ်ပင်စိုက်ပျိုးခြင်းများ၊ သစ်တောထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြသည်။ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို သစ်တောနယ်မြေများတွင်သာ တည်ထောင်ကြသည်။ သစ်တောမြေ ပြင်ပတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းဖြင့် မလိုလားအပ်သော မြေအသုံးချမှုဆိုင်ရာ အငြင်းပွားမှုများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်နိုင်သည့်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ (သစ်တောနယ်မြေ) တွင်သာ သစ်ပင်စိုက်ပျိုးခြင်းဖြစ်သည်။

**အကျိုးကျေးဇူးများ**

သစ်တောများ ပြင်ပဖြစ်သော ကျေးရွာမြို့ပြများပတ်ဝန်းကျင်တွင်စိုက်ပျိုးထားသော သစ်ပင်များသည် အဆိုပါ ကျေးရွာနှင့် မြို့ပြတိုးချဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချနိုင်ပြီး ကျေးရွာများ၊ မြို့ပြများကို ရာသီဥတုပြောင်းလဲမှုဒါဏ်ခံနိုင်ရည်ရှိစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် အထောက်အပံ့ပေးနိုင်သည်။ သစ်တောများပြင်ပတွင်ရှိသော သစ်ပင်များသည် အောက်ဖော်ပြပါနည်းလမ်းများဖြင့် ဒေသခံပြည်သူများ၊ ကျေးရွာများနှင့် မြို့ပြများကိုကူညီပေးလျက်ရှိသည်-

- သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်ပေါ်စေသည့် ကာဗွန်များကို သိုလှောင်ပေးခြင်းဖြင့် ကျေးရွာနှင့် မြို့ပြ ပတ်ဝန်းကျင်ကို အေးမြသာယာစေခြင်း၊
- သစ်ပင်များကို ကျေးရွာနှင့်မြို့ပြများတွင် စနစ်တကျစိုက်ပျိုးထားပါက အပူချိန် ၈ ဒီဂရီ ဆဲလ်စီးယပ်အထိ လျှော့ချနိုင်ပြီး မြို့ပြဝန်းကျင် အေးမြသာယာကာ လေအေးပေးစက်လိုအပ်ချက် ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြများတွင် သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် အနီးပတ်ဝန်း ကျင်ရာသီဥတုသာယာမှုတအေးမြကာ အပူအတွက် စွမ်းအင်သုံးစွဲရမှု ၂၀ မှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများစနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် နေ့စဉ်ချက်ပြုတ်ခြင်း၊ အပူပေးခြင်းလုပ်ငန်းများအတွက် ပြန်ပြည့်မြဲ စွမ်းအင်ထင်းလောင်စာများ လုံလောက်စွာရရှိနိုင်ပြီး သဘာဝတောအပေါ် မှီခိုမှု လျှော့ချနိုင်ခြင်း၊ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြ၊ ပတ်ဝန်းကျင်တွင် စနစ်တကျစိုက်ပျိုးထိန်းသိမ်းထားသော သစ်ပင်သစ်တောများသည် အပင်များ၊ တိရစ္ဆာန်ငယ်များအတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့်အစားအစာများ ထောက်ပံ့ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေခြင်း၊
- မြို့ပြများတွင် သစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားခြင်းဖြင့် တက်ကြွသော ကျန်းမာသော လူနေမှုပုံစံအတွက် အထောက်အကူပြုခြင်း၊ ရောဂါဘယကာကွယ်ပေးခြင်းနှင့် လူမှုရေးလုပ်ငန်းများအတွက် တွေ့ဆုံရန် နေရာပံ့ပိုးပေးခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော သစ်ပင်များသည် လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများကို ဖယ်ရှားပေးသည့် အလွန်ကောင်းမွန်သော သဘာဝလေသန့်စင်စက်ရုံကြီးများသဖွယ်ဖြစ်ခြင်း၊
- ဒေသခံပြည်သူများသည် ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်ရှိ သစ်ပင်သစ်တောများမှ ထွက်ရှိသည့်အသီး၊ အရွက်၊ အခေါက်၊ အမြစ်၊ သစ်ဥနှင့် ဆေးဖက်ဝင်ပင်တို့ကို ထုတ်ယူသုံးစွဲနိုင်ခြင်း၊ စားသုံးနိုင်ခြင်းနှင့် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိစေနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်း၊ ရေကို သန့်ရှင်းကြည်လင်အောင် စစ်ထုတ်သန့်စင်ပေးခြင်း ၊ အရည်အသွေးမြင့်မားသော ရေကောင်းရေသန့်များအဖြစ် စစ်ထုတ်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်နေပြည်သူသန်းပေါင်းများစွာကို အထောက်အကူပြုခြင်း၊ ရေတိုက်စားမှု၊ မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများမဖြစ်စေရန်နှင့် မုန်တိုင်းဒဏ်များ လျော့ပါးသက်သာစေရန် အကာအကွယ်များပေးခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် တစ်အုပ်တစ်မ သစ်ပင်သစ်တောများ၊ ဥယျာဉ်များ၊ သစ်မျိုးစုံစိုက်ခင်းများရှိခြင်းဖြင့် သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာ

နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးနိုင်ခြင်း၊ ကျေးရွာနှင့်မြို့ပြပိုမိုလှပအေးချမ်းသာယာလာခြင်း၊ အလွန်ကောင်းမွန်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာနိုင်ခြင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း**

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းခြင်း၊ သတ်မှတ်ခြင်း မပြုရသေးသောထိန်းသိမ်း ကာကွယ်ရန်သစ်တောများ၊ သစ်ပင်သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန် မြေနေရာများစွာရှိနေသည်။ နိုင်ငံနှင့်အဝှမ်း သစ်တောမြေပြင်ပရှိ တောနိမ့်တောပျက်များ၊ သစ်တောပြုန်းတီးနေသောနေရာများ၊ လယ်ကန်သင်း ပတ်လည်နေရာများ၊ ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်ရှိ အသုံးပြုမှုမရှိသော မြေနေရာများ၊ လမ်းဘေးဝဲယာ မြေကွက်လပ်များ၊ မြစ်ချောင်းဆည်တာတမံ ရေဝေရေလဲဧရိယာများလည်း များစွာရှိနေသည်။ အဆိုပါ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ပြင်ပမြေနေရာများတွင် မြေကို ကိုင်တွယ်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများနိုင်သည်။ ဥပမာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြေကိုကိုင်တွယ် စီမံဆောင်ရွက်နေ သောသက်ဆိုင်ရာအစိုးရဌာနများ၏ ဦးဆောင်ကြီးကြပ်မှု၊ ပေါင်းစပ်ဆောင်ရွက်မှုဖြင့် အဆိုပါနေရာများတွင် သစ်ပင်များစိုက်ပျိုးနိုင်ပါက အကျိုးကျေးဇူးများစွာ ရနိုင်မည်ဖြစ်သည်။ အလားတူပင် ပုဂ္ဂလိကပိုင်မြေနေရာကွက်လပ်များ၊ ကျေးရွာပတ်ဝန်းကျင်မြေလပ်များ၊ ကျောင်းဝင်းများ၊ ဆေးရုံဝင်းများ၊ လမ်းဘေးဝဲယာများ၊ လယ်ယာကန်သင်းများနှင့် အိမ်ခြံစည်းရိုးများတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သစ်တောမြေပြင်ပ သစ်ပင်များစိုက်ပျိုးရေး**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေများတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နှစ်စဉ်သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကိုဆောင်ရွက်နေသကဲ့သို့ သစ်တောမြေ ပြင်ပတွင်လည်း သစ်ပင်များ စိုက်ပျိုးနိုင်ရေးအားသွန်ခွန်စိုက်ကြိုးပမ်း





ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် သစ်မျိုးစုံ ပျိုးပင် (၁၀) သန်းကျော်ပျိုးထောင်ပြီး ဒေသခံပြည်သူများ၊ စာသင်ကျောင်းများ၊ အစိုးရဌာနများ၊ တပ်မတော် တပ်ရင်း တပ်ဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအား ဖြန့်ဖြူးပေးခြင်း၊ နည်းပညာအကူအညီပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သစ်တောမြေပြင်ပတွင် သစ်ပင်များစိုက်ပျိုးရေးအားပေးကူညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ အတွေ့အကြုံများအရ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိနေသည်။ အဓိက အားသာချက်များ အနေဖြင့်–

- ကျန်းမာကြံ့ခိုင်သည့် အမြင့် (၂)ပေနှင့်အထက် အပင်ကြီးများကိုသာ စိုက်ပျိုးခြင်း၊
- လမ်းဘေးဝဲယာ၊ ကျေးရွာပတ်ဝန်းကျင်နှင့် လယ်ယာ၊ ကန်သင်း ပတ်ဝန်းကျင်တွင်သာ စိုက်ပျိုးခြင်းဖြစ်၍ ထိန်းသိမ်းကြီးကြပ်မှု လွယ်ကူခြင်း၊
- တစ်အုပ်တစ်မ၊ သစ်ပင် အနည်းငယ်သာ စိုက်ပျိုးခြင်းဖြစ်၍ ပြုစုထိန်းသိမ်းမှုကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ကုန်ကျစရိတ်အလွန်နည်းပါးခြင်း၊
- ဌာနဆိုင်ရာများက စိုက်ပျိုးရာတွင်လည်း လမ်းပိုင်းအလိုက်၊ မိုင်တိုင်အလိုက် သတ်မှတ် တာဝန်ပေးနိုင်သဖြင့် အုပ်ချုပ်မှု ထိရောက်ခြင်း၊
- လူတိုင်း၊ အဖွဲ့အစည်းတိုင်း သစ်ပင်စိုက်ပျိုးရာတွင် ပူးပေါင်းပါဝင်နိုင်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းကို ကောင်းမွန်သော အလေ့အကျင့်ကောင်းတစ်ခုအဖြစ် လက်ဆင့်ကမ်းနိုင်ခြင်း စသည့် အားသာချက်များ ရှိပါသည်။

အဓိက အားနည်းချက်အနေဖြင့် –

- စိုက်ပျိုးရသည့် မြေနေရာအကျယ်အဝန်းနှင့် မြေနေရာရရှိနိုင်မှုအခြေအနေကွာခြားခြင်း (ဥပမာ ရေဝပ်သည့် နေရာ၊ မြေနိမ့်သည့်နေရာနှင့်တောင်စောင်းများ)
- အိမ်မွေးတိရစ္ဆာန်များ လွတ်ကျောင်းစားကျက်ချခြင်းများကြောင့် အပင်များပျက်စီးခြင်းနှင့် ရှင်သန် အောင်

မြင်မှု နည်းပါးခြင်း၊
- လယ်/ယာမြေလုပ်ငန်းခွင်များတွင် စိုက်ပျိုးရခြင်း ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများကို ထိခိုက်မှုမရှိစေရေး အလေးထားရခြင်း၊
- မြေပြုပြင်မှုလုပ်ငန်းများ အားနည်းခြင်း (ဥပမာ ကျင်းတူး/မြေဆွေး/နွားချေး)
- လမ်းဘေး ဝဲ/ယာ ယာဉ်ရှောင်တိမ်းမှုများ၊ ကျွဲ/ နွားလှည်းများ မောင်းနှင်ခြင်းကြောင့် အပင်များပျက်စီးခြင်း၊
- မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်မှုမရှိခြင်း၊
- သစ်ပင်စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းမှု အားနည်းခြင်း (ဥပမာပေါင်းရှင်း/ခါးဆွ/မြေသြဇာကျွေးခြင်း)
- စိုက်ပျိုးပင်များ၏ ကြံ့ခိုင်မှုအားနည်းခြင်း ၊
- သစ်မျိုးရွေးချယ်မှုလွဲမှားခြင်း၊
- သစ်ပင်များကို သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးသဖြင့် တန်ဖိုးထားမှုနည်းပါးခြင်း၊

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများကအထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ သို့သော်လည်း အဆိုပါ တန်ဖိုးများအား သိရှိသူ အလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစုအကျိုးစီးပွားနှင့် ရေတို အကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့်အဖွဲ့အစည်း၊ ထိန်းသိမ်းမည့်အဖွဲ့အစည်း အလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်နိမ့်ပါးခြင်း စသည့် အကြောင်းများကြောင့် သစ်ပင်သစ်တောများပြုန်းတီးပြီး သစ်တောဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ထို့ကြောင့် သစ်တောမြေအတွင်း စိုက်ပျိုးသည်ဖြစ်စေ၊ သစ်တောမြေပြင်ပတွင် စိုက်ပျိုးသည်ဖြစ်စေ တစ်ပင်စိုက် တစ်ပင်ရှင်ရေးအတွက် အထူးအလေးထားကြရမည်ဖြစ်သည်။ မိမိတို့ သစ်တောဦးစီးဌာနသည် နည်းပညာဌာနဖြစ်သည်နှင့်အညီ မကြာမီလာမည့် မိုးရာသီတွင် သစ်မျိုးမှန်၊ နည်းစနစ်မှန်၊ အချိန်မှန်၊ ပြုစုစောင့်ရှောက်မှု မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် လုံ့လစိုက်ထုတ် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

***သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပ ကြည်နူးရ၏။***

*စာမျက်နှာ (၁၂ ) မှအဆက်*

ချက်ရရှိခဲ့ပါသည်။

အဆိုပါစနစ်အား ပြင်ဆင်မှုအချို့ပြုလုပ်၍ ၁၉၃၆-၃၇ နှင့် ၁၉၃၇-၃၈ ခုနှစ်များတွင်ပါ ဆက်လက်အသုံးပြုခဲ့ကြပါသည်။ ၁၉၃၈-၃၉ ခုနှစ်တွင် ဌာနဆိုင်ရာသစ်ထုတ်လုပ်ငန်းအဖွဲ့မှ ထုတ်လုပ်၍ အစိုးရမှ ရန်ကုန်မြို့တွင် လေလံတင်ရောင်းချသည့် သစ်လုံးဈေးနှုန်း အပေါ်အခြေခံ၍ သစ်အခွန်တော်နှုန်းထားအား ပြင်ဆင်ညှိနှိုင်းခဲ့ကြပါသည်။ ၁၉၃၇-၃၈ ခုနှစ်မှစတင်၍ နှစ်ရှည် သစ်ထုတ်စာချုပ်များ၊ သက်တမ်းတိုးရန်ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် ၁၉၃၉ ခုနှစ်အထိ အပြီးသတ်သဘောတူညီချက် တစ်စုံတစ်ရာမရရှိခဲ့ကြပါ။

(င) ဆင်များထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံခြင်း **(Anti-Anthrax inoculation of elephants)**

၁၉၂၉-၃၀ ခုနှစ်တွင် မြန်မာနိုင်ငံတိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ မစ္စတာမစ်ချယ် (Mr-Mitchell) ဦးဆောင်သောအဖွဲ့မှ ဆင်များအား ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးမှု၏ အကျိုးသက်ရောက်မှုကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၃၁-၃၂ ခုနှစ်တွင် ထိရောက်အောင်မြင်မှုရှိကြောင်း လေ့လာသိရှိရသဖြင့် (၁၉၃၁-၃၂) ခုနှစ်တွင် ပို့ဆောင်ရေးဆင်နှင့် သစ်ဆွဲဆင်များအားလုံး နှစ်စဉ်ကာကွယ်ရေးထိုးရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ဆင်များရောဂါကျ သေဆုံးမှုနှုန်းလည်း သိသာစွာကျဆင်းသွားခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်းသစ်ထုတ်ကုမ္ပဏီကြီးများအနေဖြင့် ဆင်ဝိုင်းအတွင်း မွေးဖွားသည့် ဆင်ငယ်လေးများကိုပါ သင့်တော်သည့်အချိန်၌ ဆင်အိုများနေရာတွင် အစားထိုးအသုံးပြုနိုင်ခြင်းအပါအဝင် ၎င်းတို့ဆင်များ၏စွမ်းအားကို ထိရောက်စွာ အသုံးပြုလာနိုင်ခဲ့ပါသည်။



**မှတ်ချက်- သစ်တောဦးစီးဌာန၊ နှစ်၁၀၀ပြည့်အထူးထုတ်၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်သစ်တောကြေးမုံမှ** H.R. Blanford **ရေးသားသော** 'HIGHLIGHTS OF ONE HUNDRED YEARS OF FORESTRY IN BURMA' **ကို ဘာသာပြန်ဆိုပါသည်။**

**ဆက်လက်ဖော်ပြပါမည်**

PDF Compressor Free Version



ယခင်လမှအဆက် ➢



# ကျွ လား ကို ကောင်း တယ် (၇)

ရောင်နီ (သစ်တော)

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်

ရွက်ဖျင်တဲရဲ့ ဇစ်ကိုဆွဲဖွင့်လိုက်တော့ စိမ်းစိုနေသည့် သော်ကတောက လန်းဆတ်စွာ ဆီးကြိုနေသည်။ အနီးရှိ စမ်းချောင်းကလေးက ပြုနေကြဝတ္တရားကို ထမ်းဆောင်နေသည့်အလား ဖြည်းဖြည်းမှန်မှန်စီးဆင်းနေသည်။ ခပ်လှမ်းလှမ်းက နံနက်စာ ချက်ပြုတ်နေသူများကလည်း ယခင်နေ့ အတွေ့အကြုံအရ အသားတကျ ရှိလွန်းလှသည်။

အားလုံး မင်္ဂလာနံနက်ခင်းပါ။

ကျွန်ပေဟ်ဟို့ မျှော်လင့်နေကြတဲ့၊ ရင်ခုန် စောင့်စားခဲ့ကြရတဲ့နေ့ကို ရောက်ရှိလို့လာပါပြီ။

ဒီကနေ့ တွေ့ခွင့်ရတော့မှာပါ။

သမိုင်းဝင်နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်နိုင်တော့မှာပါ။ ရွက်ထည်တဲဘေးမှာ ရပ်ပြီး တမင်ခန့်ညားအောင်လုပ်ယူထားတဲ့အသံကြီးနဲ့ ကိုသန်းဌေးက အဖွဲ့သားများကို စိတ်အား တက်ကြွလာအောင် နှိုးဆွပေးသည်။

*'ကျွန်းပင်ကြီးက ဟောဒီတောင်တန်းကြီးရဲ့အပေါ်ကနေ ကျွန်တော်တို့ကို စောင့်နေပါပြီ..'* ဦးတင်ရွှေက ဝင်ပြောသည်။

*'ဒီမှာ..ဦးတင်ရွှေ မနေ့က အဆင်းလမ်းလိုဟာမျိုးကို ပြန်တက်ရမှာလား၊ကျွန်တော်လည်း ဟိုကောင့်လို ပင့်ကူအရုပ်ခံလိုက်မယ်'* ကိုအေးချမ်း က လှမ်းနောက်သည်။

*'လမ်းရှည်ရင် ရှည်ပါစေဗျာ၊ မနေ့က အဆင်းလမ်းမျိုးကိုတော့ မတက်ပါရစေနဲ့ ရှစ်ကြီးခိုးပါရဲ့'* တောင်းပန်သူက တောင်းပန်သည်။

*'နည်းနည်းတော့ ကွေ့ဝိုက်တက်မယ်။ အဆင်းကျမှ ဖြတ်ချမယ်'* ဟုပြောသဖြင့် သက်သာမည်ထင်ရသော လမ်းရှည်ရှည်ကပဲ သွားကြဖို့ သဘောတူကြသည်။ မိမိကတော့ ခရီးကြမ်းမှာထက် ကျွန်းပင်ကြီး စံချိန်မတင်နိုင်မှာကိုစိုးရိမ်သည်။ ဗန်းမောက် အပင်ကြီးထက် ကြီးမှဖြစ်မည်။ ချောင်းစပ်က ဒရင်ကောက်ညွန့်များ၊ နော်ဆိုင်းချိုးယူလာသော မျှစ်များက ခေါက်ဆွဲနှင့်ရော ကြော်စရာဖြစ်ရသည်။ ပြီးတော့ ရှူးရှဲငါးပိထောင်းနှင့် စားကြသည်။ ထူးခြားသော အစပ်အဟပ်ပါပေ။

ခရီးစတော့ တောင်စောင်းကို ကွန်တိုလိုင်းအတိုင်း ရစ်ပြီး ဝေ့ကာဝိုက်ကာတက်ကြသည်။



သစ်ပင်ကြီးများ အများအပြားတွေ့ရသည်။ လုံးပတ် ပေ ၂၀ အထက် ကျွန်းပင်ကြီးများ၊ ကညင်ပင်ကြီးများရှိသည်။ သစ်မထုတ်ဖူးတော့ ပင်ထောင်ရိုက်လုပ်ငန်းနှင့်တွဲလုပ်သော နွယ်ဖြတ်ညောင်ပတ်လှဲလုပ်ငန်းဆောင်ရွက်မထားသဖြင့် ညောင်မြိုခံရတာတွေများသည်။ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်း မလုပ်ဖူးသဖြင့် အရိပ်များပြီး အောက်ပေါင်းနည်းသည်။ အပင်ကြီးများ လွှမ်းမိုးလွန်းသဖြင့် မျိုးဆက်ပင်များ အားနည်းသွားသည်။ မြန်မာ့ရွေးချယ်နည်းစနစ် (Myanmar Selection System- MSS)ဖြင့် သစ်တောကို စီမံအုပ်ချုပ်နိုင်မှုမရှိပါက အနာဂါတ်တောထွက်အတွက် ရတက်မအေးဖွယ် ကြုံရနိုင်ဖွယ်ကို သုံးသပ်၍ရနိုင်သည်။ သို့ပါသော်ငြား သစ်မထုတ်သောတော၏ အဆိုးအကောင်းကို လေ့လာနိုင်ဖို့တော့ ဒီအတိုင်းရှိနေစေချင်သေးသည်။ ဒီအတိုင်းရှိနေသေးသဖြင့် ကြီးမားသောသစ်ပင်ကြီးတွေ ပြစရာရှိနေသေးခြင်းဖြစ်သည်။ ရေရှည် အတွက်တော့ မကောင်းလှပေ။ အပင်ကြီးအချို့ ပြစရာချန်ပြီး ထုတ်သင့်သော အပင်တွေ ထုတ်ရပေမည်။

ညောင်ပတ်ပင် တစ်ပင်စ၊ နှစ်ပင်စ တွေ့စတုံးက အပြန်မှာ ညောင်ပတ်လှဲလုပ်ငန်းလုပ်မည်ဟု ကြွေးကြော်ခဲ့သော်လည်း အရေအတွက်များလာသဖြင့် သီးခြားရန်ပုံငွေတင်ပြပြီးမှ လုပ်တော့မည်ဟု ဆုံးဖြတ်ရသည်။ မနေ့က



ယခင်နေ့က တွေ့ခဲ့သော ပင်ထောင် ရိုက်မှတ်ထားသည့် ကျွန်းပင်တစ်ပင်



ပင်ထောင်ရိုက်ပြီး မထုတ်ဖြစ်သော ကျွန်းပင်များ

PDF Compressor Free Version



တောင်ကြောပေါ်တွင် တွေ့ခဲ့ရ သော ကျွန်းနှင့်သစ်မာပင်များတွင် သစ်ထုတ်ရန် မှတ်ရိုက်ထားသော ပင်ထောင်နံပါတ်များတွေ့ရသည်။ တကယ်တမ်းမထုတ်ဖြစ်၍ ပင်ထောင်ကျန်အဖြစ် တွေ့ရခြင်းဖြစ်သည်။

ယနေ့တွေ့ရသော ကျွန်းနှင့် သစ်မာပင်များတွင် မည်သည့်တံဆိပ် အမှတ်အသားမျှ မတွေ့ရ။ သစ်ထုတ်ရန်ပင် မရည်ရွယ်ခဲ့ဖူးသော သဘာဝတောရိုင်း (Virgin Forest) စစ်စစ်ကို မျက်ဝါးထင်ထင်မြင်ရခြင်းပင်။ စိတ်ဖြင့်ပင် ပြစ်မှားမခံရသေးသော အပျိုစင်ကလေးပင်။ မောင်မရွယ်ဖူးတဲ့ စပယ်ဖူးလေးပါပေ။

ကိုအေးချမ်းနှင့် မိမိဝန်ထမ်းအဖွဲ့ကို ***'ဟော့ကောင်တွေ မင်းတို့ ဂုဏ်ယူကြစမ်းကွာ၊ ဒီလိုတောမျိုးရဲ့ အရသာကို တို့လိုခံစားဖူးသူ ဒီခေတ်ထဲမှာ တို့လောက်ပဲရှိမယ် '***

***'ဒီမှာ ဟော့ယောင် ပေ ၃၀ ကျော် ကျွန်းပင်ကြီးတွေ့ရလို့ကတော့ တို့တတွေ ရင်ကော့ပြီး ပြန်ကြမယ် '***

အားလုံးမျက်နှာများသည် ဂုဏ်ယူခြင်း၊ မျှော်လင့်ခြင်းဖြင့် ဝင်းလက်နေသည်။ လှုပ်ရှားမှုတွေကလည်း သွက်လက်လာသည်။

***'ကဲ သစ်မျိုးတွေ မှတ်တမ်းတင်မယ်၊ ပင်ထောင်ရိုက်ခဲ့တာမရှိတော့ ဒီနေရာက သစ်မျိုးတွေ သိချင်ရင် အထောက်အထားရှာဖို့ခက်မယ် '***

ကွန်ချစ်က မှတ်စုစာအုပ်ထုတ်သည်။ တောအုပ်မြင့်နိုင်နှင့် အောင်ဇော်ဝိုက်တို့က အဖွဲ့နှစ်ဖွဲ့ခွဲပြီး အတက်လမ်းတစ်လျှောက် တွေ့သမျှသစ်ပင် (အထူးသဖြင့် လုံးပတ်ကြီးသည့် သစ်ပင်)များကို ရသလောက် သစ်မျိုးခွဲ၊ ရင်စို့လုံးပတ် တိုင်းကြသည်။

ပေကြိုးကိုင်များက တောခေါင်း မျိုးခိုင်နှင့် ဖိုးတရုတ်တို့ ဖြစ်သည်။



ကျွန်းနှင့် ကညင်အများစုတွေ့ရသည်။ အင်ကြင်း၊ ထောက်ကြံ့၊ စကပ်၊ ရေမိန်၊ တောင်တမာ၊ သစ်စေး၊ ဘင်္ဂ၊ သတိ၊ ဖန်ခါး၊ ကြို့စသည်တို့ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ဝါးဘိုးနှင့် ဝါးဘိုးမျက်ဆံကျယ်၊ တင်းဝါး၊ ဝါးယား၊ တပင်တိုင်နှင့် ကြသောင်းဝါး စသည့်ဝါးမျိုးလည်း စုံသည်။ တောင်ကြိမ်၊ ကြိမ်နီ၊ ရေကြိမ် စသည့် ကြိမ်မျိုးများ၊ ရေငန်းပင်များလည်းရှိသည်။ အောက်ပေါင်းပင်များလည်း စုံသည်။ သို့ရာတွင် မြန်မာပြည်အဝန်း တောတိုင်းလိုလို တွေ့ရလေ့ရှိသည့် ဗိစပ်ပင်များကိုတော့ မတွေ့ရ။ 'လူမရောက် မြင့်မိုရ်တောင်' ဆိုစကားလို ဗိစပ်မရောက် ဥရု ချောင်ဟုပင် ဆိုရတော့မယောင်။

မန်ကျည်းနွယ်များကို သစ်ပင်တော်တော်များများတွင် တွယ်လျက်၊ ဆိုင်းလျက်တွေ့ရသည်။ နွယ်ဟုဆိုသော်လည်း အနှစ်သားက တမလန်းလို နီနီရဲရဲမို့ တရုတ်ပြည်က ကြိုက်ကြသည်။ အနံ့ကမွှေးပြန့်သေးသဖြင့် နံ့သာနီ အဖြစ်ညာရောင်းကြသောကြောင့် နယ်စပ်ရောက်လျှင် တစ်ပိဿာ သုံးလေးသောင်းဈေးပေါက်သည်။ ဈေးကွက်သိပါက မျိုးပြုတ်ခြေတော့မည်။ နွယ်မျိုးခွဲနေစဉ် နော်ဆိုင်းက ထူးထူးခြားခြားနွယ်တစ်မျိုးကိုပြသည်။ တောထဲမှာ ရေဆာရင် မပူနဲ့လို့ ဆိုသည်။ ပြောပြောဆိုဆိုပင် နွယ်ပင်ကို ဓားဖြင့် ပိုင်းဖြတ်လိုက်ရာ ပြတ်သွားတဲ့နေရာက အရည်တွေ ထွက်ကျလာသည်။ ပီအိတ်ဆဲဗင်းဟုပင် ဆိုလိုက်သေးသည်။ သောက်ကြည့်တော့ တကယ့်ကိုပင် သဘာဝရေအတိုင်း အရသာမရှိ၊ အရောင်လည်းမရှိ။ အနံ့လည်းမရှိ။







ဟိုအဝေးတစ်နေရာက ကွိ ကွိ ကွိကွိအသံများ ကြားရသည်။ ***'မျောက်လွှဲကျော်တွေလေ၊ သူတို့က အုပ်စုဖွဲ့နေကြတာ'*** ဟု နားစွင့်နေမှန်းသိသော မိမိကို ရွာသားတစ်ယောက်ကပြောသည်။

***'မျောက်စပ်၊ မျောက်လေပွေ၊ ကျွဲမျောက်၊ မျောက် မြီးရှည်တွေလဲရှိတယ် '*** ဟု သူက ဆက်ပြောသည်။ မျောက်မျိုးလည်း စုံလေစွ။

***'ဒီမှာကြည့်ပါဦး'*** တောအုပ်အောင်ဇော်ဝိုက်က သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြသည်။ ပင်စည် တစ်ခုလုံး ကုတ်ရာခြစ်ရာများနှင့် ပြည့်နေသည်။ ဝက်ဝံကုတ်ရာများဖြစ်သည်။ အပင်ပေါ်မှာ ပျားအုံရှိရမည်။ မော့ကြည့်တော့ ပျားအုံမရှိတော့။ ဝက်ဝံတွယ်သွားခြေပြီ။

***'ချိုကြီးကို သတိရလိုက်တာ ဖိုးတရွတ်ရာ'***

'***ဆရာကလည်း ချိုကြီးက ချိုကြီး၊ ဖိုးတရုတ်က ဖိုးတရုတ်ပါ***'

'***ဟော့ကောင် ချိုကြီးကိုသတိရတာ မင်းနဲ့ ဘာဆိုင်လဲ။ ငါကသူ့ကို စိတ်ဆိုးတယ်များ မင်းထင်လို့လား။ ဒါလူ့သဘာဝကွ၊ ကိုယ့်အသက်ထက် ဘယ်သူ့အသက်ကိုမှ အရေးမထားနိုင်ဘူး***'

'***ဘာတွေပြောနေတာလဲ***' ဟု အဓိပ္ပါယ်ရသည့် အကြည့်ဖြင့် တောအုပ် မြင့်နိုင်က ဖိုးတရုတ်ကို ကြည့်သည်။ ဖိုးတရုတ်က တောကြပ် ချိုကြီးနှင့် မိမိတို့ဝက်ဝံဇာတ်လမ်းကို ပြန်ခင်းသည်။ သစ်ပင်ပေါ်က ဝက်ဝံဆင်းလာလို့ ထွက်ပြေးတဲ့ အခန်းလည်းရောက်ရော ...

'***ဝုန်း ဝုန်း ဝုန်း***'

ခေါင်းပေါ်က ကျယ်ကျယ်လောင်လောင် အသံကြောင့် အားလုံး လန့်ဖျပ်သွားသည်။

သစ်ပင်ခေါင်ဖျားမှ ပျံသန်းသွားသော အောက်ချင်းဖို၊ မ တောင်ပံခတ်သံ ဖြစ်သည်။

'***ဟာ ဝမ်းသာစရာပဲ***'

'***နိမိတ်ကောင်းလား ဆရာ***'

'***နိမိတ်ရယ် ဘာရယ်တော့မဟုတ်ဘူး၊ ချင်းတောင်မှာတောင် မရှိသလောက် ဖြစ်နေတဲ့ အောက်ချင်းငှက်ကို ဒီနေရာမှာတွေ့ရလို့ ဝမ်းသာတာ***' ဒီနှစ် ချင်းအမျိုးသားနေ့မှာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ပြသဖို့ အောက်ချင်းငှက်ကို တနင်္သာရီတိုင်းကနေ တကူးတက မှာယူရတဲ့အကြောင်း မိမိကရှင်းပြသည်။ ဒီကနေ့ ခရီးကတော့ သိပ်အပန်းကြီး မဟုတ်၊ လမ်းလျှောက်တဲ့ အလေ့အကျင့်ရပြီ ဖြစ်သလို၊ သိပ်ပြီးလည်း မတ်မတ်စောက်စောက် တက်ရတာမဟုတ်၊ ရာသီဥတုကလည်း သာသာယာယာ။

'***တောင်ထိပ်ရောက်တော့မယ်၊ ဒီတစ်တက်ပြီးရင် ရောက်ပြီ***' ဦးတင်ရွှေက အားပေးစကားဆိုသည်။

'***ကျွန်းပင်ကြီးက ဘယ်မှမသွားပါဘူး၊ ရပ်ပြီးစောင့်နေတာ***'ဟုလည်း သူ့လက်သုံးစကားကို ပြောနေပြန်သေးသည်။



'***အားမလျှော့နဲ့ ရောက်လုပြီ ... ကြိုးစားတက်ပါမည် ... ကုသိုလ်အကျိုးဟာ တန်ခိုးကြီးသည် ... ဘိုးဘိုးကြီး မ မည်***' လို့ သီချင်း တစ်ပိုင်းတစ်စ ဆိုရင်း ဦးတင်ရွှေ က မိမိတို့ကို ကျော်ဖြတ်ပြီး တောင်ထိပ်သို့ အပြေးတစ်ပိုင်းတက်သွားသည်။ လက်မတစ်ဖက်ထောင်ပြသွားရာ ဒီလူမှာ ကြွားစရာတစ်ခုခုရှိနေပြီဟု သိ လိုက်သည်။

အားလုံးကလည်း ခပ်သွက်သွက် လိုက်တက်ကြသည်။ ဦးတင်ရွှေနှင့် ထပ်ချပ်မကွာ လိုက်သွားသူက ကိုသန်းဌွေးဖြစ်သည်။

'***လေးခင်မောင်ဝင်း လေးခင်မောင်ဝင်း ... အား လားလား နည်းတာကြီး မဟုတ်ဖူး***' ကိုသန်းဌွေး အသံဖြစ်သည်။

'***လာပြီဗျို့***' တစ်ခွန်းသာပြန်ဖြေပြီး ပြေးလိုက်သွားသည်။ သို့ရာတွင် စိတ်သွားရာမပါသော ခြေလှမ်းများက အားမရစရာဖြစ်သည်။ ဇင်မောင်က မိမိကို ဖြတ်ကျော်သွားသည်။

တောင်ကြောထိပ် ရောက်သည်နှင့် လှမ်းမြင်လိုက်ရသည်က တုတ်ခိုင်သန်စွမ်းသော သစ်ပင်ကြီး။ တောင်ထိပ်ကနေ လူသန်ကြီးတစ်ယောက်က သူ့ဗလကြီးတွေ ညှစ်ထုတ်ပြီး ခါးထောက်၍ ကြည့်နေသလိုမျိုး ဝင့်ဝင့်ကြွားကြွားရှိလွန်းလှသည်။ အားရကျေနပ်ဖွယ် ကောင်းလေစွ။ သန်စွမ်းတောင့်တင်းလှသည့် စစ်သည်တော်များအကြားမှ သေနာပတိချုပ်ကြီး ဝင့်ဝင့်ကြွားကြွား တွေ့လိုက်ရသလိုမျိုးဖြစ်သည်။ လေးစားဂုဏ်ယူမှု၊ အားရကျေနပ်မှုဖြင့် ကြက်သီးဖြန်းဖြန်း ခံစားရသည်။





'***အဲ့ဒါကြီးလား ဦးတင်ရွှေ၊ အားရလိုက်တာ***'

'***ဟာ ဦးစီးကလည်း ဒါကပါမွှား***'

'***ဒါမဟုတ်သေးဘူးပေါ့၊ ဒါဆိုရင် ဟိုဟာကြီးဟား ဟား***'

မိမိပြောလက်စ စကားဖြတ်ပြီး ရယ်လိုက်မိသည်။ အားလုံးလည်း ရယ်မောနေကြသည်။ အဘယ်ကြောင့်ပါနည်း။ ကိုသန်းဌွေးနှင့် ဇင်မောင်တို့နှစ်ယောက် လက်ချင်းချိတ်ပြီး ကနေကြသောကြောင့် ဖြစ်သည်။

'***ဒန့် ဒန် ဒန် ဒန် ဒန် ဒန်***' လို့လည်း ပါးစပ်ဆိုင်း တီးနေကြသေးသည်။

လုံးပတ်တိုင်း၊ လုံးပတ်တိုင်း ကိုအေးချမ်းက

PDF Compressor Free Version



သူ့တပည့်တွေကို လုံးပတ် တိုင်းခိုင်းသည်။



' ၂၇ ပေ '

လက်ရှိအကြီးဆုံး ဗန်းမောက်ကျွန်းပင်ကြီးက ရင်စို့လုံးပတ် ၂၆ ပေ ၈ လက်မ ဖြစ်ရာ သူ့ထက် ၄ လက်မတိတိ ကြီးနေသဖြင့် '***ဗန်းမောက်ကို ကျော်ပြီဟေ့***' ဟု မိမိက အသံကုန်ဟစ်ကာ ကြွေးကြော်သည်။

'***အစ်ကို့အသံ ချန်ထားဦး၊ ဟိုကောင်ကြီးတွေ့ရင် ဒါထက်ပိုပြီး အော်ရဦးမှာ၊ ကျွန်တော့အထင် ဟိုကောင် ပေ ၃၀ ကျော်မှာပဲ၊ ဟုတ်လား ဦးတင်ရွှေ***' ကိုအေးချမ်းက မိမိကိုပြောနေရင်း ဦးတင်ရွှေ ဘက်လှည့်မေးသည်။

'***ကမ္ဘာမြေကြီးက ဖျားနာနေပါတယ်၊ ကမ္ဘာမြေကြီး ကျန်းမာလာအောင်၊ ကမ္ဘာပေါ်မှာရှိတဲ့ လူသားများ အားလုံးတာဝန်ရှိပါတယ်***' မေးတာက တခြား၊ ဖြေတာက တခြား။

နောက်တစ်ပင်က ဒီထက်ကြီးမယ်ဆိုတာ မှန်းဆနိုင်ပြီဖြစ်သော်လည်း အားလုံးက ဦးတင်ရွှေအပြောကို နားနှင့်ဆတ်ဆတ် ကြားချင်ကြသည်။ ဦးတင်ရွှေက လိုရင်းမဖြေ။ သူက ကမ္ဘာနှင့်ချီပြီး ဖင်ခေါင်းကျယ်နေသေးသည်။ ဟိုအပင်ကြီးဆီ ရောက်သွားရင် နောက်ထပ် ဘယ်လောက်ကျယ်မည်မသိ။

'***ဟုတ်တယ် ဦးတင်ရွှေ ကမ္ဘာကြီးဖျားနာနေတာမှန်တယ်၊ ဒီမှာ ဗိုက်တောင်ပေါက်နေပြီ***' ကွန်ချစ်က အပင်ကိုလှည့်ပတ်ကြည့်ရင်း တွေ့လိုက်ရသည့် မီးလောင်ပေါက်ကြီးကိုပြသည်။ အခေါင်းပေါက်က လူခြောက်ယောက်ဝင်လို့ရသည်။ မြေပြင်မှ ပေ ၂၀ ကျော် အမြင့်အထိ ဒိုးယိုဖြစ်သည်။





မိမိတို့ ဦးတည်သော ကျွန်းပင်ကြီးဆီ ရောက်ဖို့ ၁ မိုင်လောက်သာ လိုတော့သည်တဲ့။

'***ကိုင်း အချိန်မဖြုန်းဘဲ တစ်ပြုံလုံး ကြွကြရအောင်***' ဟု ဆိုကာ ဇင်မောင်က ရှေ့မှ ခရီးဆက်သည်။

'***ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား၊ နောက်လှည်းတစ်သိုက် ဖြောင့်ဖြောင့်လိုက်***' မိမိက ဇင်မောင်ကို စသည်။

'***လေးခင်မောင်ဝင်း ဒါတော့မကောင်းဘူးဗျာ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွား၊ နောက်နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက် မဟုတ်သလိုဘဲ။ နောက်က နွားမဟုတ်ဘဲ လှည်းဖြစ်နေတယ်။ လှည်းယဉ်လေး နေမှာပေါ့နော်။ ဇင်မောင်တစ်ယောက်တည်းကိုပဲ ဟိုကောင်ကြီးလို့ ပြောလိုက်တာလား။***'

ဝမ်းဘဲ ဇင်မောင်က ကိုသန်းဋ္ဌေးကို နွားဟီသံ ပြန်လုပ်ပြသည်။

လေးခင်မောင်ဝင်းက '***ဟိုအကောင်နဲ့ပုံစံတူလို့ ပြောတာ ခုတော့အသံပါတူနေပြီ***' ကိုသန်းဋ္ဌေးက ဇင်မောင်ကိုစသည်။ ခါတိုင်းဆိုလျှင် ဒီလိုစလိုက်သည်နှင့် တစ်ယောက်တစ်ပေါက် သံစုံထွက်လာတတ်သော်လည်း ပန်းတိုင်ရောက်ဖို့ နီးပြီဖြစ်ရာ တွေ့လိုဇော၊ မြင်လိုဇောများက အသံတိတ်အောင် ပါးစပ်ပိတ်ထားလိုက်ပြီ။ နောက်ထပ် ၁ မိုင် ခရီးသည် ရယ်မော၊ အော်ဟစ်သံများ ဆိတ်သုန်းနေတော့၏။ မိမိဝန်ထမ်းများက တွေ့သမျှ သစ်ပင်မှတ် တမ်းတင်ရာမှပေါ်ထွက်လာသော ကညင်၊ လုံးပတ် ၂၂ပေ ၊ ကျွန်း ၊ လုံးပတ် ၂၀ ပေ စသည့် အသံများမှ အပ အပိုစကားမကြားရ။



PDF Compressor Free Version





'**အောင်ပြီ.. အောင်ပြီ .. အောင်ပြီ**' နိမ့်ဆင်းသွားသော ကော့ညွတ်ကလေးရဲ့ ဟိုအောက်နားဆီက အော်ဟစ်ကြွေးကြော်သံများ ကြားရသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။ သေချာနေပြီ၊ ပန်းတိုင်ရောက်တော့မည်။ ခပ်သော့သော့လေး အပြေးဆင်းသည်။ အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်နှင့် အဆိုပါသစ်ပင်ကြီးရဲ့ ဖုထစ်ပေါ် မတ်တပ်ရပ် လက်မထောင်ပြနေသော ဦးတင်ရွှေရဲ့ အပြုံးမျက်နှာကို တွေ့ရသည်။



'**အောင်ပြီ .. အောင်ပြီ .. အောင်ပြီ**' ဟု ကြွေးကြော်သံများက ထပ်ပြန်တလဲလဲ မစဲတော့။ '**အောင်ပြီ .. အောင်ပြီ ..အောင်ပြီ**' ဟု ပြန်အော်ပြီး မိမိလည်း ကျွန်းပင်ကြီးအနား ရောက်သွားသည်။

လုံးပတ်တိုင်းကြသည်။ ရင်စို့လုံးပတ် ၂၇ ပေ ၅ လက်မ။

အားလုံးမျက်နှာ ပျက်သွားသည်။ ခုနက တွေ့ခဲ့ရသော အပင်ကြီးက ရင်စို့လုံးပတ် ၂၇ ပေရှိသည်။ ၅ လက်မလောက်သာ ပိုကြီးနေခြင်းကို အားမရနိုင်ခြင်းဖြစ်သည်။ ပြန်တိုင်းပါဦးလို့ ဆိုကြသဖြင့် ကွန်ချစ်တို့အဖွဲ့ သုံးလေးခါ တိုင်းကြရသည်။

သစ်ပင်လုံးပတ်ကိုတိုင်းသည့်အခါ ရင်စို့အမြင့်ဟု ခေါ်သော မြေပြင်မှ ၄ ပေ ၆ လက်မ အမြင့်မှာ လယ်ဗယ်ညီတိုင်းရသည်။ တောင်ကုန်း တောင်စောင်းမှာ ပေါက်နေသော သစ်ပင်ဖြစ်လျှင် မြင့်ရာဘက်က တိုင်းရသည်။

ကျွမ်းကျင်ဝန်ထမ်းများ လုံးပတ်တိုင်းလျှင် အလွန်ကြည့်လို့ကောင်းသည်။ လေးပေ ခြောက် တိုင်းတံလေး မြေပေါ်မှာထောင်လိုက်ပြီး တိုင်းတံထိပ်နှင့်ထိတဲ့ နေရာကို ဓားနဲ့ ထိရုံ တို့ရုံ မှတ်လိုက်သည်။ သစ်ပင်ကို ဖက်လိုက်ခါ လက်တစ်ဖက်က တိုင်းတုတ်ကို ဆန့်တန်းလိုက်ပြီး အခြားတစ်ဖက်ကအလိုက်သင့်လွှဲပစ်လိုက်တဲ့ ပေကြိုးအစကို တိုင်းတုတ်ဖြင့် ဆွဲယူ လိုက်ခြင်းဖြင့် ပေကြိုးက သစ်ပင်ကို ပတ်မိသွားသည်။ ၄ ပေ ၆ လက်မ မှတ်ထားတဲ့ လယ်ဗယ်ညီအမြင့်က တိုင်းလိုက်ရုံသာ။

အခုသစ်ပင်ကြီးက တောင်စောင်းမှာ ပေါက်နေခြင်းဖြစ်သည်။ နိမ့်ရာဘက်က တိုင်းလျှင် ပေ ၃၀ ကျော်ပေမည်။ သစ်တောဝန်ထမ်းဖြစ်သော မိမိတို့အနေဖြင့်တော့ လုံးပတ်ကြီး စေလို၍ နိမ့်ရာက တိုင်းရမှာကို လိပ်ပြာမလုံ၊ နောင်တွင် အမှတ် မှားမှာလည်း စိုးရိမ်သည်။ ထိုစိုးရိမ်စိတ်ကြောင့်ပင် ၂၇ ပေ ၅ လက်မကို အားမလို အားမရဖြင့် အတည်ယူလိုက်ရပါတော့သည်။

မည်သို့ဆိုစေ၊ လွန်ခဲ့သောနာရီပိုင်းကတွေ့ခဲ့သော အကြီးဆုံးကျွန်းပင်ကြီးထက်ကြီးသော ကျွန်းပင်ကြီးကို မှတ်တမ်းတင်နိုင်ခဲ့ပြီ။ တစ်ဦးတည်း ပေကြိုးပစ်ပြီး တိုင်းလို့ရသော အရွယ်မဟုတ်ခြင်း၊ အမှားအယွင်း မဖြစ်စေလိုခြင်း၊ ကိန်းဂဏန်း မှန်မှန်ကန်ကန် ဖြစ်စေလိုခြင်းကြောင့် ပေကြိုးကို လယ်ဗယ်ညီဖြစ်အောင် ကြိုးပတ် လမ်းကြောင်းတစ်လျှောက် လက်သမားသုံး ရေချိန်ချပြီး ဝန်ထမ်းသုံးလေးယောက် ဝိုင်းကူ၍တိုင်းယူသည်။ တိုင်းထားသည့်နေရာကိုလည်း နောင်တွင် မှတ်မှတ်သားသား ကျန်ရစ်အောင် အသင့်ဖြတ်တောက်လာသော ဒန်ပြားပေါ်တွင် GBH 27' 5" (28.8.2017) ဟု သံချောင်းဖောက် စာလုံးဖော်ပြီးကပ်လိုက်ကြသည်။ စာတမ်းကို ဖတ်ပြီး 'ရင်စိုလုံးပတ် ၂၇ ပေ ၅ လက်မ' အထပ်ထပ် ရွတ်ဆိုနေမိသည်။




ဆက်လက်ဖော်ပြပါမည်

ကမ္ဘာမျက်နှာပြင်ရဲ့ ၇၀% က ရေ ။
ဒါပေမယ့် သောက်သုံးနိုင်တာ
၃% ပဲရှိတယ်။



PDF Compressor Free Version





# လွမ်းဆွတ်သတိရခြင်း(၅)

ချစ်ဦး (၉၂)

၂၀၁၉ ခုနှစ် မတ်လထဲရောက်တော့ လက်ထောက်ညွှန်ကြားရေးမှူး လုပ်သက် (၃) နှစ်ရှိတဲ့သူတွေ ဒုတိယညွှန်ကြားရေးမှူးဖြေဖို့ ဦးစီးရုံးချုပ်က ဝန်ထမ်း ကိုယ်ရေးအချက်အလက်တွေ တောင်းလာပါတယ်။ ကျွန်တော်လည်း လက်ထောက်ညွှန်ကြားရေးမှူး လုပ်သက် (၅) နှစ်တည်းရောက်ခဲ့ပြီ။ ပထမတစ်ကြိမ်တုန်းက ဒုတိယညွှန်ကြားရေးမှူးရာထူးတိုးစာမေးပွဲဖြေဆိုဖို့ လုပ်သက်လပိုင်းလောက်လိုလို့မဖြေလိုက်ရပါ။ စာမေးပွဲက မေလထဲဖြေရမယ်ပေါ့။ ဧပြီလထဲ ရောက်တော့ တစ်လလုံးသစ်ဖမ်းနေရတာနဲ့ စာမေးပွဲသာသွားဖြေရင်မဖြေနိုင်မှာ သေချာပါတယ်။ ကာယရော ဉာဏရော ထူးချွန်တယ်ဆိုတာ ဝတ္ထုတွေ ရုပ်ရှင်ဇာတ်လမ်းတွေမှာပဲရှိတာပါ။ ကာယပင်ပန်းနေရင် စာဖတ်ပြီး မှတ်နိုင်ဖို့ဆိုတာမလွယ်တဲ့ကိစ္စပါ။ ကံကောင်းထောက်မစွာပဲ စာမေးပွဲကိုဖွန်လရွှေ့လိုက်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးရာထူးတွေ လွတ်နေတာနဲ့ စာမေးပွဲဖြေပြီး ဘာမှမကြာပါဖူး။ ဩဂုတ်လထဲ ရောက်တော့ ကျွန်တော်လည်း ဒုတိယ ညွှန်ကြားရေးမှူးရာထူးတိုးတော့တာပါပဲ။ ဦးစီးအရာရှိကနေ လက်ထောက်ညွှန်ကြားရေးမှူးရာထူးတိုးတုန်းကလည်း ဩဂုတ်လဆိုတော့ ဩဂုတ်လဟာ ကျွန်တော့်အတွက်ကံကောင်းတဲ့အချိန်၊ ရာထူးတိုးတဲ့လလို့ ပြောလို့ရပါတယ်။

ဒုတိယညွှန်ကြားရေးမှူးရာထူးနဲ့ ကျွန်တော့်ကို ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနမှာ တာဝန်ချထားပါတယ်။ သီးခြားတာဝန်အနေနဲ့ MRRP ဖုန် (၃) တာဝန်ခံအဖြစ်ပါ တာဝန်ပေးပါတယ်။ တာဝန်အနေနှင့်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်အတွင်းမှာ ဆောင်ရွက်နေတဲ့ သစ်တောလုပ်ငန်းတွေကို စစ်ဆေးဖို့ပါပဲ။ မိုးတွင်းကာလဆိုတော့ အဓိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွေကို စစ်ဆေးပါတယ်။ စိုက်ခင်းတွေအနက် တချို့စိုက်ခင်းတွေက ထွန်စက်နှင့်သွားလို့ရသလို တချို့စိုက်ခင်းတွေက ခြေလျင်သွားရပါတယ်။ ပေါက်ခေါင်းစိုက်ခင်းဆိုတောင်ဆင်းတောင်တက်နဲ့ ချောင်းတစ်လျှောက်သွားရတာ စိုက်ခင်းရောက်ဖို့ (၆) နာရီနီးပါးလမ်းလျှောက်ရပါတယ်။ စခန်းတဲရောက်တဲ့အချိန်မှာ စိုက်ခင်းမစစ်နိုင်တော့လို့ နားလိုက်ရပါတယ်။ နောက်တစ်နေ့ကျမှစိုက်ခင်းစစ်ပြီး၊ အပြန်တော့ ဌာနပိုင် ဆင်စီးပြီးပြန်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့တစ်နှစ်လောက်က ကျွန်တော်စီးခဲ့တဲ့ဆင်ကြီးသေသွားကြောင်းသိရသဖြင့် စိတ်မကောင်းဖြစ်ရပါသေးတယ်။ ကျွန်တော်လည်း စိုက်ခင်းစစ်ဆေးရေးထွက်လိုက်တာ ဖုန်တစ်ခုလုံး နတ္တလင်း၊ ကြို့ပင်ကောက်၊ အုတ်ဖို (၃)မြို့နယ်ကလွဲလို့ ကျန်တဲ့မြို့နယ်တွေ အကုန်ရောက်ပြီးခဲ့ပါပြီ။ အောက်တိုဘာလမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လက်ထောက်ညွှန်ကြားရေးမှူးများနဲ့ အစည်းအဝေးလုပ်ပါတယ်။ သိပ်မကြာမီမှာဘဲ ဦးသန့်ဇော်ဦးက ဒုတိယညွှန်ကြားရေးမှူးကနေ ကယားပြည်နယ်ညွှန်ကြားရေးမှူး ရာထူးတိုးထွက်ပါတယ်။ အဲ့ဒီအချိန်မှာ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူ/စီ)က ဖုန်(၂) ကို ဘယ်သူ တာဝန်ချထားရမလဲလို့ စဉ်းစားနေတဲ့အချိန်မှာ ကျွန်တော်က ရခိုင်ပြည်နယ်ပါ ကျွန်တော်စစ်ပေးပါမယ်လို့ တင်ပြလိုက်ပါတယ်။ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဖုန် (၂) ကိုစစ်ဆေးဖို့ ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ဖုန် (၃) ကို ကိုညွန့်ဝင်း တာဝန်ယူလိုက်လို့ပြောတော့ ကျွန်တော်က ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတွေကို စစ်ဆေးရေးတာဝန်ယူရပါတယ်။

တကယ်တော့ ရခိုင်ပြည်နယ်က မိုးရေချိန်များပြီး အမြဲစိမ်းတောတွေပေါက်ရောက်သလို ကရင်ဝါးတွေ ပေါက်ရောက်တာ ထင်ရှားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကတော့ မြောင်းမြခရိုင်က ဒီရေတောတွေ ပေါက်ပြီး ပုသိမ်ခရိုင်ကတော့ အမြဲစိမ်းတောတွေပေါက်ပါတယ်။ ကျွန်တော်တို့ကျောင်းသားဘဝ ပုသိမ်မြို့နယ် လျှောပြာဘက် ကွင်းဆင်းတော့ ကညင်ပင်၊ တောင်သရက်ပင်တွေ ကြီးကြီးမားမားပေါက်ရောက်နေတာတွေ့ရပါတယ်။ ဟင်္သာတခရိုင်ကတော့ လေးမျက်နှာမြို့နယ်ဘက်က အင်တိုင်းဆန်တဲ့ တောတွေ တွေ့ရသလို အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့နယ်ဘက်တော့ တချို့နေရာတွေမှာ အထက်ရွက် ပြတ်ရောနှောတောစို၊ တချို့နေရာတွေမှာ အထက်ရွက်ပြတ်ရောနှောတောခြောက်နှင့် အင်တိုင်းတောတွေ တွေ့ရပါတယ်။ ကျွန်တော်တို့ ကျောင်းတုန်းက ဆရာဦးစောဝင်း (၁၉၇၁ ဆင်း ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)က ကျွန်တော်တို့ကို သစ်တောသယံဇာတကောက်ယူခြင်းသင်ပါတယ်။ မြန်မာပြည်က သစ်တောတွေက သမပိုင်း သစ်တောတွေနဲ့

PDF Compressor Free Version



သဘောသဘာဝမတူကြောင်း၊ နေရာတစ်နေရာတည်းမှာပဲ Forest Type ပြောင်းသွားနိုင်ကြောင်း၊ နိုင်ငံခြားသား သစ်တောပညာရှင်များအနေနှင့် တစ်ခါတရံ ဒီသဘောကိုနားမလည်ကြောင်းပြောခဲ့သဖြင့် မှတ်သားခဲ့ရသလို ကျွန်တော်တို့အရွယ်ရောက်လို့ တောတွေရောက်တဲ့အခါမှာလည်း ဆရာပြောတာမှန်ကြောင်း တွေ့ရှိရပါတယ်။ ငယ်တုန်းက ဒီလိုသဘောတရားတွေကို သိအောင်ပြောပြပေးတဲ့ ဆရာ့ကိုလည်း ကျေးဇူးတင်ရပါတယ်။ အလားတူ တတိယနှစ်ကျောင်းသားဘဝကွင်းဆင်းစဉ် မေမြို့ရောက်တုန်း စိုက်ခင်းတွေလေ့လာရပါတယ်။

နိုင်ငံခြားမျိုး ထင်းရှူးစိုက်ခင်းတွေကို လေ့လာတော့ (၅)နှစ်သားလောက်နဲ့ ထင်းရှူးပင်တွေဟာ ပွင့်နေတာတွေ့ရပါတယ်။ ဆရာဦးမန်းကိုကိုကြီး (၁၉၆၃ ဆင်း ညွှန်ကြားရေးမှူး ငြိမ်း) က ဒါအရွယ်မတိုင်မီကြီးရင့်ခြင်း (Early matured)ဖြစ်တာပဲ။ ဒီထင်းရှူးမျိုးတွေက ဒီမှာမပျော်လို့ဖြစ်တာ။ စောစောသေနိုင်လို့မျိုးချန်တာပဲ။ ဆရာက ကျွန်တော်တို့စတုတ္ထနှစ်မှာ Plantation Silviculture သင်ပါတယ်။ ငယ်စဉ်ကတော့ ကျွန်တော်တို့က ဒီလိုဆရာကောင်းတွေနဲ့ ကြုံခဲ့ရပြီး ဆရာတွေကို အမြဲကျေးဇူးတင်နေရပါတယ်။

သစ်တောဌာနမှာ ကျွန်းစိုက်ခင်း၊ ပျဉ်းကတိုးစိုက်ခင်းစိုက်ပျိုးတဲ့အကြောင်းဆွေးနွေးကြရင် အတော်များများက တစ်ယောက်တစ်မျိုး ဆွေးနွေးကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်သက်တစ်လျှောက် ဒီလိုစိုက်ခင်းတွေကို ထူထောင်ဖူးကြလို့ပါပဲ။ ထင်းရှူးစိုက်ခင်း၊ ဒီရေတောစိုက်ခင်းတွေအကြောင်းပြောရင် ဆွေးနွေးနိုင်တဲ့လူ နည်းပါတယ်။ အဓိကကတော့ ဒီရေတောစိုက်ခင်းအကြောင်းပေါ့။ ဒီရေတောစိုက်ခင်းအကြောင်းပြောရင် အစ်ကိုကြီး ဦးဝင်းမောင် (၁၉၇၈ ဆင်း ညွှန်ကြားရေးမှူး ငြိမ်း) က တော့ မပါမဖြစ်ပါပဲ။ ဒီရေတောနှင့်ပတ်သက်လို့ Expert ပဲ။ နိုင်ငံတကာအဆင့်ပညာရှင်လို့ ပြောလို့ရပါတယ်။

မြောင်းမြခရိုင်ကို စိုက်ခင်းစစ်သွားရင် ကျွန်တော်က နံနက်စောစော နေပြည်တော်ကနေထွက်ပါတယ်။ နေပြည်တော်–ရန်ကုန်–လှိုင်သာယာ–ကွမ်းခြံကုန်းကနေ ဖျာပုံအထိရောက်အောင်သွားပါတယ်။ နည်းနည်း အချိန်စောရင် ထောင်ကြီးတန်းစခန်းအထိ ရောက်အောင်သွားပြီး စခန်းမှာ ညအိပ်ပါတယ်။ နောက်ကျရင်တော့ ဖျာပုံမှာပဲ ညအိပ်ပါတယ်။ ဖျာပုံမြို့နယ် ဦးစီးအရာရှိကတော့ ကိုဇော်မင်းထွန်း(၂၀၀၁ ဆင်း)ပါ။ ရေနံချောင်းသားဖြစ်ပြီး ရောဝတီတိုင်းသူနဲ့ အိမ်ထောင်ကျနေတာပါ။ သူလည်းတောအုပ်ကြီးဘဝတည်းက ဒီရေတောစိုက်ခင်းတွေ တည်ထောင်ခဲ့တာဆိုတော့ ဒီရေတောစိုက်ခင်းတည်ထောင်တာ ကျွမ်းကျင်ပါတယ်။ ဖျာပုံမြို့နယ်က ဒီရေတောစိုက်ခင်းအပြင် ကျေးရွာထင်းစိုက်ခင်းတွေကိုလည်း ဒီရေတောပင်တွေ စိုက်ပါတယ်။ ပြင်ဒရယ်ကြိုးဝိုင်းထဲမှာစိုက်တာပါ။ ထောင်ကြီးတန်းစခန်းမှာ အဓိကထားပြီးပျိုးပါတယ်၊ JICA အကူအညီနဲ့ ဆောက်လုပ်ထားတဲ့ Cyclone Shelter တွေရှိသလို ပျိုးကန်တွေလည်းတူးပြီးသားဆိုတော့ အခက်အခဲ မရှိပါဘူး။ မြောင်းမြ တစ်ခရိုင်လုံးကတော့ သမဲ့ကြီးနဲ့ မြုရွှေဝါ၊ မြုအုပ်ဆောင်း စတဲ့သစ်မျိုးတွေ ပျိုးထောင်သလို ပင်လယ်အုန်း၊ ကျန စတဲ့ သစ်မျိုးတွေကိုလည်း အနည်းအကျဉ်းပျိုးထောင်ကြရပါတယ်။ အဓိကကတော့ သမဲ့ကြီးကို ပျိုးထောင်ကြတာ များပါတယ်။ စိုက်ခင်းစစ်ရင် ဖျာပုံမြို့နယ်စစ်ပြီးရင် စက်လှေနဲ့ ပင်လယ်ဝဖြတ်ပြီး ဘိုကလေးမြို့နယ်ဘက် တစ်စပ်တည်းသွားစစ်ပါတယ်။ ဘိုကလေးမြို့နယ်ကတော့ စိုက်ခင်းဧရိယာ (၁၃၀၀) ဧကဆိုတော့ ပျိုးပင်တွေကို သိန်းချီပျိုးရပါတယ်။ အများအားဖြင့်တော့ ကဒုံကနီကြိုးဝိုင်းထဲမှာ စိုက်ကြပါတယ်။ မြုံးမွှေးကျွန်းတင် ပျိုး (၁၅) သိန်းပျိုးထားပြီး ဂျပန်ကျွန်းနှင့်တခြားနေရာတွေမှာပါ ပျိုးပင်တွေပျိုးထားပါတယ်။ ဦးဝင်းစိုးဆိုတဲ့ တောခေါင်းကြီးတစ်ယောက်တည်းက မြုံးမွှေးကျွန်းမှာ ပျိုးဥယျာဉ်တာဝန်ခံအနေနဲ့ပျိုးတာပါ။ သူကတော့ လူပျိုကြီးပါပဲ။ မြောင်းမြခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအေး (၁၉၉၆ ဆင်း ယခု မြိတ်ခရိုင် AD) ကတော့ လူကသာရေစကြိုသား။ ဒီရေတောအကြောင်းတော့ အတော်နှံ့စပ်လှပြီ။ ကျွန်တော်လည်းရောက်တဲ့အချိန်တွေမှာ စိုက်ခင်းတွေစစ်သလို ဒီရေတောအပင်တွေရဲ့ သဘောသဘာဝ၊ သစ်စေ့တွေရဲ့ သဘောသဘာဝ၊ သစ်စေ့စုဆောင်း ထိန်းသိမ်းတဲ့နည်းစနစ်တွေမေးမြန်းလေ့လာပါတယ်။ ကျွန်တော့်အတွက်တော့ ပညာရပ်တစ်ခုလေ့လာရလို့ အမြတ်ရတာပါပဲ။

ဒီရေတောပင်တွေရဲ့အစေ့တွေက ပုံမှန်ဆို အပင်ကသီးပြီး ရင့်မှည့်လို့ အောက်ကိုရောက်တာနဲ့ အပင်ပေါက်တော့တာပါပဲ။ ဒါကြောင့်ပျိုးပင်တွေကို သယ်ပြီးစိုက်ပြီးတာနဲ့ပျိုးဥယျာဉ်ထဲမှာ မြေသွပ်ပြီးထပ်ပျိုးတော့တာပါပဲ။ မြေထည့်တယ်ဆိုတာ နွားချေး၊ မြေဆွေး၊ သဲတွေ ရောရတာမဟုတ်ပါဘူး။ ပျိုးကန်ထဲက လတာမြေတွေကို ထည့်တာပါ။ ပျိုးပင်တွေက စပေါက်တာနဲ့ ရလက်မ ၈လက်မလောက်ဖြစ်နေပါတယ်။ ဦးဝင်းစိုးကို မေးကြည့်တာတော့ မျိုးစေ့တွေကို သိုလှောင်ရင် တစ်လလောက်ပဲ လုပ်လို့ရကြောင်း၊ နေ့စဉ်မျိုးစေ့တွေကို ရေဖြန်းပေးရကြောင်းပေါ့။ အချိန်အတော်ကြာကြာတော့ သစ်စေ့တွေကို မသိုလှောင်နိုင်ပါဘူး။

ဒီရေတောပင်တွေဟာ လေရှူမြစ်တွေပါပါတယ်။ ရေချိုရေငန်စပ်မှာ ဒီရေတောပင်တွေ ပေါက်ရောက်ပါတယ်။ ရေချိုများတဲ့ဘက်မှာ အဓိကက လမုလမဲ့ပင်တွေ ပေါက်

PDF Compressor Free Version


ရောက်တာများပါတယ်။ ပင်လယ်ရေရောက်တဲ့အပေါ် မူတည်ပြီးလည်း ပေါက်ရောက်တဲ့သစ်မျိုးတွေ ကွာသလို ဆားအငန်ဓာတ်ပါဝင်မှုအပေါ်မူတည်ပြီး ပေါက်ရောက်တဲ့ သစ်မျိုးတွေလည်းကွာပါတယ်။ ပုစွန်ကန်တူးတယ်ဆိုတာ ယခင်ကကြားဖူးတာပဲရှိပါတယ်။ မြောင်းမြခရိုင်ရောက်မှ တွေ့ရတာက မြောင်းတွေကို ပတ်လည်တူးတာပါပဲ။ ဒီရေရဲ့သဘောသဘာဝက တပေါင်းလပြည့်ဆိုရင် ဒီရေ အမြင့်ဆုံး (High tide) ရောက်ပါတယ်။ အဲ့ဒီအချိန်ဆို ဒီရေနှင့်ပါလာတဲ့ ပုစွန်လေးတွေကို တူးထားတဲ့မြောင်းတွေ ထဲမှာ လှောင်ပြီးမွေးလိုက်တာပါပဲ။ ဒီရေအဝင်အထွက်ရှိတဲ့ ရေဝင်ပေါက်တွေလည်း ပိတ်လိုက်တော့ နောက်ဆုံးမြောင်းပတ်လည်အတွင်းမှာရှိတဲ့ ဒီရေတောပင်တွေလည်း သေဆုံးကုန်တော့တာပါဘဲ။ နောက်ပိုင်း ပုစွန်ကန်ဟောင်း ဆားလုမ်းတဲ့ မြေနေရာဟောင်းတွေမှာ စိုက်ခင်းတွေပြန်စိုက်ရင် မြေညံ့တဲ့အတွက် အပင်များရှင်သန်မှု အလွန်ညံ့ကြောင်း တွေ့ရှိရပါတယ်။

ဒီရေတောစိုက်ခင်းတွေမှာ ယခင်ကတော့ တောင်ယာခုတ်၊ မီးကာကွယ်၊ မြေသြဇာကျွေးဆိုတဲ့ လုပ်ငန်းစဉ်တွေထည့်ထားပါတယ်။ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနကတော့နည်းပညာအရ အထောက်အကူပြုတဲ့ဌာနပါပဲ။ အစ်ကို ဦးစိုးမြင့်ဦး (ရေဝေ ညွှန်ကြားရေးမှူး)ဖြစ်တော့ ဒီလုပ်ငန်းတွေက မသင့်လျော်ပါဘူး။ လုပ်ငန်းတွေ ပြောင်းလဲသင့်တာပြောင်းလဲရမယ်ဆိုပြီး ကျွန်တော်တို့ Brain Storming လုပ်ပါတယ်။ ဒေါက်တာတိုးတိုးအောင်၊ ဒေါက်တာ ဝင်းမောင်အေး။ အစ်ကိုဦးတင်သန်းမျိုး (၁၉၈၆ ဆင်း ညွှန်ကြားရေးမှူး ငြိမ်း)၊ ကိုဌေးဝင်း (၁၉၉၂ ဆင်း ကော့သောင်း AD)အပါအဝင် ဒီရေတောအကြောင်း သိသူတွေနဲ့ပါ။ ကျွန်တော်ကတော့ အစ်ကိုကြီး ဦးဝင်းမောင်ဆီမေးပြီး အကြံဉာဏ်ရယူပါတယ်။ အဆိုပါလုပ်ငန်းတွေအစား မြေပြုပြင်ခြင်း၊ ရေလမ်းဖောက်ခြင်းစတဲ့ စိုက်ခင်းအတွက် အကျိုးရှိမဲ့လုပ်ငန်းလေးတွေ ပြောင်းလဲလိုက်ပါတယ်။ စိုက်ခင်းတည့်ထောင်ရမဲ့ ရန်ပုံငွေနှုန်းထားအတွင်းပေါ့။ ဖျာပုံ ဘိုကလေးစိုက်ခင်းစစ်ပြီးရင် ဘိုကလေးကို ပြန်ပါတယ်။ ဘိုကလေး ဦးစီးအရာရှိ ကိုကျော်ကျော်မင်း (၁၉၉၈ ဆင်း ယခု နုတ်ထွက်) က စီမံအုပ်ချုပ်တာကောင်းပါတယ်။ စိုက်ခင်းတွေလည်း ရှင်သန်မှုကောင်းမွန်ပါတယ်။

ဘိုကလေးကနေအပြန်ဆို ကျွန်တော်က မြောင်းမြကို ကားနဲ့သွားပါတယ်။ တစ်ခါတရံ လပွတ္တာအထိ သွားပြီး ညအိပ်ပါတယ်။ လပွတ္တာ ဦးစီးအရာရှိ ကိုဝေဖြိုး (၂၀၁၀ ဆင်း ယခု သာပေါင်း ဦးစီးအရာရှိ)က ကန့်ဘလူနယ်သားပါ။ အညာသားပေါ့။ အညာသားတွေကဒီရေတောနဲ့ အကျိုးပေးဟန်တူပါတယ်။ ကိုကျော်ကျော်မင်းကလည်း တန့်ဆည်သားကိုး။ ဧရာဝတီတိုင်းဒေသကြီးမှာတော့ လပွတ္တာမြို့နယ်က ဝန်ထမ်းသချိုင်းပါပဲ။ ယခင်ကတော့ ဝန်ထမ်းဆိုးတွေ ပို့တာကိုး။ အခုတော့ အဲ့ဒီလိုမဟုတ်တော့ပါဘူး။ လပွတ္တာမြို့နယ်မှာတော့ ကွကွလေးနှင့် သာယာကုန်းမျိုးဥယျာဉ်ရှိပါတယ်။ နာဂစ်တုန်းကတော့ ကွကွလေး မျိုးဥယျာဉ်မှာနေတဲ့ တောအုပ်ကြီးတစ်ယောက် သေဆုံးသွားဖူးပါတယ်။ မျိုးဥယျာဉ်လုပ်သားနှင့် အမျိုးအဆွေတွေလည်းအတော်ပါသွားပါတယ်။ အခုကတော့ Cyclone Shelter တည်ဆောက်ပြီးပြီဆိုတော့ မုန်တိုင်းဒဏ် မကြောက်ရတော့ဖူးပေါ့။ စိုက်ခင်းများစစ်ဆေးရင် ပထမအကြိမ်စစ်တုန်းက အသေအပျောက်များတဲ့ စိုက်ခင်းတွေဟာ ဒုတိယအကြိမ်စစ်တော့ ရှင်သန်မှုပြန်ကောင်းနေပါပြီ။ မျိုးပင်တွေနဲ့ဖာကြသလို အသီးတောင့်ထိုးပြီးလည်း ဖာကြသပေါ့။ ဒီရေတောစိုက်ခင်းရဲ့ အားသာချက်ပါ။ အားနည်းချက်ကတော့ ဒီရေအတက်အကျပေါ် မူတည်ပြီး မျိုးသယ်ခြင်း၊ စက်လှေနဲ့သွားရခြင်းတို့ကို ဆောင်ရွက်ရတာပါဘဲ။ နံနက်ပိုင်းစိုက်ခင်းစစ်ပြီးရင် ညနေပိုင်းကျ စက်လှေနဲ့ ပြန်မလော့မြစ်ကိုဖြတ်ပြီး သာယာကုန်းမျိုးဥယျာဉ်ကိုသွားပြီး အိပ်ရပါတယ်။ လှိုင်းလေအလွန်ပြင်းထန်ပါတယ်။ ရေကြောက်တဲ့သူတွေဆို နောက်တစ်ကြိမ်သွားဖို့တောင် အခက်အခဲရှိပါတယ်။ အမှန်က ကျွန်တော်လည်း ရေမကူးတတ်ပါဘူး၊ ကံဓာတ်ဆရာအလိုကျပါပဲ။ သာယာကုန်းမျိုးဥယျာဉ်ကနေ စိုက်ခင်းစစ်ဆေးပြီးရင် အဲ့ဒီစခန်းမှာပဲ ညအိပ်ပါတယ်။ နောက်တစ်နေ့ကျ လပွတ္တာမြို့ကို ပြန်ရပါတယ်။ (၅) နာရီ လောက်ကြာပါတယ်။ ဖြူမွှေးကျွန်းမှာ ညအိပ်ရင် ကျွန်တော်က Cyclone Shelter ရဲ့ ပထမထပ်မှာအိပ်ပါတယ်။ ထမင်းစားရင်လည်း ပထမထပ်မှာပဲ စားပါတယ်။ တစ်ညထမင်းစားရင်းနဲ့ အောက်ကမီးစက်က ခဏခဏ ရပ်လိုက်၊ နိုးလိုက် ဖြစ်နေတာတွေ့ရပါတယ်။ ဒါနဲ့ နံနက်ခင်းကျတော့ ဦးဝင်းစိုးကို ကျွန်တော်က မေးပါတယ်၊ မီးစက်ဘာလို့ ခဏခဏရပ်နေရတာလဲလို့၊ ဦးဝင်းစိုးက ဘေးကမြင်တဲ့သူတွေကပြောတာတော့ ဘေးသစ်ပင်ကသရဲမက ဆင်းဆင်းပြီး လာပိတ်တယ်ပြောကြတာဘဲ။ ကျွန်တော်ကတော့ မမြင်ဖူးပါဘူးတဲ့။ အမှန်ကတော့ အင်ဂျင်ပူလို့ ရပ်တာလဲဖြစ်နိုင်တာပါပဲ။ ဒါနဲ့ စိုက်ခင်းစစ်ရင်း နေ့လယ်စာမစားမီ ဝန်ထမ်းတွေနဲ့ ကျွန်တော်က စကားစမြည်ပြောရင်းနှင့် အဲ့ဒီအကြောင်းလေးပြောပြပါတယ်။ တောအုပ်တစ်ယောက်က အဲ့ဒါဘာဟုတ်သေးလဲ။ ဆရာအိပ်တဲ့ အထပ်မှာတောင်ရှိသေးတယ်တဲ့။ ကျွန်တော်ကတော့ မတွေ့ခဲ့ရပါ။ အမှန်ကတော့ ကျွန်တော်က ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး မကြောက်တတ်ပါ။ ဘာသာတရားအရတော့ မကျွတ်မလွတ်တဲ့သူတွေရှိနိုင်သလို အမျှအတန်းလိုချင်လို့ ကိုယ်ထင်ပြတာလည်း ဖြစ်နိုင်ပါတယ်။

PDF Compressor Free Version

မြောင်းမြခရိုင်သွားရင်တော့ ပင်လယ်စာဖြစ်တဲ့ ကဏန်းတို့၊ ပုစွန်တို့စားရပါတယ်။ စားလို့ကောင်းပါသော်လည်း သွေးတိုးမှာလည်း ကြောက်ရပါသေးတယ်။ တစ်ခါတရံ သင်ပေါင်းပိုးကြော်ကိုလည်း စားရတဲ့အခါရှိပါသေးတယ်။ အလွန်ဆိမ့်ပေါ့။ ရန်ကုန်မှာဆို ဈေးကြီးတဲ့ အစားအစာတွေပေါ့။ ဒီရေတောတွေရှိမှ ရေနေသတ္တဝါတွေပေါက်ဖွားဖို့အဆင်ပြေမှာပါ။ သစ်တောဌာနက စိုက်ခင်းတွေတည်ထောင်ပြီး ဒီရေတောပေါ်များဖို့ ဆောင်ရွက်နေသလို တခြားတစ်ဖက်ကလည်း ပုစွန်ပြုတ်ဖို့ ထင်းတွေခိုးခုတ်နေကြတာ၊ ပုစွန်ကန်တည်ထောင်တာ၊ ဆား လုပ်တဲ့နေရာ တွေလုပ်နေတာကလည်း ဒီရေတော ပျက်စီးခြင်းအကြောင်းတစ်ခုပါဘဲ။ ဒီရေတောတွေကလည်း လူတွေရဲ့အနောင့်အယှက်သာမရှိလျှင် ပုံမှန်မျိုးဆက်မှုကောင်းတဲ့ တောတွေဖြစ်ပါတယ်။ ရေလမ်းကြောင်းတွေ မပိတ်ထားရင်ပေါ့။ တောရဲ့သဘောသဘာဝကလည်း ကျပ်ကျပ်တည်းတည်းနဲ့ပေါက်တဲ့သဘာဝရှိပါတယ်။

ဘာပဲပြောပြော ဒေသခံတွေရဲ့ ထိန်းသိမ်းမှု၊ သစ်တောဦးစီးဌာနရဲ့ ပြုစုစောင့်ရှောက်မှုတွေနဲ့သာ ဆောင်ရွက်သွားကြမည်ဆိုလျှင် ဒီရေတောများတိုးတက်ကောင်းမွန်လာပြီး မုန်တိုင်းဒဏ်မှထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်သလို ရေနေသတ္တဝါများ တိုးတက်များပြားလာပြီး ဒေသခံများ၏ လူမှုစီးပွားရေးတိုး တက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်းနှင့် ဒီရေတောစိုက်ခင်းများအား ပင်လယ်နားတစ်ဝိုက်တွင်အခက်အခဲ၊ အသက်အန္တရာယ်များကြားမှအောင်မြင်အောင် ကြိုးစားပမ်းစား စိုက်ပျိုးနေကြပါသော လုပ်ဖော်ကိုင်ဖက်သစ်တောဝန်ထမ်းညီအစ်ကိုများအား လေးစားစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ (ပညာရပ်ဆိုင်ရာ ဆောင်းပါးမဟုတ်ပါ။ ခရီးသွားဆောင်းပါးသာဖြစ်ပါသည်။)



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

## POLLUTION ညစ်ညမ်းခြင်း

ကာတွန်းသားကွက်



အောင်ဝင်းထွန်းသန့်

# ထိန်းသိမ်းရမည့် မြစ်ဝကျွန်းပေါ်ဒီရေတောများ







ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေ လိုက်ပါလာသည့်စက်လှေက ရေလှိုင်းကိုထိုးခွဲလျက် ငြိမ့်ငြိမ့်မှန်မှန် သွားနေသည်။ စက်လှေဦးပိုင်းတွင် အစိမ်းရောင်အလံငယ်တစ်ခုက လေနှင့်အတူ တဖြတ်ဖြတ်လွင့်လျက်၊ အလံအောက်တွင် သစ်တောဦးစီးဌာနတံဆိပ်ကို မြင်ရသည်။

မြစ်ပြင်ကိုဖြတ်လာသော လေက တဟူးဟူးတိုးနေ၏။ သာယာကုန်းမျိုးဥယျာဉ်သို့ ညနေမှရောက်မည်။ မျိုးဥယျာဉ်တွင် မုန်တိုင်းဒဏ်ခံအဆောက်အဦရှိပြီး တာဝန်ကျဝန်ထမ်းများ စခန်းချနေထိုင်ကြသည်။ မုန်တိုင်းအန္တရာယ်ကြုံလျှင် အနီးအနားမှာ အကြောင်းအမျိုးမျိုးဖြင့် ဒေသခံတို့ရောက်နေပါက ဤအဆောက်အဦသည် သူတို့ ခိုလှုံရာလည်းဖြစ်သည်။ ထို့အပြင် မုန်တိုင်းအန္တရာယ်သတိပေးချက်ရှိပါက အနီးအနားရှိစိုက်ခင်းစခန်းများမှ ဝန်ထမ်းများလည်းလာရောက်ခိုလှုံကြသည်။

မျိုးဥယျာဉ်လုပ်ငန်းနှင့် စိုက်ခင်းများစစ်ဆေးရန် ထိုစခန်းတွင် ကျွန်တော်တို့ညအိပ်ရမည်။ လပွတ္တာမှ သာယာကုန်းစခန်းသို့ စက်လှေမောင်းချိန် နေ့တစ်ဝက်ခန့် အချိန်ကြာသည်။ ထိုစခန်းမှာ ပင်လယ်ဝနှင့်ကပ်လျက်နေ၏။

လပွတ္တာမြို့နယ်၏ ပြန်မလော့မြစ်ကကျယ်သည်။ မိုးရာသီမို့လှိုင်းကြီးသည်။ အထူးသဖြင့် ညနေပိုင်းတွေမှာ လှိုင်းကြီးသည်။ မြစ်ချောင်းနှင့်ပင်လယ်သာမက ဆည်တမံတွေမှာလည်း ညနေပိုင်းဆို လှိုင်းကြီးတတ်သည်။

စက်လှေက ပြန်မလော့မြစ်မှ မြစ်ကျဉ်းလေးတွေဝင်သည့်အခါ ဝင်သည်၊ ရေတက်ရေကျနှင့် ရေကြောင်းအပေါ် မူတည်ပြီး မောင်းနေသည်။ ကမ်းနံ့ဘေးမြင်ကွင်းတွေက အမျိုးမျိုးပြောင်းသွားသည်။

စက်လှေက တစ်ခါတစ်ခါချောင်းအလယ်အတိုင်းသွားလျက် တစ်ခါတစ်ခါချောင်းကမ်းနံ့ဘေးကပ်လျက် ခုတ်မောင်းလျက်ရှိသည်။ ချောင်းနံ့ဘေးတွင် တစ်ခါတရံ အိမ်တစ်လုံးနှစ်လုံးတွေ့ရ၏။ ထိုအိမ်လေးများမှာ ချောင်းရေထဲတွင်မြုပ်နေသယောင်မြင်ရသည်၊ ဝါးကိုတိုင်လုပ်ထားသည့် တဲအိမ်များ၊ မျော သို့မဟုတ် သင်ပေါင်းကို တိုင်လုပ်ထားသည့် တဲအိမ်လေးများဖြစ်သည်။ အမိုးနဲ့ အကာကို ဓနိဖျာများသုံးထားသည်။ တဲအိမ်အခင်းကို ဝါးသို့မဟုတ် မျော နှင့် သင်ပေါင်းတို့ကို သုံးကြသည်။

တစ်နေရာမှာ ငှက်သမ္မန်ကို ခတ်နေသူတစ်ဦးကို မြင်ရသည်။ ရေချိုထည့်ထားပုံရသော ပလတ်စတစ်ပုံးဝါတစ်ပုံးပါသည်။ လှေနောက်မှာ ဒီရေတောနှင့်မြင်ရတာ ပန်းရသည်။ ဒီရေတောတွေက ပိတ်သည့်နေရာပိတ်၊ ကျဲသည့် နေရာကျဲ၊ မြက်ခင်းနှင့် ဒီရေရောက်ပင်များ၊ မြက်ခင်းနှင့် ဓနိပင်များ၊ မြက်ခင်း၊ ဓနိ၊ ဒီရေရောက်ပင်များ ရောနှောပေါက်ရောက်သည့် ပုံစံအမျိုးမျိုးပြောင်းသွားသည်။ ခြောက်နေသော ဒီရေရောက်တောအပင် တစ်ပင်စ နှစ်ပင်စတွေ့ရသည်။ တစ်နေရာမှာ ချောင်းနံ့ဘေးက တဲအိမ်ကလေး၌ လှေနှစ်စီးကပ်ထားသည်။ ကိုယ်ပိုင်ဆိုရင်တော့ ချောင်လည်သည်ဟုဆိုရမည်။ တောနေ တောရပ်မှာ စီးပွားရေးဟန်သည်ဟုဆိုရမည်။ တစ်ခါတရံ လှေအသေးလေးများ၊ လှေအလတ်စား၊ လှေခပ်ကြီးကြီး အမျိုးမျိုးတွေ့ရသည်။ မြို့ပေါ်က လူတွေကဲ့သို့ ကားဆိုင်ကယ်ရှိမှ ခရီးတွင်အလုပ်တွင်သကဲ့သို့ သူတို့မှာလည်း ဤလို လှေလေးတွေရှိမှ အဆင်ပြေကြမည်။ တစ်နေရာမှ တစ်နေရာ သွားလာရန်၊ ငါး၊ ပုစွန်၊ ကဏန်း၊ ငွေးထောင်ရန်၊ ဝမ်းရေးအတွက် ရေနှင့်ပတ်သက်သော အလုပ်မျိုးစုံသည် ဤလှေရှိမှဖြစ်မည်။ လှေများက ပုံစံမျိုးစုံသည်။ စင်ရော်ငှက်လိုကော့ကော့ ပျံပျံလေးတွေ၊ အဖြူအပြာဆေးရောင်စုံချယ်ထားတဲ့လှေများ၊ ရေနံချေးသုတ်ထားတဲ့လှေများအစုံဖြစ်သည်။ ကုန်းပေါ်မှာ ကားတွေဆိုင်ကယ်တွေ ပုံစံမျိုးစုံအရောင်စုံရှိကြသလိုပင်။

အချို့နေရာများတွင် တဲတိုက်လေးများသဖွယ် စုစုဝေးဝေးတွေ့ရသည်။ ဆွေမျိုးမိတ်ဆွေတွေ စုနေကြတာတွေဖြစ်မည်။ တစ်ချို့က ရွာငယ်

PDF Compressor Free Version



လေးတွေဖြစ်မည်။ သူတို့ အိမ်များက ဒီရေတက်ချိန်ဝယ် ရေပြင်နှင့် အိမ်ကြမ်းပြင်လွတ်သည်ဆိုရုံမျှသာဖြစ်သည်။ ကုန်းမြေတစ်ခုလုံးမှာ ရေပြင်အထက် တစ်ထွာတစ်တောင် လောက်သာမြင့်သည်ဟု ထင်ရသည်။

စက်လှေခုတ်မောင်းရာ ချောင်းတစ်လျှောက်တွင် သဘာဝဒီရေရောက်သစ်တောတို့ကို တွေ့မြင်နေရသည်။ ဖြူးခြေထောက်၊ ဖြူးရွှေဝါ၊ ကန့်ပလာ၊ ကနစို၊ လမု၊ သမဲ့၊ သရော၊ ကျနု၊ စကားလွန်း၊ မြင်းက နှင့် ဓနိပင်တို့ ပေါက်သည်။ ချောင်းဘေးတစ်လျှောက်တွင် အများဆုံး တွေ့ရသည်မှာ လမုနှင့်သမဲ့တို့ဖြစ်ကြသည်။ ဖြူးခြေထောက်ပင်တို့က ခန့်ခန့်ညားညား ရှုပ်ရှုပ်ထွေးထွေး ညို မဲမဲအရောင်ခြေထောက်အရှည်ကြီးများနှင့်။ အရွက်အရောင်ကလည်း တောက်တောက်ပြောင်ပြောင်။ ကန့်ပလာပင်တို့ကအဝေးကကြည့်လျှင် အရွက်သေးသေးရှည်ရှည်မို့ ယူကလစ်ပင်လားထင်ရသည်။ ကနစိုပင်များ၏ သစ်ရွက်အရောင်ကခပ်မွဲမွဲဖြစ်သည်။ သစ်ပင်အားလုံးတို့က တစ်မျိုးစီလှကြသည်။ ဒီရေတောမှာ ချုံနွယ်ပိတ်ပေါင်းတို့လည်း ရှိသည်။ အချို့နေရာများတွင် မျောက်ကြိမ်၊ ဒေါင်းတက်၊ ဘိစပ်၊ ခရူ၊ ခရာနွယ်၊ ငုက်ကြီးတောင်၊ ရေသမန်း၊ အလိုလေး၊ မိချောင်းနွယ်၊ ခွေးလေးနွယ်စသည့် နွယ်ပင်တွေ ရှုပ်ရက်ခတ်နေတတ်သည်။ ငုက်ကြီးတောင်အရွက်များက မိချောင်းများအသိုက်လုပ်ကြသည်ဆိုသည်။

'အရင်ကထက် ဒီရေတောတွေ ပိုတွေ့လာရတယ်'

တစ်ယောက်က စက်လှေပေါ်မှ မြင်နေရသော တောအချို့ကို လက်ညိုးထိုးပြရင်းပြောသည်။

ကုန်းပေါ်တောများထက် ကာဗွန်စုပ်ယူနိုင်မှု လေးဆပိုမိုမြင့်မားသော ဒီရေတောများထိန်းသိမ်းခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုလျှော့ချနိုင်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကိုကာကွယ်နိုင်မည်။ ဒီရေတောများကောင်းမွန်နေခြင်းဖြင့် ကမ်းရိုးတန်းရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ် ကာကွယ်နိုင်မည်။ ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အကာအကွယ်ပေးနိုင်သဖြင့် ရေလုပ်ငန်းကိုမှီခိုရသည့် ဒေသခံများအတွက် အခြေအနေကောင်းများရရှိမည်။

သူတို့အဆိုအရ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လာသည့်အခါ ဒီရေတောထိန်းသိမ်းရေးပိုင်းတွေမှာ အားကောင်းလာသည်။ ဒီရေတောဧရိယာများ ပိုမိုတိုးတက်လာသည်။

သူတို့မှတ်ချက်ကို ထောက်ခံစရာရှိသည်။ လပွတ္တာခရိုင်၏ ဒီရေတောဖုံးလွှမ်းမှုသည် FRA2015 & FRA2020 အရ ၂၀၁၅ ခုနှစ်တွင် ဒီရေတော ၄၆၂၆၂ ဧကရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၅၃၇၄၂ ဧကသို့ တိုးတက်လာသည်။

'ဌာနက ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းတွေ၊ ဒီရေတောစိုက်ခင်းတွေ တည်ထောင်လာတော့ ဒီရေတောတွေမှာ အခြားမြေအသုံးချ ကျူးကျော်တာတွေရပ်သွားတယ်၊ ကျနော်တို့ စိုက်ခင်းတည်ထောင်ကြတဲ့နေရာတွေ တောင်မှပဲ စွန့်ပစ်သွားတဲ့ ဆားကွင်းပျက်၊လယ်ပျက်၊ ပုစွန်ကန်ပျက်တွေပါတယ်'

World Mangrove Atlas 2010 အရ ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှု အများဆုံးနိုင်ငံများပြဇယားတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် (၇) မှာရှိသည်။ ဒီရေတောဧရိယာ ၅,၀၉၂ စတုရန်းကီလိုမီတာ၊ ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှု၏ ၃.၃ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံဒီရေတောဖုံးလွှမ်းမှုအခြေအနေတွင် FRA 2015 အရ ၁၁၄၃၉၈၄.၀၃ ဧက ရှိကြောင်း ဖော်ပြထားပါသည်။ ၁၉၈၀ မှ ၂၀၁၅ ခုနှစ်အထိ ဒီရေတောဖုံးလွှမ်းမှုကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| စဉ် | ဒေသ | ၁၉၈၀ ခုနှစ် (ဧက) | ၂၀၁၅ ခုနှစ် (ဧက) | ကျန်ရှိသော ဒီရေတော |
|---|---|---|---|---|
| ၁။ | ရခိုင်ကမ်းရိုးတန်း | ၄၁၅၁၃၇ | ၃၁၃၇၉၂.၆၈ | ၇၆% |
| ၂။ | ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ | ၆၇၉၅၄၀ | ၁၉၄၉၂၅.၃၀ | ၂၉% |
| ၃။ | တနင်္သာရီ ကမ်းရိုးတန်း | ၆၄၇၄၁၆ | ၆၃၅၂၆၆.၀၄ | ၉၈% |
| | စုစုပေါင်း | ၁၇၄၂၀၉၃ | ၁၁၄၃၉၈၄.၀၃ | ၆၆% |

၁၉၈၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဒီရေတောဧက ၁၇ သိန်းကျော်ရှိခဲ့ရာမှ နောက်၃၅ နှစ်အကြာ ၂၀၁၅ ခုနှစ် တွင် ဒီရေတောဧက ၁၁ သိန်းကျော်သို့ ကျဆင်းသွားသည်။ တနင်္သာရီတိုင်းဒေသကြီးသည် ပျက်စီးမှုအနည်းဆုံးဖြစ်ပြီး နှစ်ပေါင်း ၃၅ နှစ်အတွင်း ၂ ရာခိုင်နှုန်းသာ ပျက်စီးလျက် ကေတစ်သောင်းကျော်ခန့်သာ ပျက်စီးကြောင်းတွေ့ရသည်။ ဤဇယားကိုကြည့်ခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၏ဒီရေတောများမှာ ပျက်စီးမှုအများဆုံးဖြစ်ပြီး မူလဧရိယာ၏ သုံးပုံတစ်ပုံခန့်သာကျန်သည့်သဘောဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဒီရေတောများကို အလျင်အမြန်ထိန်းသိမ်းရန် လိုအပ်ကြောင်း ထင်ရှားသည်။ သဘာဝဒီရေတောများ ထိန်းသိမ်းခြင်းဖြင့် မလုံလောက်၊ ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့်ဒီရေတောမြေမှ အခြားအသုံးချမြေအဖြစ်သို့ ပြောင်းလဲမှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်လျက် ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဒီရေတောမွေ့တာမျိုးဆက်ခြင်းအထောက်အကူပြုလုပ်ငန်းများ၊ ဒီရေတောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

PDF Compressor Free Version



လေ့ပေါ်မှ လှမ်းမြင်နေရသော ဒီရေတောတို့ကို ကြည့်ရင်း တနင်္သာရီတိုင်း၏ ဒီရေတောပေါက်ရောက်မှု အခြေအနေတို့ကို ဝန်ထမ်းများကမေးမြန်းစုံစမ်းကြသည်။

တနင်္သာရီတိုင်းအတွင်း တာဝန်အရခရီးသွားရင်း၊ သစ်တောလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရင်း ရောက်ခဲ့သမျှသောနေရာတွေမှာ သဘာဝဒီရေတောများ ပေါက်ရောက်မှုအားကောင်းကြသည်။

FRA 2015 & FRA2020 အရ (တာဝန်ကျခဲ့သည့်) မြိတ်ခရိုင်တွင် ၂၀၁၅ ခုနှစ်၌ ဒီရေတော ၁၄၇၈၈၉ ဧကရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၈၆၈၉၄ ဧကသို့တိုးတက်ခဲ့သည်။ ဧကပေါင်း နှစ်သိန်းလေးသောင်းခန့် ပိုမိုတိုးတက်လာသည်။ ကျွန်းစုမြို့နယ်သည် ဒီရေတောအများဆုံးဖြစ်ပြီး ၃၂၉၉၈၀ ဧက ရှိသည်။

ဒီရေတောများသည် အခြားအသုံးချမြေအဖြစ် မပြောင်းလဲပါက မျိုးဆက်ရန်မခက်ခဲပါ။ ဒီရေတောစိုက်ခင်းတည်ထောင်ရန်လည်း အခက်အခဲမရှိပါ။ ဒီရေတောများကိုရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးကခက်ခဲလိမ့်မည်။

ဒီရေတောထိန်းသိမ်းရေးဟုဆိုရာ၌ သစ်တောဦးစီးဌာနတစ်ခုတည်းဖြင့် မစွမ်းနိုင်ရာ။ ဆက်စပ်ဌာနများ၊ ဒေသစီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသခံများ ထိုထိုဤဤအားလုံးက တူညီသော ဦးတည်ချက်ရှိမှသာလျှင် လိုချင်သည့်ပန်းတိုင်ရောက်မည်။ ဒေသခံများကိုလည်း တိုးချဲ့ပညာပေးရန်လိုသည်။

ပညာပေးနေရုံနှင့်လည်း ပြီးသည်မဟုတ်ပါ။

'ကျွန်တော်တို့ဝန်ထမ်းတွေ ရောက်တဲ့နေရာဒေသနဲ့ကျေးရွာတွေမှာ ဒီရေတောထိန်းသိမ်းရေးအတွက် ပညာပေးလုပ်ငန်းတွေလုပ်ကြပါတယ်၊ သူတို့လည်း ဒီရေတောတွေပျက်စီးတာ မဖြစ်ချင်ကြပါဘူး။ ထိန်းသိမ်းချင်တဲ့သူတွေလည်းများကြပါတယ်၊ အဓိကက သူတို့စားဝတ်နေရေးဆိုတော့ ထိန်းသိမ်းတဲ့ဘက်မှာ အားနည်းကြတာပါ'

ဒေသခံများအတွက် အဓိကအကျဆုံးမှာ နေ့စဉ်လုံလောက်သောဝင်ငွေရသည့် ပုံမှန်အလုပ်ရှိဖို့လိုသည်။ သစ်တောကို မထိခိုက်သည့် ဝင်ငွေရလမ်း ဖြစ်ဖို့လိုသည်။

တစ်နိုင်ငံလုံး သစ်အသုံးနည်းဖို့လိုသည်။ တိုင်၊ မျော အသုံးနည်းဖို့လိုသည်။ ထင်း၊ မီးသွေး မသုံးဖို့အတွက် အခြားအစားထိုးပေးနိုင်မည့် ပြည့်ဖြိုးမြဲလောင်စာ စွမ်းအင်လိုသည်။

စက်လှေပေါ်မှာ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို ဆွေးနွေးလာကြသည်။ ဒီရေတောများနှင့် ဒီရေတောများအပေါ် ရေလုပ်ငန်းဖြင့်မှီခိုနေရသော ဒေသခံတို့အကြောင်း ပြောဖြစ်ကြသည်။

တစ်နေရာရောက်တော့ ငါးဖမ်းပိုက်ဖေါ်နေသော လင်မယားစုံတွဲကို တွေ့ရသည်။ အသက်ခြောက်ဆယ်ကျော်လောက်ရှိကြမည်။ နှစ်ယောက်စလုံး အသားညိုကြမ့်ကြ၏။ မယားက တက်မကိုင်ပြီး လှေကို ပဲ့ထိန်းထား၏။ လင်လုပ်သူက ပိုက်ဖေါ်နေ၏။ သူဖေါ်နေသည့်ပိုက်ကို ငုံ့ကြည့်ရင်း အာရုံစိုက်နေပုံရသည်။ မယားက အလိုက်သင့်လှေကိုထိန်းပေးနေသည်။ သူတို့လှေကလေးက အင်ဂျင်မပါသည့် လက်လှော်လှေကလေး ဖြစ်သည်။

ထိုနေရာကကျော်လာပြီး သိပ်မကြာမီ တံငါလှေတစ်စီးတွေ့ပြန်၏။ အဖေါ်မပါ တစ်ယောက်တည်းသာဖြစ်သည်။ အပေါ်ပိုင်းကိုယ်တုံးလုံး၊ အောက်မှာ ဘောင်းဘီတိုတစ်ထည်ဝတ်ထားသည်။ သူလည်း ငါးဖမ်းပိုက်ကိုဖေါ်နေသည်။ ငါးတော့မမြင်ရသေး။ တစ်ရက်လျှင် ရေတက်ရေကျနှစ်ကြိမ်မှာ ပိုက်ဖေါ်သည်ဟုဆိုကြသည်။ ကဏန်းထောင်သူများကလည်း ကဏန်းထောင်ချောက်များကို တစ်ရက်နှစ်ကြိမ်ထောင်သည်ဟုဆိုသည်။ စက်လှေက ဖြူးခြေထောက်ပင်များပေါ်များသောနေရာကိုဖြတ်နေသည်။

တစ်နေရာတွင် တဲအိမ်လေးတစ်လုံးတည်း ထီးတည်းတွေ့ရသည်။ ခနီမိုး၊ ခနီကာ၊ ဝါးကြမ်းခင်းဖြစ်သည်။ အိမ်ကြမ်းပြင်က မြေပေါ်မှ တစ်တောင်သာသာခန့်သာမြင့်မည်။ ရေတက်ချိန်များဆိုလျှင် ကြမ်းပြင်နှင့်ရေပြင်ကကပ်လျက်နေ၏။ အိမ်ပေါ်အတက်အဆင်း လုပ်ဖို့အတွက်မှာ ရေထဲမှာ ငုတ်တိုင်များစိုက်ပြီး ဝါးလှေကားသဖွယ် အိမ်ပေါ်မှရေထဲသို့ ထိုးချထားသည့် လျှောစောက်ဝါးတံတားလေးရှိသည်။

ထို့နောက် ရွာလေးတစ်ရွာကိုဖြတ်သည်။ ကမ်းနားချည်တိုင်များ၌ ကြိုးချည်ထားသော တံငါလှေလေးများကို အစီအရီမြင်ရ၏။ မြစ်ချောင်းကမ်းပါးနှင့် တဲအိမ်ကလေးများ၊ တံငါလှေကလေးများသည် ပန်းချီရေးတတ်မည်ဆိုလျှင် ကားကောင်းများထွက်လာမည်။

စက်လှေသည် ရွာကလေးကို နောက်မှာချန်ခဲ့၏။ ထိုစဉ် ပင်လယ်နှင့်နီးသည့်ဒေသတို့မှာဖြစ်လေ့ရှိသည့် အတိုင်းရုတ်တရက်မိုးရွာချသည်။ မိုးလေနှင့်အတူ လှိုင်းတို့ပါလာသည်။ မိုးသီးမိုးပေါက်တို့အကြား၊ လေနှင့် လှိုင်းတို့အကြား စက်လှေက မြင့်လိုက်နိမ့်လိုက် ။ လှိုင်းထိပ်ကိုရောက်သွားလိုက်၊ လှိုင်းအောက်သို့ ပြန်ကျလိုက်။ စက်လှေမောင်းသည့် ဝန်ထမ်းကဖြင့် တည်ငြိမ်စွာ ပဲ့ကိုင်ရင်း ခရီးနှင်လျက်ရှိသည်။ လေနှင့်အတူ မိုးက အတော်ကြာသည်းနေသည်။ နောက်တော့ မိုးဖွဲကလေးများအဖြစ်သို့ အားပျော့သွားသည်။ ထို့နောက် လုံးဝတိတ်သွားသည်။ မိုးတိမ်မည်းအုပ်အချို့မူ ကျန်နေသေး၏။

မိုးတိမ်မည်းတို့ကြားက နေအလင်းရောင်က ကွက်တိကွက်ကျားဖြာကျလာသည်။

ကဗျာကဏ္ဍ




စွမ်းရည် (စိုက်ပျိုးရေး)
တောင်တွင်းကြီး

✦ အရိပ်ငါးပါး - ထိုတရား
ဗုဒ္ဓမြတ်ဘုရား - ဟောမိန့်မှာ
လွင်ထီးခေါင်ပြင် - ခရီးသွားစဉ်
လမ်းခရီးကြား - သစ်ရိပ်ပင်
ခဏတာမျှ - နားရာတွင်
စိတ်ကြည်အေးမြ - မောပြေရာ
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ ထိုမှတစ်ဖန် - ကျိုးရှိစေပြန်
ဖူးပွင့်အသီး - အရွက်မကျန်
အဟာရဖြစ်လဲ - စားကြမကြာ
ကျန်းမာရေးမှာ - ကူပေးရာ
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ နောက်မှာတစ်ခါ - ပေးကူပြန်ရာ
သီးခေါက်ရွက်မြစ် - ဖူးသစ်ဝေဆာ
တိုင်းရင်းဆေးများ - ဖော်စပ်ရာမှာ
များစွာအသက် - ကယ်ပေးသူပမာ
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ နောက်မှာတစ်ဖြန် - ကျိုးရှိစေပြန်
အိုးအိမ်တိုက်တာ - ဆောက်ဦးများမှာ
သစ်ဝါးမပါလျှင် - မပြီးဇကာ
ပရိဘောဂ - ဒီဇိုင်းစုံစွာ
ဈေးကွက်စီးပွား - နိုင်ငံချို့မှာ
တင်ပို့၍လည်း - နိုင်ငံခြားငွေရာ
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ တစ်ဖန်ထပ်ခါ - ကျိုးရှိစေတာ
လေပြင်းမုန်တိုင်း - တိုက်ခတ်ဘေးဒဏ်
ရေ့ပြေးဝေးက - ကာကွယ်ပေးပြန်
ဥတုရာသီ - ထိန်ညှိပေးမှန်
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ ထပ်မံတစ်လီ - ကျိုးရှိစေမည်
ငှက်တိရိစ္ဆာန် - များစွာတွက်ပါ
နေအိမ်ပမာ - ဆောက်ပေးရာ
အစာတွေလဲ - သားရင်းမကွာ
ကျွေးပေးနေရှာ - မိဘပမာ
မျိုးမသုန်းအောင်လည်း - ထိန်းညှိပေးခါ
ကျေးဇူးရှိတာ - သစ်ပင်ပါ။

✦ ဗုဒ္ဓဟောကြား - တရားမိန့်ကြောင့်
သစ်ပင်ကျေးဇူး - သိဖူးကြမည်။
သိပြီးရုံမျှ - မပြီးပြတ်ပါ။
သစ်ပင်မျိုးမျိုး - ပျိုးပြီးခါမှာ
တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့်ပြင်
သစ်တောဖြစ်ရန် စိုက်ပျိုးကြလျှင်
သစ်ပင်ကျေးဇူး - ပေးဆပ်ဖူးမည်
များသူငါသင်တို့ ပေးဆပ်ကြပါစို့ ။ ။

*စာမျက်နှာ ( ၂၈ ) မှ အဆက်*

ညနေစောင်းမို့ နေရောင်က ခပ်စောင်းစောင်းထိုးနေ၏။ ဖြာကျနေသော နေခြည်အောက်တွင် စက်လှေဦးပိုင်း ထိပ်ပေါ်ရှိ သစ်တောဦးစီးဌာနတံဆိပ်ကို တောက်ပစွာမြင်ရသည်။ ကျွန်တော်တို့ ဝန်ထမ်းတစ်တွေလိုက်ပါလာသော စက်လှေက သွားနေဆဲ။ မြစ်ကျယ်မှ မြစ်ကျဉ်း။ မြစ်ကျဉ်းမှ ချောင်းကျဉ်း။ ချောင်းကျဉ်းမှချောင်းကျယ်။ ချောင်းကျယ်မှ ပင်လယ်ဝဆီသို့။ ဟိုအဝေးမှာ ပင်လယ်ကို မြင်နေရပေပြီ။ တစ်ယောက်က ရှေ့တူရှုသို့ လှမ်းမျှော်ကြည့်ရင်း–

'သာယာကုန်းကို လှမ်းမြင်ရပြီ၊ သိပ်မကြာခင်ရောက်တော့မယ်'

ခရီးက အလှမ်းဝေးသမို့ စိတ်ရှည်ရှည်ဖြင့် ခရီးနှင်ရသည်။ အချိန်တန်လျှင်ရောက်မည်သာပင်။

**ကိုးကား–သစ်တောဦးစီးဌာန၊ ဒီရေတောဆိုင်ရာအချက်အလက်များအကျဉ်းချုပ်(၂၀၁၉)**

PDF Compressor Free Version



*နောက်ကျောဖုံးမှအဆက်*

မိုးများစွာရွာသွန်းသည့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အနည်းငယ်မျှသာပေါက်ကြသည်။ ဂဝံကျောက်မြေပေါ်၌တွေ့ရှိသည့် မှုမှန်အင်တိုင်းတောများတွင် သစ်ရာနှင့် အင်ကြင်းပင်တို့သည် အင်ပင်များနှင့်အတူ ရောနှောပေါက်ရောက်လျက်ရှိကြသည်။ အင်တိုင်းတောများအတွင်း သစ်ရာနှင့် အင်ကြင်းပင်များကို များသောအားဖြင့် မြေပြန့်၌မတွေ့ရဘဲ တောင်ကုန်းတောင်စောင်းများနှင့် ခြောက်သွေ့သောနေရာများ၌သာတွေ့ရှိရသဖြင့် သစ်ရာနှင့် အင်ကြင်းပင်တို့သည် အင်ပင်ထက် ပို၍ပူပြင်းခြောက်သွေ့သောဒဏ်ကိုခံနိုင်ကြောင်းသိရှိရသည်။

အပူပိုင်းဒေသရှိ ခြောက်သွေ့သောတောများ၌ အင်ကြင်းများပေါက်ရောက်ကြသော်လည်း အပင်များမှာ မကြီးထွားကြဘဲကြုံလှီသည်။ အင်ကြင်းပင်များသဘာဝအလျောက်ပေါက်ရောက်သည့်မူရင်းဒေသ၏ ရာသီဥတုမှာ အရိပ်အာဝါသအောက်တွင် အမြင့်ဆုံးအပူချိန်မှာ ၁၀၀–၁၁၀ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ အရိပ်အာဝါသအောက်၌ ၃၅–၅၀ ဒီဂရီဖာရင်ဟိုက်အထိဖြစ်ပြီး နှစ်စဉ်ရွာသွန်းသည့်မိုးရေချိန်မှာ ၃၀–၁၅၀ လက်မအတွင်းဖြစ်သည်။ မိုးရေချိန် ၄၀ လက်မထက်လျော့နည်းသည့်ဒေသများတွင် ပေါက်ရောက်ကြသော်လည်း အပင်များမှာ မကြီးထွားကြဘဲကြုံလှီပါသည်။

အင်ကြင်းပင်များသည် အထက်ရှက်ပြတ်ရောနှောသော ခြောက်သွေ့တောများအတွင်းရှိ တောင်စောင်းနှင့် တောင်ကုန်းများရှိ သဲနုန်းမြေတွင် အကောင်းဆုံးပေါက်ရောက်ပါသည်။ အင်တိုင်းတောရှိ ဂဝံကျောက်မြေပေါ်၌လည်း ပေါက်ရောက်ကြသည်။

## ပုံသဏ္ဌာန်

အင်ကြင်းပင်သည် နှစ်စဉ် ရာသီအလိုက် အရွက်ကြွေကျသည့် အပင်ကြီးမျိုးဖြစ်သည်။ အလင်းရောင် ကြိုက်နှစ်သက်သောအပင်ဖြစ်သည်။ ရွက်အုပ်မှာ လုံးဝန်းပြီး လင်းလုပင်မျိုးဖြစ်သည်။ အရွယ်ရောက်သည့် အပင်ကြီးများသည် အမြင့်ပေ ၈၀–၁၀၀ အထိနှင့် ပင်စည်မှာ ရင်စို့လုံးပတ် ၈ ပေအထိကြီးမားအောင် ပေါက်ရောက်လေ့ရှိသည်။ Dipterocarpaceae မျိုးရင်းတွင် ပါဝင်သည့် သစ်မျိုးများအနက် အင်ကြင်းပင်သည် အရွက်အစောဆုံးကြွေကျသောအပင်ဖြစ်သည်။ အစိုဓာတ်ရရှိ၍ မြေသြဇာကောင်းမွန်ထက်သန်သောဒေသများတွင် ပေါက်သည့် အင်ကြင်းပင်တို့သည် ရွက်ဟောင်းများကြွေကျပြီး မကြာမီ ရွက်နုရွက်သစ်များထွက်လာကြသော်လည်း ခြောက်သွေ့သောဒေသများတွင် ပေါက်ရောက်သည့် အင်ကြင်းပင်တို့မှာ ဇန်နဝါရီလမှ ဧပြီလကုန်အထိ အရွက်ကင်းမဲ့လျက်ရှိတတ်သည်။ အခေါက်မှာ ထူ၍ကြမ်းတမ်းပြီး အညိုရင့်ရောင်ဖြစ်သည်။ အခေါက်၏အတွင်းသားမှာ နီကျင်ကျင်အရောင်ဖြစ်သည်။ အခေါက်များမှာ များသောအားဖြင့် ဒေါင်လိုက်ပတ်ကြားအက်ကြောင်းများ အများအပြားပါရှိသည်။ တစ်ခါတရံ အခေါက်မှာချောမွေ့၍ ပတ်ကြားအက်ကြောင်းများမပါရှိသော အင်ကြင်းပင်အချို့ကိုလည်း တွေ့ရတတ်သည်။ အင်ကြင်းပင်၏အခေါက်မှာ ထူသည့်အတွက် တောမီးလောင်သည့်ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသည်။ အင်ကြင်းရွက်များသည် အဖျားချွန်သော ဘဲဥပုံဖြစ်ပြီးအရင်း၌ ညောင်ရွက်ပုံအဟိုက်ဖြစ်သည်။

ဖေဖော်ဝါရီလနှင့် မတ်လအတွင်း အင်ကြင်းပင်မှ လိမ္မော်ရောင် သို့မဟုတ် နီရဲနေသောရွက်ကျင် ရွက်ဟောင်းများကြွေကျကုန်၍ ရွက်နုရွက်သစ်များ မထွက်မီအဝါရောင်ရှိသော ပန်းခိုင်ကြီးများထွက်ပေါ်လာပြီး ဖူးပွင့်ကြသဖြင့် အင်ကြင်းပင်တို့မှာ ဝေဆာတင့်တယ်ရှုချင်စဖွယ်ဖြစ်သည်။

သင်းပျံ့မွှေးကြိုင်သော ရနံ့ဖြင့်လည်း တစ်တောလုံး မွှေးကြိုင်လျက်ရှိလေသည်။ ရွက်နုများထွက်လာသော မေလနှင့်ဇွန်လများတွင် အင်ကြင်းသီးများသီးပြီး တဖြည်းဖြည်း ရင့်မှည့်လာကြသည်။ ရွက်နုများထွက်လာစတွင် အရွက်များမှာ အရောင်ဖျော့ပြီး အမွေးနုများဖုံးအုပ်လျက်ရှိသည်။

## မျိုးဆက်ခြင်း

ရင့်မှည့်သည့် အင်ကြင်းသီးများမှာဇွန်လကုန်တွင် ကြွေကျသည့်အခါ လေအဟုန်ဖြင့် အတော်ဝေးကွာသောနေရာအနှံ့အပြားသို့ရောက်အောင် လွင့်ပါသွားပြီး မျိုးဆက်ပြန့်ပွားခြင်းကို ဖြစ်စေပါသည်။ ရင့်မှည့်ပြီး ကြွေကျသော အင်ကြင်းသီးများမှာ ပိုးမွှားများလျင်မြန်စွာဖျက်ဆီးတတ်သောကြောင့် အသီးများမှာ မအောင်မြင်သည်ကများပါသည်။ သို့ရာတွင် အင်ကြင်းပင်များမှာ နှစ်စဉ်အသီးသီးသောကြောင့် ဓမ္မတာမျိုးဆက်သော အင်ကြင်းပင်ပေါက်များကိုတွေ့ရှိရသည်။ အင်ကြင်းပင်သည် Dipterocarpaceae မျိုးရင်းတွင်ပါဝင်သော သစ်ပင်များကဲ့သို့ပင် အစေ့မြေကျပြီးနောက် မိုးရွာသွန်းပြီး အစိုဓာတ်ရရှိသည်နှင့် အညှောင့်ထွက်၍ အပင်ပေါက်ပါသည်။

အင်ကြင်းသီးများကိုလည်း စုဆောင်းပြီး သိမ်းဆည်းသိုလှောင်ထား၍မရပါ။ အချိန်အနည်းငယ်အတွင်း ပိုးမွှားများဖျက်ဆီးပြီး ပေါက်ရောက်သည့် ရာခိုင်နှုန်းမှာ လျင်မြန်စွာကျဆင်းသွားသည်။ အင်ကြင်းသီးတွင် အတောင် ၅ ခုပါရှိသည်။ ပွင့်ချပ်အုံအစိတ်အပိုင်းကြီးထွားပြီး ထွက်လာသော တောင်ပံ ၃ ခုမှာ အခြားတောင်ပံ ၂ ခုထက် ပို၍ကြီးပြီး ပို၍လည်း ရှည်ကြသည်။ တောင်ပံသုံးခုအရှည်မှာ သုံးလက်မမှ သုံးလက်မခွဲ

PDF Compressor Free Version



အထိရှိသည်။ အင်ကြင်းသီးတွင် အတောင် ၅ ခုပါရှိသည့်အတွက် အသီးများကြွေကျရာတွင် လေဖြင့်အဝေးသို့လွင့်ပါသွားခြင်းဖြစ် သည်။ အင်ကြင်းသီးများမှာ အလေးချိန်တစ်ပေါင်တွင် အသီးပေါင်း ၄၆ လုံးခန့်ပါရှိသည်။

နှစ်စဉ် အသီးများသီးသည့်အတွက် သစ်စေ့များကိုစုဆောင်းရန်အခက်အခဲမရှိပါ။ ရင့်မှည့်ကြွေကျကျခြင်း စုဆောင်းသင့်သည်။ သစ်စေ့များကို မေလနှင့်ဇွန်လ အတွင်းစုဆောင်းသင့်သည်။ ချက်ခြင်းပျိုးထောင်ပါက လျင်မြန်စွာ အညှောက်ထွက်ပြီး ပေါက်ရောက်မှု ရာခိုင်နှုန်းမှာလည်း ၅၀ ရာခိုင်နှုန်းခန့်ရရှိနိုင်သည်။ နှစ်စဉ် အသီးများသီးသော်လည်း ၂ နှစ် သို့မဟုတ် ၃ နှစ် တစ်ကြိမ်အသီးအမြောက်အမြားသီးလေ့ရှိသည်။

၄င်းနှစ်တွင် ဓမ္မတာမျိုးဆက်ပင်အများအပြားကိုတွေ့ရှိရသည်။ နှစ်စဉ်ကောင်းစွာအသီးသီးသဖြင့် ဓမ္မတာမျိုးဆက်ခြင်းကောင်းမွန်ပါသည်။ သို့ရာတွင် ခြောက်သွေ့သောရာသီဥတုဒဏ်ကြောင့် အပင်ငယ်များ သေကြေပျက်စီးသည်ကများသည်။ အင်ကြင်းပင်ငယ်များသည် နှစ်စဉ်တောမီးလောင်ကျွမ်းခြင်းကိုခံရပြီး နှစ်ကြာရှည်မှ ခိုင်ခိုင်မာမာအမြစ်တွယ်ပြီး ကြီးထွားလာကြသည်။ နှစ်စဉ်တောမီးလောင်ခြင်းခံရသော်လည်း မြေအောက်ရှိအမြစ်ပိုင်းမှာ သေသွားခြင်းမရှိဘဲ ခိုင်ခန့်အင်အားရှိသောအမြစ်ဆုံများအဖြစ်ကြီးထွားလာပြီး အခွင့်သင့်သည့်အခါ မီးလွတ်သောအပင်ငယ်အဖြစ်ဖြင့် မြင့်မားကြီးထွားစွာ ပေါက်ရောက်လာသည်။ အင်ကြင်းပင်သည် ငယ်စဉ်မှ အပင်ပျိုအရွယ်ရောက်သည်အထိ ငုတ်တက်ထွက်စွမ်းအား အလွန်ကောင်းပြီး တစ်ခါတရံအမြစ်များမှလည်း အပင်ငယ်များထွက်လာတတ်သည်။

အင်ကြင်းပင်သည် ဓမ္မတာမျိုးဆက်ခြင်းကောင်းသောသစ်မျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ ပဝတ္တိနည်းဖြင့် စိုက်ပျိုးခြင်းလည်းမရှိသေးပေ။ ရင့်မှည့်ကြွေကျသည့်အင်ကြင်းသီးများကို ချက်ခြင်းပျိုးထောင်ပါက ပေါက်ရောက်မှုလျင်မြန်ပါသည်။ ကသာခရိုင်တွင်စမ်းသပ်ပျိုးထောင်ရာတွင် ၅၀ ရာခိုင်နှုန်း အပင်ပေါက်ရောက်သည်ကိုတွေ့ရှိရသည်။ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် အချိန်ကြာမြင့်စွာမိုးခေါင်ပါက ပေါက်ရောက်သည့်အင်ကြင်းပင်များ သေကြေပျက်စီးတတ်သည်။ ပျိုးဥယျာဉ်တွင် အပင်များကိုပျိုးထောင်ပြီး ၄ လက်မ အမြင့်ရောက်မှ ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ ရွှေ့ပြောင်းစိုက်ပျိုးသည့်အခါ ရေသောက်မြစ်မနာအောင် အထူးဂရုစိုက်ပြီး စိုက်ပျိုးရသည်။

ရွှေ့ပြောင်းစိုက်ပျိုးရာတွင် မိုးမှန်ကန်စွာ ရွာသွန်းသည့် အချိန်ရောက်မှ စိုက်ပျိုးသင့်သည်။ နေပူလိုက် မိုးရွာလိုက်ဖြစ်သောအခြေအနေကို အလွန်ကြိုက်နှစ်သက်သည်။ စိုက်ပင်များမှာအကြီးနှေးပြီး ပထမနှစ်တွင် အမြင့်တစ်ပေကျော်အထိသာကြီးနိုင်သည်။

**သစ်သား**

သစ်ရာနှင့် အင်ကြင်းသစ်တို့၏ သိပ်သည်းဆမှာ အလွန်တူပြီးခွဲရခက်သောကြောင့် သစ်ရာ/ အင်ကြင်းသစ်ဟူ၍ပင်ခေါ်ကြသည်။ သစ်ရာနှင့် အင်ကြင်းသစ်တို့သည် အရောင်အဆင်းသစ်အင်္ဂါအနေအထားနှင့် ရုပ်လက္ခဏာများမှာ အလွန်တူညီကြသဖြင့် သစ်ရောင်းဝယ်ရေးတွင်လည်း သစ်ရာနှင့် အင်ကြင်းသစ်များကို တစ်မျိုးတစ်စားတည်းကဲ့သို့ သစ်ကုန်သည်များက အသိအမှတ်ပြုကြသည်။ သစ်ရောင်းဝယ်ရေးဈေးကွက်တွင်လည်း သစ်မျိုးမခွဲခြားဘဲ အတူတူရောနှော၍ရောင်းဝယ်ကြသည်။

အင်ကြင်းသစ်သည် အရောင်ညို၍ အလွန်လေးပြီး သစ်ကြောမျှင်များမှာလည်း ရှုပ်ထွေးလိမ်ယှက်လျက်ရှိသည်။ အင်ကြင်းသစ်သည် မာကျောကျစ်လစ်ခိုင်ခံ့ပြီးကြာရှည်စွာအသုံးခံသဖြင့် မီးရထားဇလီဖားတုံးများနှင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် အများဆုံးအသုံးပြုကြသည်။

အင်ကြင်းသစ်သည် သစ်ရာသစ်ကဲ့သို့ အလွန်မာပြီးအကြောယှက်သဖြင့် ခွဲစိတ်ကိုင်တွယ်ရန်ခက်ခဲသည်။ ရွှေပေါ်ထိုးလျှင်လည်း အလွန်အသွားထက်သည့် ရွှေပေါ်ကိုအသုံးပြုမှသာ ချောမောသောမျက်နှာပြင်ကိုရရှိနိုင်ပါသည်။ အင်ကြင်းသစ်ကို ခြလည်းမစားပေ။ လေဖြင့်ခြောက်သွေ့ပြီး ရေငွေ့ ၁၂ ရာခိုင်နှုန်းပါရှိသည့် အင်ကြင်းသား တစ်ကုဗပေသည်အလေးချိန် ၅၇ ပေါင်စီးသည်။ အင်ကြင်းသစ်သည်သစ်ရာသစ်ထက် အနည်းငယ်အလေးချိန်ပေါ့သည်။

အင်ကြင်းသစ်လုံးများကို သစ်ပိုးများ ဖျက်ဆီးလေ့ရှိသဖြင့် သစ်ခုတ်လှဲပြီးပါက ချက်ခြင်းအခေါက်အစိုများကိုခွာပစ်ရသည်။ အင်ကြင်းသစ်ကို မြန်မာနိုင်ငံတွင် အိမ်ဆောက်ကြသည်။ အင်ကြင်းသားကို တံခါးကျည်းဘောင်များခွေရာ၌ အများဆုံးအသုံးပြုကြသည်။ မြေနှင့်ထိသောနေရာများနှင့် ရာသီဥတုဒဏ်ခံရမည့်နေရာတိုင်းတွင် အင်ကြင်းသစ်ကို စိတ်ချစွာအသုံးပြုနိုင်သည်။

ကျွန်းသစ်၏ဂုဏ်သတ္တိများကို ၁၀၀ စီထား၍ နှိုင်းယှဉ်လျှင် အင်ကြင်းသစ်သည် အလေးချိန် ၁၃၅၊ ရက်မအဖြစ်ခိုင်ခံ့အား ၁၁၅၊ ရက်မအဖြစ် တောင့်ခံအား ၁၂၅၊ တိုင်/ကျားကန်အဖြစ်တောင့်ခံအား၁၁၅၊ ထုနှက်ခံနိုင်အား ၁၂၅၊ လျှောပြတ်အား ၁၃၀၊ မာရည် ၁၅၅နှင့် ပုံတည်မြဲမှု ၆၀ ဖြစ်သည်။

အင်ကြင်းသစ်၏သိပ်သည်းဆမှာအစိုတွင် ၀.၇၇၉ ဖြစ်ပြီး လေဖြင့်ခြောက်သွေ့ပြီးပါက ၀.၈၁၉ ဖြစ်သည်။ အင်ကြင်းသစ်ခွဲသားအစိုကို ဖိုဖြင့်ခြောက်သွေ့စေသည့်အခါ အချင်းဝက်အလိုက် ၄.၈ ရာခိုင်နှုန်းနှင့် ဝန်းထိမျဉ်းအလိုက် ၈.၉ ရာခိုင်နှုန်းကျုံ့ဝင်သွားသည်။

ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန

**မြန်မာပြည်**မြောက်ပိုင်းရှိ အင်းတော်ကြီးကန်သည် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်တွင် တည်ရှိပါသည်။ အင်းတော်ကြီးကန်နှင့် အင်းလေးကန်သည် မြန်မာပြည်တွင်သာမက အရှေ့တောင်အာရှတွင် အကြီးဆုံးသော ကုန်းတွင်းရေချိုကန်ကြီး(၂)ကန် ဖြစ်သည်။ ထူးခြားသောဘူမိဗေဒဖြစ်စဉ်နှင့် ပထဝီအနေအထား၊ လှပသော ရှုမျှော်ခင်း၊ အေးမြသောရာသီဥတု၊ တန်ဖိုးကြီးသော သမိုင်းဝင်ဘုရားများကြောင့် ထင်ရှားသည်။ အင်းတော်ကြီးကန်သည် မည်သည့်မြစ်များ၏ လွှမ်းမိုးခြင်းကိုမခံရသော ကုန်းတွင်းပိုင်းရေချိုကန်ကြီးဖြစ်သည်။ တောင်မြောက်သွယ်တန်းနေသော မြင့်မားသော တောင်စဉ်တောင်တန်းများဖြင့် ဝန်းရံထားသည်။





# အင်းတော်ကြီးကန်အကြောင်းတစ်စေ့တစ်စောင်း



အင်းတော်ကြီးကန်သည် ယေဘုယျအားဖြင့် အကျယ်ဆုံးနေရာဖြစ်သည့် ကန်၏အရှေ့ဘက်ကမ်း ဟဲပုကျေးရွာမှ ကန်၏အနောက်ဘက်ကမ်း လုံးကောက်ကျေးရွာအထိ အကျယ် (၇)မိုင်၊ ကန်၏တောင်ဘက် ရွှေလက်မံကျေးရွာမှ ကန်၏မြောက်ဘက် ရွှေတောင်ခြေရင်းအထိ အလျား(၁၄)မိုင်ရှိပါသည်။ ရေပြင်ဧရိယာသည် (၁၀၀) စတုရန်းမိုင် ရှိပါသည်။ မြန်မာ့ စွယ်စုံကျမ်းတွင် အလျား (၁၆) မိုင်၊ အနံ (၈)မိုင်ရှိကြောင်း သိရှိရပြီး မြေကျွံအင်းအမျိုးအစားဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေအမြင့်မှာတည်ရှိပါသည်။ ရွာသစ်ကြီးကျေးရွာ တောင်ဘက်ရှိ ရေပူစမ်း(ကန့်ကြော)နှင့် အင်းတော်ကြီး တောင်ဘက်ရှိ ရွှေတောင်ကြီး(ကန့်တောင်)တို့ကိုမျဉ်းဖြောင့်ဆွဲလျှင် အင်းတော်ကြီး အရှေ့ဘက်ကမ်းသည် ကန့်ကြောအတွင်း ကျရောက်ကြောင်း ဘူမိဗေဒပညာရှင်များက ဆိုပါသည်။

အင်းတော်ကြီးကန်သည် သမပိုင်းမုတ်သုန်ရာသီဥတုအတွင်း ကျရောက်နေသဖြင့် မိုးများပြီးအေးမြသည်။ အင်းတော်ကြီးကန်အတွင်း အဓိက စီးဝင်နေသော ချောင်းများမှာ နန့်ပန်းခိုင်ချောင်း၊ နန့်ရင်းခါချောင်း၊ ခေါင်းတုံချောင်း၊ နန့်မွန်းချောင်း၊ မုဆိုးချောင်းနှင့် နန့်စန်းသာချောင်းတို့ဖြစ်သည်။ ရေဝေရေလဲဧရိယာ စတုရန်းကီလိုမီတာ(၁၀၂၆)ခန့်ရှိသည်။ အင်းတော်ချောင်းအတိုင်းမြောက်အရပ်သို့စီးသွားပြီး ဖားကန့်မှလာသော ကာမိုင်းချောင်းနှင့် ပေါင်းဆုံကာ မိုးကောင်းချောင်းမှတဆင့် ဧရာဝတီမြစ်ထဲသို့စီးဝင်သည်။ အင်းတော်ကြီးကန်မှ ရေစီးထွက်သည့်ပုံစံမှာ အပေါ်မှလျှံထွက်သော over flow type ဖြစ်သည်။ အင်းတော်ကြီးကန်မှ စီးထွက်သောရေသည် လျှံကျရေထွက်အမျိုးအစားဖြစ်၍ တစ်ဝက် တစ်ပျက် ရေသေကန်အမျိုးအစား (Semi-dead water lake) ဖြစ်သည်။ အင်းတော်ကြီးကန်၏ ပျမ်းမျှရေအနက်မှာ ၅၆ပေ ရှိပြီး အနက်ဆုံးမှာ ၇၅ ပေဖြစ်သည်။ရေအောက်ကြမ်းပြင်ညီညာသည်။

အင်းတော်ကြီးကန် ပတ်ပတ်လည်တွင် သက်နုမြေနုယပ် (alluvial fan)များ၊ တစ်ခုနှင့်တစ်ခုဆက်စပ်ဖြစ်ပေါ်လာသောမြေနုလွင်ပြင်များ၊ ရွံ့နွံတောများ၊ ရေနက်ကွင်းများဖြင့် ဝန်းရံထားသည်။ အင်းတော်ကြီးကန်ကို သက်လယ်ကပ်(Mesozoic)နှင့် သက်နှောင်းကပ် (Cenozoic) ကျောက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကန်၏အနောက်ဘက်ခြမ်းသည် သက်လယ်ကပ်၊ သက်နှောင်းကပ်သက်တမ်းရှိ မီးသင့်ကျောက်အမျိုးမျိုးတိုးဝင်တည်ရှိပြီး ကန်၏အရှေ့ဘက်ခြမ်းမှာ သက်နှောင်းကပ်၊ အနည်ကျကျောက်လွှာများဖြစ်သော သဲကျောက်၊ သဲမှုန်ကျောက်တစ်မျိုးတည်းသာ တည်ရှိသည်။ အင်းတော်ကြီးကန်သည် စစ်ကိုင်းပြတ်ရွေ့၏ ပူတာအို-အင်းတော်ကြီး အဆစ်အပိုင်း (Putao- Indawgyi Segment) တွင်ကျ



PDF Compressor Free Version



ရောက်လျက်ရှိသည်။ စစ်ကိုင်းပြတ်ရွေ့သည် အင်းတော်ကြီးဒေသမှစ၍ မြောက်ဘက်သို့ မြင်းမိုးပုံသဏ္ဌာန် အနောက်ဘက်သို့ ကွေးညွှတ်သွားသည်။ စစ်ကိုင်းပြတ်ရွေ့၏ ဘေးတိုက်ဆွဲအားကြောင့် မြေလွှာများကျွံကျပြီး အင်းတော်ကြီးကန်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အင်းတော်ကြီးဒေသခံများ၏အဆိုအရ အင်းတော်ကြီးကန်တွင် အောက်ပါအံ့ဘွယ်(၉)ပါးရှိကြောင်းသိရှိရသည်–

(၁) အလျား (၈)တိုင်၊ အနံ (၄)တိုင် ကျယ်ဝန်းသောကြောင့် တစ်ပါး

(၂) အနောဒတ္တအိုင်ကဲ့သို့ အလွန်ရေသန့်ရှင်းသောကြောင့် တစ်ပါး

(၃) အလွန်ကျယ်ဝန်းသောအင်းဖြစ်သော်လည်း အင်းထဲတွင် ဆိုးဝါးသော မိကျောင်း စသော ငါးကြီးတို့ကို မဆိုးဝါးရအောင် အင်းတော်ကြီးအရှင်ထိန်းသိမ်းခြင်းကြောင့် အံ့ဘွယ်တစ်ပါး

(၄) အင်းကြီးထဲတွင် မတော်တဆ လူတို့ကျသေဆုံးရသော်လည်း အနာဆာမရှိ ငါးကြီးများလည်း မစားဘဲ ကမ်းစပ်ရောက်အောင် လှိုင်းပုတ်ခတ်တင်ပေးခြင်းကြောင့်တစ်ပါး

(၅) အင်းနားတွင် ရွှေကျင်သော် ရွှေများရရှိခြင်းကြောင့် တစ်ပါး

(၆)အမှိုက်သရိုက်များကို အင်းထဲတွင် မရှိရအောင် နေ့စဉ်ညတိုင်း ကမ်းသို့အရောက် လှိုင်းပုတ်ခတ်တင်ပေးခြင်းကြောင့်တစ်ပါး

(၇) တစ်နှစ် သုံးကြိမ်ကျ သားမက်တော် နန့်တိန်းအရှင်ကြီးက ရေပြောင်းပြန်ဆန်တက် ကန်တော့ခြင်းကြောင့်တစ်ပါး

(၈) စစ်တိုက်ရာပါချောင်းများကို အင်းကြီးထဲသို့ သန့်ရှင်းစွာ ဝင်ခွင့်ပြုခြင်း

(၉) နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလကစ၍ ပြာသိုလအထိ အင်းထဲရှိ ငါးများကို အင်းတော်ကြီးတောင်ပိုင်း အခြားအကျွာ (၈)မိုင်ဘုရားကြီးထိ လွှဲအိမ်တောင်အရှင်ကြီးက အင်းထဲရှိ ငါးများကို ဆေးခတ်သဖြင့် ငါးများစွာသေခြင်းကြောင့် အံ့ဘွယ်(၉)ပါးတည်းဟုသိရှိရပါသည်။

အင်းတော်ကြီးကန်ဒေသတွင်း ဒေသအခေါ်နတ်ဆေးခပ်ခြင်း (ကန့်ပွက်ခြင်း) ဖြစ်ပေါ်လေ့ရှိသည်။ ကန့်ပွက်သည့် နေရာများမှာ ဟဲပုကျေးရွာရေဆိပ်ကမ်း၏ အနောက်ဘက် (၇)ဖာလုံခန့်အကွာ၊ ရေလယ်ဘုရား၏တောင်ဘက် (၅)ဖာလုံခန့်အကွာ၊ ဟိုဖာကုန်း၏ (၂)မိုင်ခန့်အကွာ တို့တွင် ဖြစ်ပေါ်လေ့ရှိသည်။ ကန့်ပွက်ရေ၏အရောင်မှာ နို့နှစ်ရောင်၊ ကော်ဖီရောင်ကဲ့သို့သောအရောင်များ တွေ့ရှိရပြီး ကန့်ပွက်သည့် နယ်နိမိတ်အတွင်းတွင် ဖြတ်သွားသောငါးများ သေဆုံးလေ့ရှိသည်။ သေဆုံးသောငါးအမျိုးအစားများမှာ ငါးမြစ်ခြင်း၊ ငါးဖောင်ရိုး၊ ငါးလတီ၊ ငါးခုံးမ၊ ငါးဇင်စပ်၊ ငါးကျောင်း၊ ငါးဘတ်၊ ငါးခုံးမကျည်းကြမ်း စသည်တို့ဖြစ်သည်။ ၎င်းငါးသေများအား တံငါသည်များက ဆယ်ယူ၍ ရောင်းချကြပြီး ဒေသခံများမှ ဝယ်ယူစားသုံးကြသော်လည်း အန္တရာယ်မရှိကြောင်းသိရသည်။ ကန့်ပွက်ရေ၏ ပြင်းအားသည် တစ်နှစ်ထက်တစ်နှစ် များမလာကြောင်း လေ့လာတွေ့ရှိရပြီး အအေးဓာတ်များသောနှစ်တို့တွင် ရေ၏ အအေးဓာတ်ဖိအားပေါ်မူတည်၍ ကန့်ပွက်ခြင်းထုထည် အနည်းအများဖြစ်ပေါ်လေ့ရှိကြောင်းသိရသည်။

ဒေသခံများကမူ ကျေးငှက်တို့သည် ကျည်းပင်မှ အခေါက်ကိုခွာယူ၍ ၎င်းဓာတုဗေဒအတွင်း လာရောက်ဆေးခတ်သည်ဟု ရှေးရိုးအစဉ်အလာအတိုင်း လက်ခံထားကြသည်။ ဆေးခတ်ခြင်းအား ယောက္ခမဆေးခတ်ခြင်းနှင့် ချွေးမဆေးခတ်ခြင်းဟုခွဲခြား၍ နတ်ဆေးခတ်ခြင်းဖြစ်ကြောင်း၊ ယောက္ခမသည် ပထမဦးစွာ(နတ်တော်လ)တွင် ဆေးခတ်၍ ချွေးမသည်(ပြာသိုလ)တွင် ဆေးခတ်သည်ဟု ဆိုသည်။ ၎င်းသို့ဆေးခတ်ရာတွင် ချွေးမခတ်သည့် ဆေးရည်သည် ပြင်းအားပိုများကြောင်း၊ ထိုအချိန်တွင် ငါးသေဆုံးမှုပိုများလေ့ရှိကြောင်းပြောဆိုကြသည်။

၎င်းကဲ့သို့ ငါးများသေဆုံးချိန်တွင် သေဆုံးမှုဖြစ်ပေါ်ခဲ့သောနေရာများ၏ ရေအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရေသတ္တဝါများ အသက်ရှင်နေထိုင်နိုင်ရန် ရေထဲတွင် ပျော်ဝင်နေသော အောက်စီဂျင် (Dissolved Oxygen-DO) လိုအပ်သည်။ ရေသတ္တဝါများ၏ ဇီဝရုပ်ဖြစ်ပျက်ခြင်း၊ အစာချက်လုပ်ခြင်း၊ မျိုးပွားခြင်းများလုပ်ဆောင်ရာတွင် အလွန်အသုံးဝင်သော အောက်စီဂျင်လိုအပ်ချက်သည် ရေအပူချိန်ပေါ်တွင် တိုက်ရိုက်မှီတည်နေပါသည်။ ရေတွင်ပျော်ဝင်နေသော $O_2$ Level ကျဆင်းသွားခြင်းသည် ရေနေသက်ရှိသတ္တဝါများအပေါ် သိသာ ထင်ရှားစွာ ရိုက်ခတ်မှုဖြစ်ပေါ်စေပါသည်။ $O_2$ Level သုညထိ ရောက်ရှိသွားသည့် အခြေအနေကို (Hypoxia) အောက်ဆီဂျင် ပြတ်လပ်မှုဖြစ်စဉ်ဟုခေါ်ပြီး Hypoxia ဖြစ်စဉ်ကြောင့် ကန်အတွင်းရှိ Food Chain စွမ်းအင်များ ဆုံးရှုံးနိုင်ပြီး ဆိုးကျိုးများသက်ရောက်စေပါသည်။

နွေရာသီချိန်မျိုးတွင် Nutrient runoff၊ sink၊ algae blooms၊ bottom dweller benthic respiration၊ stratification of water level စသည့်အကြောင်းအရာများ ဖြစ်ပွားမှုများလျှင် Hypoxia ဖြစ်စဉ်ကို ကာလတိုဖြစ်ပွားစေပါသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေအရည်အသွေးပြောင်းလဲခြင်းဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရေနေသက်ရှိမျိုးစိတ်အမျိုးမျိုးတို့သည် ပြောင်းရွှေ့နေထိုင်ကြပြီး လျင်မြန်စွာမရွှေ့ပြောင်းနိုင်သော ခံနိုင်ရည်တုန့်ပြန်မှုနှေးသော ရေသတ္တဝါမျိုးစိတ်အများစုသည် သေဆုံးခြင်းနှင့် ရင်ဆိုင်ရပါသည်။

PDF Compressor Free Version



အောက်ဆီဂျင်သည် ရေနေသက်ရှိများ ရှင်သန်ရန်လိုအပ်သည်သာမက Organic Materials နှင့် Waste products များဆွေးမြေ့ပျော်ဝင်စေမည့်ဖြစ်စဉ်များအတွက်လည်းလိုအပ်ပါသည်။ မွေးမြူရေးလုပ်ငန်းမစင်များနှင့်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးမြေသုံးမြေသြဇာများ၊ အိမ်သုံးစွန့်ပစ်ပစ္စည်းများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများ၊ အရက်ချက်စက်ရုံများ၊ ရေနံဓာတု၊ ရွှေတူးဖော်ရေးတွင် အသုံးပြုသောပြင်းအားများသည့် ဓာတုပစ္စည်းများ ကန်အတွင်းရောက်ရှိလာခြင်းကြောင့် Biological Oxygen Demand လျော့ကျလာပါသည်။ Heavy Metals ($<0.05$ mg/L) ပမာဏအနည်းငယ်မျှသာ ရေကန်ထဲတွင်ရှိပါက ရေနေသက်ရှိသတ္တဝါများအတွက် အဆိပ်ဓာတ်ကိုဖြစ်စေပါသည်။

နိုက်ထရိုဂျင် ($N_2$) သည် အပင်များရှင်သန်ကြီးထွားရန် မရှိမဖြစ်လိုအပ်သည်။ သို့သော်လည်း လိုအပ်သည့် ပမာဏထက်ပိုမိုများပြားစွာ ပါဝင်နေပါက ရေထုညစ်ညမ်းမှုကို ဖြစ်စေပါသည်။ အထက်ဖော်ပြပါ စွန့်ပစ်ပစ္စည်းများ ကန်အတွင်းသို့ ရောက်ရှိလာပြီး ($N_2$) ပါဝင်မှုကို မြင့်တက်စေပါသည်။ ရေနေသက်ရှိများအတွက် PH (6.5+0.8)သည် အကောင်းဆုံး level ဖြစ်ပါသည်။ နေရောင်ခြည်ကို အမှီပြု၍ အစာချက်လုပ်စဉ်အတွင်း ရေထဲမှ $CO_2$ ကို ရေညှိ၊ ရေမှော်များက ဖယ်ရှားခြင်းဖြစ်စဉ်ကို ဖြစ်စေပါသည်။ PH>9 ထက်များလျှင် ငါးသတ္တဝါများအတွက် အန္တရာယ်ရှိပါသည်။

ရေအရည်အသွေးတိုင်းတာခြင်း ဆောင်ရွက်ချက်များအရ ငါးသေဆုံးမှုအဖြစ်များသောနေရာများတွင် ရေကြည်လင်မှုလျော့နည်းနေခြင်း၊ Dissolved Oxygen နည်းနေခြင်းများတွေ့ရှိရသည့်အပြင်၊ ရွှေသတ္တုတူးဖော်မှုများကြောင့် ခေါင်းတုံချောင်းဝနှင့် နန့်ရင်းခါချောင်းဝနေရာများနှင့် အင်းတော်ကြီးကန်အတွင်းတွင် Mercury(Hg)၊ Arsenic(As)၊ Turbidity၊ PH တန်ဖိုးများသည် National Environmental Quality (Emission) Guidelines နှင့် National Drinking Water Standard များထက်ကျော်လွန်နေသဖြင့် ရေနေသတ္တဝါများနှင့် ပြည်သူလူထုအတွက် အန္တရာယ်ရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါသည်။ ငါးမျိုးစိတ်များ၊ ဒေသအတွင်းရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၏ အဓိကကျက်စားရာနေရာဖြစ်သည့်အတွက် ရေအရည်အသွေး ကောင်းမွန်အောင် ထိန်းသိမ်းထားဖို့လိုအပ်ပါသည်။

၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငှက်ကောင်ရေစာရင်းကောက်ယူမှုများအရ နှစ်စဉ်ပျမ်းမျှ ဒေသတွင်းရေပျော်ငှက်မျိုးစိတ် ၁၈ မျိုး၊ ကောင်ရေ ၁၀,၀၀၀ခန့်၊ ဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၃၂ မျိုး၊ ကောင်ရေ ၁၂,၀၀၀ ခန့်ရှိကြောင်းသိရှိရပါသည်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ယခင်က မှတ်တမ်းတင်ထားခြင်းမရှိသေးသော သစ်တောငှက်မျိုးစိတ် သုံးမျိုးဖြစ်သည့် Wallcreeper (*Tichodroma muraria*)၊ ငှက်ပြာလေး Pale-Blue Flycatches (*Cyornis unicolor*) နှင့် Rufous- vented Niltava (Niltava somatrana) တို့ကို တွေ့ရှိမှတ်တမ်းတင်ထားပါသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်၌သာနေထိုင်ကျက်စားသော ရှားပါးမြန်မာ့မျိုးရင်း ရေချိုငါးမျိုးစိတ်တစ်မျိုးဖြစ်သည့် မိကျောင်းသွားကြားထိုးတံ ငါးမျိုးစိတ်များကိုလည်း မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး ငါးလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ ထိန်းသိမ်းရေးဇုန်တစ်ခု သတ်မှတ်ကာကွယ်ထားပါသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အင်းတော်ကြီးကန်ပတ်လည်ရှိ နမ့်ရင်းခါကြိုးဝိုင်း၊ မိုင်းနောင်ကြိုးဝိုင်း၊ အင်တော်ကြီးကြိုးဝိုင်း၊ မုဆိုးကြိုးဝိုင်း၊ နမ့်မွန်းကြိုးဝိုင်း(၅)ခုဖြင့်ပေါင်းစပ်၍ ဝန်ကြီးဌာန၏ (၉-၈-၂၀၀၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉)ဖြင့် စုစုပေါင်းဧရိယာကေ (၂၀၁၃၈၉)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အောက်ဖော်ပြပါအတိုင်း နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့်ဒေသကြီးတခုဖြစ်သဖြင့် မူလအနေအထားအခြေအနေမှ လျော့နည်းယိုယွင်းပျက်စီးမှုမရှိစေရန် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး လွန်စွာအရေးကြီးလှပါသည်။

(က)အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park- ၁၈-၁၂-၂၀၀၃)

(ခ) အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ရေဝပ်ဒေသများထိန်းသိမ်းရေးအဖွဲ့ဝင် (East Asian Australian Flyway Partnership- ၁၅-၁၂-၂၀၁၄)

(ဂ) ရမ်ဆာရေဝပ်ဒေသ (Ramsar Site- ၂-၂-၂၀၁၆)

(ဃ)လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man And Biosphere Reserve- ၁၅-၆-၂၀၁၇)

(င) အာရှတိုက်ရှိ ရေဝပ်ဒေသများကွန်ရက်(Member of Wetland Link International-Asia- ၄/၂၀၁၉)

သို့ဖြစ်ပါ၍ အင်းတော်ကြီးကန်ရေရှည်တည်တံ့ရေး၊ သဘာဝအမွေအနှစ်များ မူလအနေအထားမှ လျော့နည်းပျက်စီးမှုမရှိစေရေး၊ အင်းတော်ကြီးကန်ရေဝေရေလဲဒေသများထိန်းသိမ်းရေးမှာ အလွန်အရေးကြီးသဖြင့် အင်းတော်ကြီးကန်၏ ရေအရည်အသွေးကျဆင်းစေသော စွန့်ပစ်အညစ်အကြေးများ စနစ်တကျစွန့်ပစ်စေရန် စီမံဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းများကို ဒေသခံများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အင်းတော်ကြီးကန်အတွင်း ဝင်ရောက်စီးဆင်းနေသောချောင်းများ၏ အထက်ပိုင်းတွင် တရားမဝင်ရွှေ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Facebook **စာမျက်နှာများ၊ ကွင်းဆင်းအစီရင်ခံစာများ၊ ဒေသမှတ်တမ်းများအားအခြေခံ၍ ပေါင်းစပ်ပြုစုတင်ပြခြင်းဖြစ်ပါသည်။**

PDF Compressor Free Version



# တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အား ကိုယ်စားပြုသည့် Growth and Yield Model များအား လေ့လာဖော်ထုတ်ခြင်း

ရန်မျိုးနိုင် ၊ ဦးစိုးအာရကို

## နိဒါန်း

အနောက်တိုင်းမှ ပညာရှင်များဖြစ်သည့် Burkhart H.E နှင့် Tome M (2012) တို့ ရေးသားသော Modelling Forest Trees and Stands စာအုပ်တွင် ဖော်ပြပါရှိသော Borders and Bailey (1986) ၏ growth and yield model များအားအခြေခံလျက် တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း တည်ထောင်စိုက်ပျိုးထားသော ကျွန်းစိုက်ခင်း(၁၀)ခုအား သုတေသနပြုလေ့လာခြင်းမှ ရရှိသည့်ရလဒ်များဖြင့် အဆိုပါစိုက်ခင်းများ၏ လက်ရှိတောထွက်နှင့် အနာဂါတ်တောထွက်တို့အားတွက်ယူနိုင်ရန် ဤဆောင်းပါးအား ရည်ရွယ်ရေးသားဖော်ပြအပ်ပါသည်။

## Growth and Yield Model များ

မူရင်းစာရေးသူများက ဖော်ပြထားသော စိုက်ခင်းများအတွက် volume and basal area model များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

$$\ln V = b_0 + b_1 \ln H_t + b_2 \ln G \qquad (၁)$$

$$\ln G = a_0 + a_1 \ln H_t + a_2 \ln N \qquad (၂)$$

ဤနေရာတွင် –

ln – natural logarithm

V – volume per hectare (cubic meter)

G – basal area per hectare(square meter)

$H_t$ – top height (average height of 100 biggest diameter at breast height (DBH) trees per hectare)(meter)

N – number of trees planted per hectare

$b_0$, $b_1$, $b_2$, $a_0$, $a_1$, $a_2$ are unknown parameters to be estimated.

ညီမျှခြင်း (၁)နှင့် (၂) မှာ တောထွက်(yield)ကို ဖော်ပြသည့် ညီမျှခြင်းများ ဖြစ်ကြပါသည်၊ ဤညီမျှခြင်းများကို အသက် age (A) ဖြင့် differentiate ပြုလုပ်ပါက အောက်ပါညီမျှခြင်း (၃) နှင့်(၄) တို့အသီးသီးရရှိမည်ဖြစ်ပါသည်။

$$\frac{\left(dV/_{dA}\right)}{V} = \left(\frac{b_1}{H_t}\right)\left(\frac{dH_t}{dA}\right) + \left(\frac{b_2}{G}\right)\left(\frac{dG}{dA}\right) \qquad (၃)$$

$$\frac{\left(dG/_{dA}\right)}{G} = \left(\frac{a_1}{H_t}\right)\left(\frac{dH_t}{dA}\right) \qquad (၄)$$

အထက်ပါညီမျှခြင်း(၃)တွင် Relative volume growth သည် top height နှင့် ရင်စို့ဖြတ်ပုံရေိယာ (စတုရန်းမီတာ)(basal area) တို့၏ relative changes နှစ်ခုစလုံးပေါ်တွင် မူတည်ကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ရင်စို့ဖြတ်ပုံရေိယာ၏ Relative growth rate မှာ top height ၏ relative growth rate အပေါ်သာလျှင် မူတည်ကြောင်း တွေ့ရှိရပါသည်(ညီမျှခြင်း–၄)။ ထို့ကြောင့် အမြင့်နှင့် အသက်တို့၏ ဆက်သွယ်ချက်သည် လိုအပ်လာပါသည်။ သို့ဖြစ်၍ အောက်ပါအမြင့်နှင့် အသက် ဆက်သွယ်ချက် model အား သုတေသန ဆန်းစစ်ခြင်းပြုရန် မူရင်းစာရေးသူများမှ ဖော်ပြထားပါသည်။

$$\ln H_t = c_0 + c_1 A^{-1} \qquad (၅)$$

အထက်ပါညီမျှခြင်းကို A ဖြင့် differentiate ပြုလုပ်ပါက အောက်ပါ ညီမျှခြင်း (၆) အားရရှိမည်ဖြစ်ပါသည်။

$$\frac{\left(dH_t/_{dA}\right)}{H_t} = -c_1 A^{-2} \qquad (၆)$$

ညီမျှခြင်း (၃)၊(၄) နှင့် (၆) တို့အား separable linear differential equation များအနေဖြင့် ဖြေရှင်းထားကြောင်းနှင့် ၎င်းညီမျှခြင်းများအား $A_1$ မှ $A_2$ အထိ integrate ပြုလုပ်ပါက အောက်ပါ growth projection ညီမျှခြင်းများကို ရရှိကြောင်း Borders and Bailey (1986) က ဖော်ပြထားပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

$$\ln V_2 = \ln V_1 + b_1(\ln Ht_2 - \ln Ht_1) + b_2(\ln G_2 - \ln G_1) \qquad (၇)$$

$$\ln G_2 = \ln G_1 + a_1(\ln Ht_2 - \ln Ht_1) \qquad (၈)$$

$$\ln Ht_2 = \ln Ht_1 + c_1(A_2^{-1} - A_1^{-1}) \qquad (၉)$$

ဤနေရာတွင် –

$V_i$ = volume per hectare at age Ai

$G_i$ = basal area per hectare area at age Ai

$H_t$ = top height at age Ai

$A_i$ = age in years at time i

i – 1,2

PDF Compressor Free Version



**ကွင်းဆင်းစာရင်းကောက်ယူခြင်းနှင့် model များအား ဆန်းစစ်ခြင်း**

ညီမျှခြင်း(၁)၊(၂) နှင့်(၃) တို့၏ $b_0$ ၊ $b_1$ ၊ $b_2$၊ $a_0$ ၊ $a_1$ နှင့် $a_2$ တန်ဖိုးများအားရရှိရန် ရေဘာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့တွင် တည်ထောင်စိုက်ပျိုးထားသော ကျွန်းစိုက်ခင်း (၁၀)ခုတွင် ကွင်းဆင်းစာရင်းကောက်ယူရာမှ ရရှိသောကိန်းဂဏန်းအချက်အလက်များဖြင့် သုတေသနဆန်းစစ်ခြင်းပြုလုပ်ခဲ့ပါသည်။ စိုက်ခင်းတစ်ခုစီတွင် နမူနာကွက်(၁၀)ကွက် အား ကောက်ယူသည့်အတွက် နမူနာကွက် စုစုပေါင်း(၁၀၀)ကွက်ဖြစ်ပါသည်။နမူနာကွက်တစ်ခု၏ ဧရိယာမှာ (၀.၀၅)ဟက်တာဖြစ်ပါသည်။ နမူနာကွက်တစ်ခုစီအတွင်းရှိ အပင်အားလုံး၏ ရင်စို့အချင်း (စင်တီမီတာ)နှင့် ရင်စို့အချင်းအကြီးဆုံးအပင်(၅)ပင်၏ အမြင့်(မီတာ) အား vertex IV အမြင့်တိုင်းကိရိယာဖြင့် တိုင်းတာပါသည်။

ရင်စို့အချင်းအားတိုင်းတာခြင်းမှာ ညီမျှခြင်း(၁)နှင့်(၂)တို့ရှိ ရင်စို့ဖြတ်ပုံဧရိယာ(G)ကို တွက်ယူရန်ဖြစ်ပါသည်။ ၎င်းနောက် သုတေသနဆန်းစစ်ခြင်းအား ပြုလုပ်ခဲ့ပါသည်။ သုတေသနဆန်းစစ်ခြင်း ပြုလုပ်သည့်အခါ၌ ညီမျှခြင်း(၁)မှ ဘ၀၏တန်ဖိုးမှာ စာရင်းအင်းနည်းလမ်းအရ significant မဖြစ်ခြင်းကြောင့် အဆိုပါ constant အား ချန်ခဲ့ပြီး regression through origion ဖြင့် ထပ်မံ ပြုလုပ်ခဲ့ပါသည်။ ညီမျှခြင်း(၁)၊ (၂) နှင့်(၃) တို့၏ သုတေသနဆန်းစစ်မှုရလဒ်များအား အောက်ပါဇယားများနှင့် ပုံများတွင် တွေ့ရှိနိုင်ပါသည်။

ဇယား-၁း အခြေခံသုတေသနကိန်းဂဏန်းများ

| Varible | Minimum | Maximum |
|---|---|---|
| Age(yr) | 52 | 13 |
| Volume($m^3$/ha) | 601.80 | 18.31 |
| Basal Area($m^2$/ha) | 73.56 | 3.79 |
| Top Height(m) | 38.70 | 10.70 |
| Number of Trees | 640 | 120 |

ဇယား-၂း သုတေသနဆန်းစစ်မှုရလဒ်များ

| ညီမျှခြင်း | Parameters | ခန့်မှန်းတန်ဖိုး | P-Level | F-Test (P-Level) | $R^2$ |
|---|---|---|---|---|---|
| ၁ | $b_0$ | 0.59 | 0.01 | 0.01 | 0.99 |
| | $b_1$ | 1.00 | 0.01 | | |
| ၂ | $a_0$ | -7.26 | 0.01 | 0.01 | 0.88 |
| | $a_1$ | 2.14 | 0.01 | | |
| | $a_2$ | 0.63 | 0.01 | | |
| ၃ | $c_0$ | 3.89 | 0.01 | 0.01 | 0.87 |
| | $c_1$ | -17.44 | 0.01 | | |




ပုံ-၁ း ကောက်ယူရရှိသောထုထည်နှင့် ခန့်မှန်းထုထည်တို့၏ ကွာခြားမှုနည်းပါးကြောင်းပြသခြင်း




ပုံ-၂ း ကောက်ယူရရှိသော ရင်စို့ဖြတ်ပုံဧရိယာနှင့် ခန့်မှန်း ရင်စို့ဖြတ်ပုံဧရိယာတို့၏ ကွာခြားမှုနည်းပါးကြောင်းပြသခြင်း




ပုံ-၃ း ကောက်ယူရရှိသော top height နှင့် ခန့်မှန်း top height တို့၏ ကွာခြားမှုနည်းပါးကြောင်းပြသခြင်း

ဇယား(၁)တွင် ဖော်ပြထားသော ကိန်းဂဏန်းများဖြင့်ညီမျှခြင်း (၇)၊ (၈) နှင့် (၉) တို့တွင် ထည့်သွင်းပါက အောက်ပါအတိုင်းဖြစ်ပါမည်။

$$\ln V_2=\ln V_1+(0.59)(\ln Ht_2-\ln Ht_1)+(1)(\ln G_2-\ln G_1) \quad (10)$$

$$\ln G_2=\ln G_1+(2.14)(\ln Ht_2-\ln Ht_1) \quad (11)$$

$$\ln Ht_2=\ln Ht_1+(-17.44)(A_2^{-1}-A_1^{-1}) \quad (12)$$

### လက်ရှိနှင့်အနာဂါတ်တောထွက်များအားခန့်မှန်းခြင်း

ညီမျှခြင်း(၁) တွင် top height နှင့် ရင်စို့ဖြတ်ပိုင်းဧရိယာတို့ကိုသိရှိပါက ၎င်းတို့အားအခြေခံလျက် စိုက်ခင်းတစ်ခု၏ရောက်ရှိနေသည့် အသက်ရှိ တစ်ဟက်တာရှိ ထုထည် (ကုဗမီတာ)ကို သိရှိနိုင်ပါသည်။ ဤတွင် ထုထည်မှာ တစ်ပင်ချင်းအတွက် ၎င်းမပါဝင်ဘဲ အပင်ထိပ်ဖျား (၁၀)စင်တီမီတာအချင်းအထိထုထည်ဖြစ်ပြီး တစ်ဟက်တာအတွင်းရှိ အပင်များအားလုံး၏ စုစုပေါင်းထုထည်ဖြစ်ပါသည်။ ညီမျှခြင်း(၅)တွင် စိုက်ခင်း၏အသက်ကို သိရှိပါက စိုက်ခင်း၏ top height အားခန့်မှန်းနိုင်ပါသည်။ ထိုခန့်မှန်းရရှိသော top height နှင့် တစ်ဟက်တာရှိ အပင်အရေအတွက် (N) အားသိရှိပါက တစ်ဟက်တာရှိ ရင်စို့ဖြတ်ပိုင်းဧရိယာအား ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။ အချုပ်အားဖြင့် စိုက်ခင်း၏ အသက်နှင့်တစ်ဟက်တာရှိ အပင်အရေအတွက်တို့ကို သိရှိပါက ညီမျှခြင်း(၁)ကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

ထို့နောက် အနာဂတ်တောထွက်ကိုတွက်ချက်လိုပါက စိုက်ခင်း၏ ယခုရောက်ရှိနေသည့် အသက်($A_1$)နှင့် ခန့်မှန်းလိုသည့်နှစ်ရှိ အသက်($A_2$)တို့ကိုအခြေခံလျက် ညီမျှခြင်း (၁၂)ကို ပထမဦးစွာရှင်းလင်းရပါမည် (ဥပမာအားဖြင့် စိုက်ခင်း၏ ယခုအသက် ($A_1$) သည် (၂၀)နှစ်ဖြစ်လျှင် အနှစ်(၃၀)အထိ ခန့်မှန်းလိုပါက ($A_2$) မှာ (၅၀) နှစ်ဖြစ်ပါမည်)။ ထို့နောက် ညီမျှခြင်း(၁၁) အား ညီမျှခြင်း (၂)မှ ရရှိထားသည့် ရင်စို့ဖြတ်ပိုင်းဧရိယာကို အခြေခံလျက် ရှင်းလင်းတွက်ယူရမည်ဖြစ်ပါသည်။ ညီမျှခြင်း(၁၁)မှ အနာဂတ်ရင်စို့ဖြတ်ပိုင်းဧရိယာအား ရရှိပါက ညီမျှခြင်း(၁)မှ ရရှိသော ထုထည်အားအခြေခံလျက် ညီမျှခြင်း (၁၀)အား ဆက်လက်တွက်ယူနိုင်ပါသည်။ ထိုအခါ အနာဂတ်ကာလတွင် ရှိမည့်တစ်ဟက်တာထုထည်အား ရရှိနိုင်မည်ဖြစ်ပါသည်။

### သုတေသနပြုလုပ်ခဲ့သည့်ကျွန်းစိုက်ခင်း(၆) ခု၏ တောထွက်များ

ကွင်းဆင်းသုတေသနစာရင်းကောက်ယူခဲ့သော ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်းရှိ ကျွန်းစိုက်ခင်း(၆)ခု၏ (၂၀၁၆)ခုနှစ်တွင်ရှိသည့် အသက်အား အခြေခံလျက် အဆိုပါနှစ်တွင်ရှိသည့်တောထွက်နှင့် သက်ပတ်ကာလ အနှစ် (၄၀) တွင်ရှိမည့်တောထွက်တို့အား ဖော်ပြအပ်ပါသည်။

ဇယား-၃ ၊ သုတေသနဆန်းစစ်ခဲ့သည့် စိုက်ခင်း(၆)ခု၏ သက်ပတ်(၄၀)တွင် ရှိမည့်တောထွက်များ

| စဉ် | စိုက်ခင်းတည်နေရာ | အသက် (၂၀၁၆) | လက်ရှိထုထည် (ကုဗမီတာ) | သက်ပတ်ကာလတွင်ရှိရမည့် ထုထည်(ကုဗမီတာ) |
|---|---|---|---|---|
| ၁။ | စိုင်းရကြီးဝိုင်း၊ အကွက်အမှတ် (၇၆)၊ ရေတာရှည်မြို့နယ် | ၁၇ | ၅၄.၆၂ | ၂၇၂.၀၇ |
| ၂။ | စိုင်းရကြီးဝိုင်း၊ အကွက်အမှတ်(၇၇)၊ ရေတာရှည်မြို့နယ် | ၁၅ | ၅၆.၁၃ | ၄၀၅.၆၇ |
| ၃။ | စိုင်းရကြီးဝိုင်း၊ အကွက်အမှတ် (၇၉)၊ ရေတာရှည်မြို့နယ် | ၃၃ | ၁၇၅.၂၅ | ၂၂၅.၄၂ |
| ၄။ | စိုင်းရကြီးဝိုင်း၊ အကွက်အမှတ်(၇၈)၊ ရေတာရှည်မြို့နယ် | ၁၃ | ၂၂.၆၃ | ၂၆၆.၁၃ |
| ၅။ | စိုင်းရကြီးဝိုင်း၊ အကွက်အမှတ်(၃၉)၊ ရေတာရှည်မြို့နယ် | ၂၂ | ၁၄၀.၅၁ | ၃၇၁.၀၂ |
| ၆။ | သံတောင်ကြီးဝိုင်း၊ အကွက်အမှတ်(၃)၊ တောင်ငူမြို့နယ် | ၂၅ | ၁၂၉.၁၀ | ၂၆၃.၁၄ |

### နိဂုံး

နိဂုံးချုပ်အားဖြင့် အထက်ဖော်ပြပါ growth and yield model များကို အသုံးချခြင်းအားဖြင့် ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်းရှိ ကျွန်းစိုက်ခင်းများ၏ top height၊ လက်ရှိတောထွက်(ထုထည်နှင့် ရင်စို့ဖြတ်ပိုင်းဧရိယာ)၊ အနာဂတ်တောထွက် (ထုထည်နှင့်ရင်စို့ဖြတ်ပိုင်းဧရိယာ)၊ instantaneous volume growth နှင့် instantaneous basal area growth များကို ခန့်မှန်းနိုင်ပါကြောင်း၊ ဖော်ပြပါ နေရာဒေသအတွက် အနာဂတ်တောထွက်တွက်ယူရန် model များ အဆင်သင့် မရှိနိုင်သေးပါက တောင်ငူခရိုင်တစ်ခုလုံးအတွက် ယခုဖော်ပြခဲ့သော model အားအခြေခံလျက် တွက်ချက်နိုင်ပါကြောင်း၊ သက်ဆိုင်ရာ ခရိုင်တစ်ခုချင်းစီအလိုက်နှင့် သစ်မျိုး အမျိုးအစားအလိုက် growth and yield model များအား ဖော်ပြပါ ညီမျှခြင်းများကို အခြေခံလျက် တည်ဆောက်သင့်ပါကြောင်း အကြံပြုတင်ပြလျက် နိဂုံးချုပ်အပ်ပါသည်။

### ကျမ်းကိုးစာရင်း

Burkhart H.E and Tome M (2012) Modelling Forest Trees and Stands,Springer Science+ Business Media, New York

Borders B.E., Bailey R.L. (1986): A compatible system of growth and yield equations for Slash Pine fitted with restricted three-stage least squares.

PDF Compressor Free Version



# အညာမြေတခွင် စိမ်းလန်းစေချင် . .

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

မြန်မာနိုင်ငံအလယ်ပိုင်းလို့ ကြားသည်နှင့် ရှု၍ မဆုံး တစ်မျှော်တစ်ခေါ်ရှိလှသော ထန်းတောကြီးများကိုလည်းကောင်း၊ ဖုန်တလုံးလုံးထနေသော ရွာလမ်းများတစ်လျှောက် ပြေးလွှားဆော့ကစားနေကြသော ကလေးငယ်များကိုလည်းကောင်း၊ နွေရာသီတွင် ရေမရှိသော်လည်း မိုးရာသီတွင် ချောင်းရေများအရှိန်အဟုန်ဖြင့် ကျလေ့ရှိသော သဲချောင်းကြီးများကိုလည်းကောင်း ပြေးမြင်မိပါလိမ့်မည်။ အဆိုကျော်ကြီး ဦးသန်းထွန်းလေး၏ သီချင်းများ၊ ဆရာမြသန်းတင့်နှင့် ဆရာနေဝင်းမြင့်တို့၏ ဝတ္ထု၊ ဆောင်းပါးများမှတဆင့် အညာဒေသခေါ် အပူပိုင်းဒေသ၏ချစ်စဖွယ်ရိုးသားလှသည့် လူနေမှုဓလေ့များအကြောင်းကို စာတွေ့သာသိခွင့်ရခဲ့သော ကျွန်တော်သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ အမြဲတမ်း**သန္ဓေ**ဝန်ထမ်း အဖြစ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန် ၂၀၁၅ ခုနှစ်မှ စ၍ အညာမြေ၏ ချစ်စဖွယ်၊ မြတ်နိုးစဖွယ် လူနေမှုဓလေ့စရိုက်များကိုသာမက ကြမ်းတမ်းပြင်းထန်သော ရာသီဥတုတွင် မရှိမယ့်ရှိမယ့် သဘာဝအရင်းအမြစ်များကို အမှီပြုကာအံတု၍ရုန်းကန်နေရသည့် အညာမြေဒေသနေ ပြည်သူများ၏ ဖွဲ့လုံ့လနှင့်အားမာန်တို့ကိုပါ နှုဖူးတွေ့ ဒူးတွေ့ကြုံခဲ့ရပါတော့သည်။

အပူပိုင်းဒေသဟုဆိုသည့်အတိုင်း ပူသည်ကတော့ ပြောဖွယ်ရာမရှိ။ မိုးကလည်း ခေါင်လိုက်ပြန်သေးသည်။ သစ်ပင်စိုက်ပျိုးရန် မြေဆီလွှာကလည်း ညံ့လှပေသည်။ သစ်ပင်စိုက် ဝါသနာပါ၍ ငယ်ငယ်က အမေ့ခြံထဲတွင် စားပင် သီးပင်များစိုက်ခဲ့၊ စားခဲ့ဖူးသော ကျွန်တော်သည် '**သစ်ပင်စိုက်ရတာ ဘာခက်သလဲ**' ဟု ကိုယ့်ကိုကိုယ်ထင် တစ်လုံးဖြင့်ရှိနေခဲ့ရာက အညာဒေသတွင်သစ်ပင်စိုက်သည့်အလုပ်ကို ပထမဆုံးလုပ်ရသောအခါ '**ငါဘာမှ မဟုတ်ပါလား**' ဟုပင်တွေးခဲ့မိသည်ဆိုသည်ကို ဤနေရာ မှဝန်ခံလိုပါသည်။

ဒေသ၏တည်နေရာအရ မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်မတွင်တည်ရှိ၍လည်းကောင်း၊ သမိုင်းကြောင်း စဉ်လာကြီးမားသည့် မြို့ပြနိုင်ငံများ၊ ခေတ်အဆက်ဆက်တည်ထောင်ဖွံ့ဖြိုးခဲ့သဖြင့် လူနေထူထပ်ပြီးယဉ်ကျေးမှုအမွေအနှစ်များစွာ တည်ရှိ၍လည်းကောင်း မြန်မာနိုင်ငံ၏ Heart Land ဟု တင်စား၍ ခေါ်ဝေါ်ခဲ့ရသည့် ဤဒေသသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝသယံဇာတအရင်းအမြစ်များရှားပါးလာမှုတို့ကြောင့် နေရပ်စွန့်ခွာ၍ ရွှေ့ပြောင်းအလုပ် လုပ်ကိုင်သူဦးရေ အများဆုံးဒေသတစ်ခုလည်းဖြစ်နေပြန်ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အပူပိုင်းဒေသ၏ အလုပ်လုပ်နိုင်သည့်အသက်အပိုင်းအခြားရှိသောလူဦးရေတွင် နေရပ်စွန့်ခွာ၍ အလုပ်လုပ်ကိုင်သည့် ပမာဏအများဆုံးဖြစ်သည့်အကြောင်း လေ့လာမှတ်သားခဲ့ဖူးပါသည်။



ပထဝီဝင်အနေအထားအရ ပင်လယ်နှင့်ဝေးကွာပြီး အရှေ့ဘက်တွင်ရှမ်းရိုးမ၊ အနောက်ဘက်တွင် ရခိုင်ရိုးမတို့ တောင်မြောက်သွယ်တန်း ကာရံလျက်ရှိသည့် **မိုးကွယ်အရပ်** (Rain Shadow Area) ဖြစ်နေခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်အခက်အခဲများစွာ ကြုံတွေ့နေရသော ဒေသနေပြည်သူများအတွက် **ဘူးလေးရာ ဖရုံဆင့်**သလို ဖြစ်နေရပြန်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားအခြေအနေများ တစ်စတစ်စ ဆုတ်ယုတ်ကျဆင်းလာသဖြင့် ဒေသတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးသစ်တောစိုက်ခင်းများ၊ ဒေသထောက်ပံ့ရေးသစ်တောစိုက်ခင်းများ၊ တောင်စဉ်တောင်တန်း စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများတည်ထောင်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြည်သူဗဟိုပြုသစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန (စိမ်း/စို) ဟူ၍ ဌာနသီးသန့်ဖွဲ့စည်း၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ် (၂)ခု ကျော်လွန်ခဲ့ပြီး ဖြစ်ပါသည်။

'**တောင်ကတုံးကို သျှောင်ထုံးရမယ်**' ဟူသော သစ်တောထိန်းသိမ်းရေးဆောင်ပုဒ်အရ စိမ်း/ စို ဌာနသည်

PDF Compressor Free Version



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ သမိုင်းကြောင်းအရ သာမက ဘာသာရေးအရအထင်ကရရှိသော တောင်စဉ်တောင်တန်း (၁၇)လုံးတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဦးစွာအင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရပါသည်။ **တောတောင်စိမ်းမှ စမ်းရေရသည်** မဟုတ်ပါလော။ နှစ်ကာလများစွာ ရေ/လေတို့၏ တိုက်စားမှုကို ခံခဲ့ရသဖြင့် ကျောက်စိုင်ကျောက်သားတို့ပင် ပေါ်စပြုနေပြီဖြစ်သော တောင်စဉ်တောင်တန်းဧရိယာများကို ပြန်လည်စိမ်းလန်းစေဖို့ ဆိုသည်မှာ အပြောမလွယ်သလို အလုပ်ကလည်း ခက်လှပေသည်။ ဝန်ထမ်းနှင့်လုပ်သားအင်အား၊ ဘဏ္ဍာရန်ပုံငွေအင်အား၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအား စသည့် **အား** ပေါင်းများစွာ ရင်းနှီးစိုက်ထုတ်၍ နှစ်တို/ နှစ်ရှည် စီမံချက်များဖြင့် တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နှစ်ပြီး တစ်နှစ် **ကျားကုတ်ကျားခဲ** ဆောင်ရွက်ခဲ့ရပါသည်။

စိုက်မည့်မျိုးပင်၊ စိုက်ပျိုးမည့်နည်းစနစ် စသည်တို့ကအစ အခြားဒေသရှိ စိုက်ခင်းများတည်ထောင်ခြင်းနှင့်မတူပေ။ မျိုးပင်ဆိုလျှင် အနိမ့်ဆုံးအမြင့်(၂)ပေအထက်ရှိပြီး ကြံ့ခိုင်သန်စွမ်းရန်လိုသလို မျိုးအိတ်ဆိုလျှင်လည်း အသေးဆုံး(၈"× ၅")အရွယ်အစားမှ အကြီးဆုံး (၁၈"× ၂၄")အရွယ်အစားအထိ အဆင့်ဆင့်ကူးပြောင်းမျိုးထောင်ထားရပါသည်။ သစ်မျိုးရွေးချယ်ရာတွင်လည်း ရေငတ်ဒဏ်၊ ဆားပေါက်ဒဏ်ခံနိုင်ရန်နှင့် ဒေသနှင့်ကိုက်ညီရန် စသဖြင့် အထူးအထူးသော သတ်မှတ်ချက်များစွာနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ အညံ့ဆုံးဆိုသည့်မြေများသာ ဖြစ်သဖြင့် မြေပြုပြင်ရာတွင်လည်း ကျင်းအရွယ်အစားပိုကြီးရန်၊ လိုအပ်သောအာဟာရဓာတ်များ အလုံအလောက်ပါဝင်သည့် **မြေအငှါး (Borrow Soil)** ထည့်သွင်းပြုပြင်ရန်လိုအပ်ပါသည်။ ရှားပါးလှသည့်မိုးရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရန် တောင်စဉ်တောင်တန်းတို့၏လျှောစောက်၊ မြေအနိမ့်အမြင့် စသည်တို့နှင့်ကိုက်ညီသည့် ရေဖမ်းကျင်းတူးစနစ်၊ ကွန်တိုဘောင်စနစ်စသည့် နည်းစနစ်များကိုလည်း နေရာဒေသအလိုက် အသုံးပြုစိုက်ပျိုးရပါသည်။ သို့မှသာ **တစ်ပင်စိုက်၊ တစ်ပင်ရှင်** မည် ဖြစ်ပေမည်။

ဌာနစတင်ဖွဲ့စည်းတည်ထောင်စဉ်မှစ၍ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာတွင် ခက်ခဲသော ရေ၊ မြေ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို မဆိုးစိုင်သင် ဆိုသကဲ့သို့ ရင်ဆိုင်ကျော်လွှားခဲ့ရသည့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ လက်ဆင့်ကမ်းအတွေ့အကြုံများဖြင့် ယနေ့အချိန်တွင် သင့်လျော်မှန်ကန်သည့် စိုက်ပျိုးနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များချမှတ်ဆောင်ရွက်နိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပြန်ပါသည်။

ရှေ့က တာဝန်ထမ်းဆောင်ခဲ့သူများ၏ ချွေးစက်တို့ဖြင့် ဆယ်စုနှစ်(၂)ခုကျော်ခန့်ရင်းနှီး၍ရရှိခဲ့သော အတွေ့အကြုံများသည် ကျွန်တော်တို့အတွက် လမ်းပြမြေပုံသဖွယ်တန်ဖိုးရှိလှသည်မှာအမှန်ပင်ဖြစ်ပါသည်။ တောင်စဉ်တောင်တန်းများစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများမှ အစပြုခဲ့သော စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များသည် ယခုအခါ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များအဖြစ် အပူပိုင်းဒေသအတွင်းပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို–

(က)ပူပြင်းခြောက်သွေ့၍ မိုးခေါင်ရေရှားသည့် အပူပိုင်းဒေသရှိသဘာဝပေါက်ပင်အထူးကျဲပါးသွားသည့် ဧရိယာများ ပြန်လည်စိမ်းလန်းစိုပြည်လာစေရန်၊

(ခ) ဒေသ၏ ရာသီဥတုမျှတစေပြီး ပူပြင်းခြောက်သွေ့ခြင်းဒဏ်မှ သက်သာစေရန်၊

(ဂ) တောင်ကတုံးများ သစ်ပင်များဖြင့်ပြန်လည်စိမ်းလန်းစိုပြည်လာပြီး ရေနှင့်မြေဆီလွှာထိန်းသိမ်းရန်၊

(ဃ)တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်မျိုးစုံတို့ ပြန်လည်ဝင်ရောက် ကျက်စားနေထိုင်ခြင်းဖြင့် ဒေသ၏ Biodiversity မြင့်မားလာမှုကို အထောက်အကူဖြစ်စေရန်၊

(င) ရေ မြေ၊ တော၊ တောင်တို့၏ ရှုခင်းများကို ကြည့်မြင်ခံစားနိုင်ရန်

စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ ရည်ရွယ်ချက်များအား ပြည့်ဝစေရန်အတွက်ဦးစီးဌာနမှအောက်ပါအချက်များနှင့်အညီ လုပ်ငန်းတည်နေရာများသတ်မှတ်ရွေးချယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါသည်–

(က)သစ်တောသစ်ပင် ပေါက်ရောက်မှုကျဲပါးသည့် တောင်စဉ်တောင်တန်းများ

(ခ) စိုက်ပျိုးရေးတွင်အရေးပါသော ရေရရှိနိုင်ရန်အတွက် တည်ဆောက်ထားသည့် ဆည်များ၏ ရေဝေရေလဲဒေသများ

(ဂ) သစ်တောဧရိယာ လျော့နည်းကျဆင်း၍ ထုတ်လုပ်နိုင်စွမ်းအား ကျဆင်းလာသည့်တောများ/ အဖိုးတန်သစ်မျိုးပါဝင်မှုအချိုးလျော့နည်းကျဆင်းလျက်ရှိသည့် သဘာဝတောများ

(ဃ)လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ တည်ဆောက်ရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ စိမ်းလန်းစိုပြည်ရန် လိုအပ်လျက်ရှိသည့် အထူးဖွံ့ဖြိုးရေးဇုန်ဒေသများ

(င) ဘာသာရေး၊ ယဉ်ကျေးမှုနှင့်သမိုင်းကြောင်းအရထိန်းသိမ်းသင့်သည့် နိုင်ငံ၏အထင်ကရဒေသများ၊ ထူးခြားသော မြေမျက်နှာသွင်ပြင်ရှိသည့် ဒေသများနှင့် သီးခြားလမ်းညွှန်ချက်ဧရိယာများ

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်

PDF Compressor Free Version



ရွက်ရန်အတွက် အထက်ပါအချက်များနှင့် ကိုက်ညီသည့်တည်နေရာရွေးချယ်ရန်လိုအပ်သကဲ့သို့ နှစ်စဉ်လုပ်ငန်းစဉ်များကိုလည်း အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–

(က) တောင်တန်းများစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း

(ခ) Myanmar Reforestation and Rehabilitation Program - MRRP လျာထားချက်အရ နှစ်စဉ်အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပင် (၂၆၆,၁၇၅) ပင်စိုက်ပျိုးခြင်း

(ဂ) အထူး စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း

(ဃ)ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(င) နိုင်ငံတော်အကြီးအကဲနှင့်ပြည်ထောင်စုဝန်ကြီး၊ ဌာနအကြီးအမှူးတို့၏ လမ်းညွှန်ချက်အရစိုက်ပျိုးခြင်းလုပ်ငန်းများ

စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် စီးပွားရေးအရ အကျိုးအမြတ်ရရှိစေရန် သို့မဟုတ်နောင်တစ်ချိန်တွင်ပြန်လည်ထုတ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်ခြင်းမဟုတ်ပဲ ဂေဟစနစ်နှင့်ရာသီဥတုတိုးတက်ကောင်းမွန်စေခြင်း အကျိုးကျေးဇူးများကို ရေရှည် သားစဉ်မြေးဆက်ရယူခံစားနိုင်စေရန် တည်ထောင်ခြင်းဖြစ်ပါသည်။ ဒေသခံပြည်သူများမှ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးရလဒ်များကို ကာလတိုအတွင်း မြင်သာထင်သာစွာရရှိခံစားနိုင်စေရန် အကောင်အထည်ဖေါ်ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်တစ်ခု ဖြစ်သည့်အတွက် ဌာနဝန်ထမ်းများအနေဖြင့် ကာယစွမ်းအားနှင့်ဉာဏစွမ်းအားတို့ကို အပြည့်အဝ စိုက်ထုတ်ဆောင်ရွက်မှသာ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၏ သိသာထင်ရှားမှုအရှိဆုံး ရလဒ်တစ်ခုကိုပြပါဆိုလျှင် ချောက်မြို့နယ် ရွှေပုံတောင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို နမူနာပြရပါလိမ့်မည်။ မြန်မာ့ရွှေမဲများထွက်ရှိရာနေရာဟူသော ဂုဏ်ပုဒ်အပြင် အညာဒေသ၏အပူဆုံးမြို့အဖြစ်ပါ သတ်မှတ်ရလောက်အောင် ပူပြင်းလွန်းသည့်ဒေသဖြစ်သည်။ ပူရုံတင်မကသေး၊ မြေကြီးထဲကခါတ်ငွေ့ပါထွက်သဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ဖို့ဆိုသည်ကား ယခင်က အိပ်မက်ပမာပင် ဖြစ်ခဲ့ရပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ၂၀၀၀ ပြည့်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုကာလများက ရွှေပုံတောင်ပတ်ဝန်းကျင်တွင် သစ်ပင်နှင့်ရေနံတွင်းတူးစင် နှိုင်းယှဉ်ပါက ရေနံစင်ကပင်ပို၍များသောကာလများဖြစ်သည်။ ဌာနဝန်ထမ်းများ အတွက်အခက်အခဲပေါင်းမြောက်မြားစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသော စီမံကိန်းတစ်ခုဖြစ်ခဲ့ပါသည်။ **သစ်ပင်စိုက်တာပဲကွာ** ဟု ရိုးရိုးတွေးရုံနှင့်တော့ မညီသည့်နည်းနှင့်မှမအောင်မြင်နိုင်ပေ။ ပုံမှန်ပျိုးပင်တွေချစိုက်လည်း သေသည်။ ပျိုးအိတ်ကြီးတွေချစိုက်တာတောင် ရှင်ဖို့မသေချာသောနေရာဖြစ်သည်။ ကျင်းတူးပြန်တော့လည်း ပုံမှန်ကျင်းအရွယ်(၁၀) ကုဗပေကျင်းတူးရုံနှင့် မလုံလောက်။ ၃ပေပတ်လည်၊ ၃ပေအနက်(၂၇)ကုဗပေ ကျင်းကြီးတွေတူးရသည်။ စိုက်ပျိုးမည့် ပျိုးပင်ဆိုလျှင်လည်း ပျိုးသက်နှစ်နှစ်သား၊ သုံးနှစ်သား တမာပျိုးပင်များကို ကော်စေ့အိတ်ဖြူကြီးများသို့ ကူးပြောင်း၍ မစိုက်ပျိုးမီ တစ်နှစ်ခန့် အောင်လုံသန်စွမ်းအောင်ပြုစုထားရသေးသည်။ လွန်စွာမှ တာဝန်ကြီးသော အလုပ်တစ်ခုဖြစ်ပါသည်။ **'ဒီဒေသမှာ သစ်ပင်စိုက်ရတာကတော့ ရွှေတန်းမှာ စစ်ထွက်တိုက်နေရသလိုပဲ သစ်ပင်တစ်ပင်ရှင်ဖို့အရေးကို သတိတစ်ချက်လေးတောင် လွတ်သွားလို့ မရဘူးကွာ'** ဟု ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အစ်ကိုတစ်ဦးမှ ပြောခဲ့ဖူးသည်ကို အမှတ်ရမိပါသည်။

ကော်စေ့အိတ်ဖြူကြီးများဖြင့် ပျိုးထောင်ထားသည့်ပျိုးပင်ကြီးတွေစိုက်ပျိုးရန်အချိန်ရောက်ပြန်တော့ ကားတစ်တန်၊ လူတစ်တန်ဖြင့်စိုက်ပျိုးမည့်နေရာအရောက် ခက်ခက်ခဲခဲပို့ဆောင်ရပြန်ပါသည်။ အားကောင်းမောင်းသန်ယောကျ်ားသား (၃) ဦးခန့်ဖြင့် သယ်ယူရသည့် အဆိုပါပျိုးပင်ကြီးများကို တောင်ကမ်းပါးတစ်လျှောက် ဝါးလုံးဆိုင်းထမ်းဖြင့် အရောက်သယ်ပို့ရသည့်အလုပ်မှာ အလွန်ခက်ခဲလှပါသည်။ ကြိုတင်တူးဖေါ်ထားသည့် (၂၇) ကုဗပေကျင်းကြီးများအတွင်းသို့ မြေဆွေး၊ နွားချေးနှင့် သစ်ရွက်ဆွေးမြေဩဇာများ အချိုးကျထည့်သွင်းပြုပြင်ပြီးချိန်တွင် ရေအဝနှပ်၍ ပျိုးပင်ကြီးများမြေချစိုက်ပျိုးခြင်း၊ ရေလောင်း၍ ပြုစုထိန်းသိမ်းခြင်းများဆောင်ရွက်ရပါသည်။ လုပ်သားအင်အား အလုံအလောက်ဖြင့်ပင် တစ်ရက်လျှင် အပင်ကြီး (၃၀)ပင် ကျအောင် မနည်းကြိုးစား၍ စိုက်ပျိုးရပါသည်။ သစ်ပင်တစ်ပင် စိုက်ပျိုးဖို့အရေး ရင်းနှီးစိုက်ထုတ်ရသောအရင်းအနှီးများကား ပြော၍ပင် မကုန်ပါ။

ရေလောင်း၍စိုက်ပြီးတော့လည်းမပြီးသေးပါ။ **မိုး** မှမရွာသည်ကိုး။ ထိုဒေသတွင် ရာသီအလိုက်ရွာသွန်းသည့်မိုးဆိုသည်မှာကား မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတို့တွင် မုန်တိုင်းများဝင်ပြီးချိန်မှ မျက်စိလည် လမ်းမှားလာသည့် မိုးကြွင်းမိုးကျန်ကလေးများကိုပင် ငါးရံ့မင်းပရိတ်တော်ရွတ်ဖတ်ရ၊ ရိုးရာနတ်ပွဲတင်ရ၊ လွန်ဆွဲတန်ဆွဲရ စသဖြင့် အမျိုးမျိုးကြိုးစား၍ပင့်ဖိတ်ကာမှ စတိသဘောလောက်ရွာချတတ်သောနေရာမျိုးဖြစ်နေသောကြောင့်ပင်။

သစ်ပင်စိုက်ပျိုးရာသီတွင်တော့ ကျွန်တော်တို့ စိမ်း/ စိုဝန်ထမ်းများ၏အတွေးထဲတွင် နေ့နေ့ညည မိုးသာရှိသည်ဟုပင် ပြောနိုင်ပါသည်။ အနောက်တောင်ဆီက ရွာမည် ဟန်ပြင်သော မိုးသားတိမ်လိပ်တွေတက်လာသည့်အခါတိုင်း မိုးရွာပါစေဟု ဆုတောင်းကြသူချည်းဖြစ်သည်။ သို့သော် ဆုတောင်းမပြည့်သည့်ကသာ များပါသည်။ ထိုအခါများတွင်တော့ ရေပိုက်ဆွဲ၊ ရေပုံးဆွဲ၊ ရေသယ်ယာဉ် စက်နှိုး၍ လုပ်သား၊ ဝန်ထမ်းများနှင့်အတူ သစ်ပင်များ ရေလောင်းရန် ပြင်ဆင်ကြရပါတော့သည်။

မိုးမရွာသော်လည်း လေပြင်းကကြမ်းကြမ်းတမ်းတမ်းတိုက်ခတ်သွားသဖြင့် စိုက်ပင်များ ကျိုးပဲ့ပျက်စီးတာ ရှိ/ မရှိ၊ Tree Guard နှင့် တွဲချည်ထားသော ကြိုးများပြတ်နေသလားပြန်စစ်စသည့် အလုပ်တွေကိုလည်းလစ်ဟာ၍ မရပြန်ပါ။ July drought ဟုခေါ်သည့် July ၊ August အချိန်တွေမှာတော့ လေပူများတိုက်သည့်အပြင် ရေနံမြေ၏ မြေတွင်း အပူဓာတ်ကြောင့် (၅)ပေကျော် အပင်ကြီးများပင် တညိုးညိုးတယ်ယယ်ဖြင့် ရှင်သန်ဖို့အရေး အားတင်းနေရသည့်ပုံဖြစ်၍ နေပါသည်။ လေပူ၊ မြေပူမိပြီး အပင်မသေစေရန်အတွက် အပင်ကြီးများအား ပိုက်စိမ်းများပတ်၍ ကာခြင်း၊ **စိုက်ပင်ခြေ (Root Collar)** တွင် သဲပူမိလျှင် အပင်သေတတ်သဖြင့် စိုက်ပင်များ၏အခြေတွင် ဂုန်နီအိတ် ခေါ် ဂုန်လျှော်အိတ် အထူများကိုဖြန့်ခင်း၍ အစိုဓာတ်ရရှိစေရန် ရေမပြတ်လောင်းခြင်း စသဖြင့် မျက်ခြေမပျက် ဂရုစိုက်ပြုစုနိုင်မှ တော်ရုံကျသည့် အခြေအနေမျိုးပင်ဖြစ်ပါသည်။


ရွှေပုံတောင်အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခြေအနေ (၁၉၉၉)


ရွှေပုံတောင်အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ပြီး (၂၀၂၁) ခုနှစ် အခြေအနေ


ပျိုးပင်ကြီးများအား စိုက်ပျိုးမည့်နေရာအရောက် လုပ်သားအင်အားဖြင့်ခက်ခက်ခဲခဲသယ်ယူရပုံ

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အထိ တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ**

| စဉ် | တောင်တန်းအမည် | အကျယ်အဝန်း(ဧက) | အမြင့် (ပေ) | တည်ထောင်ပြီးစိုက်ခင်း(ဧက) | ထိန်းသိမ်းပြီးသဘာဝတော(ဧက) |
|---|---|---|---|---|---|
| ၁ | မင်းဝံတောင် | ၁၈၉၆၅ | ၁၃၃၂ | ၃၈၇၀ | ၂၁၀၀၀ |
| ၂ | ဖိုလ်ဝင်တောင် | ၁၁၃၇၉ | ၁၂၀၀ | ၂၃၆၀ | ၉၀၀၀ |
| ၃ | ဗောဓိတစ်ထောင်-ကျောက္ကူ ရွှေမြင်တင်-နွယ်ခွေတောင်တန်း | ၂၀၅၂၀ | ၁၉၆၂ | ၇၃၃၃၅ | ၈၀၀၀ |
| | **စစ်ကိုင်းတိုင်းဒေသကြီးပေါင်း** | **၅၀၈၆၄** | | **၁၄၀၀၅** | **၃၈၀၀၀** |
| ၄ | တန့်ကြည့်တောင် | ၃၆၉၁၀ | ၁၀၄၀ | ၇၉၃၁ | ၄၂၄၀၀ |
| ၅ | တက်မတောင် | ၂၆၅၀၀ | ၁၁၂၇ | ၅၉၄၀ | ၂၈၁၀၀ |
| ၆ | ရှင်မတောင် | ၁၈၉၉၅ | ၁၇၂၃ | ၄၈၁၇ | ၁၇၁၇၄ |
| ၇ | ကျောက်ဆင်တောင် | ၈၅၄၈ | ၁၄၈၅ | ၃၆၀ | ၁၀၀၀၀ |
| ၈ | မင်းဘူးတောင်တန်း | ၁၄၅၁၅ | ၄၈၃ | ၇၃၅၅ | ၁၅၀၀၀ |
| ၉ | ရွှေပုံတောင် | ၁၂၃၇၉ | ၅၃၅ | ၃၈၅၀ | - |
| | **မကွေးတိုင်းဒေသကြီးပေါင်း** | **၁၁၇၈၄၇** | | **၃၀၃၁၃** | **၁၁၂၆၇၄** |
| ၁၀ | ရွှေသာလျောင်းတောင် | ၁၁၃၇ | ၉၇၅ | ၁၄၅ | ၂၀၀၀ |
| ၁၁ | ရွှေမင်းဝံ၊ ပဏ္ဍာမြား၊ မယ်ညို | ၈၂၀ | ၆၆၀ | ၅၅၅ | ၈၂၀ |
| ၁၂ | မင်းစုံတောင် | ၅၅၈၄ | ၁၃၀၆ | ၅၃၅ | ၂၁၀၀ |
| ၁၃ | ကုက္ကဲ့တောင် | ၁၅၆၈၈ | ၁၅၅၄ | ၃၁၆၀ | ၁၇၀၅၀ |
| ၁၄ | တောင်သာတောင် | ၃၃၀၂ | ၁၇၈၈ | ၁၄၅၅ | ၅၂၁၀၀ |
| ၁၅ | ကျောက်တစ်လုံးတောင် | ၂၈၆၇ | ၉၀၂ | ၁၇၅၀ | ၃၀၀၀ |
| ၁၆ | မြင်စိုင်းတောင် | ၂၇၀၀ | ၁၃၁၆ | ၁၁၂၅ | ၁၉၅၀ |
| ၁၇ | တုရင်တောင်တန်း | ၂၇၆၀ | ၁၄၂၃ | ၂၆၀၀ | ၅၇၆၀ |
| | **မန္တလေးတိုင်းဒေသကြီးပေါင်း** | **၃၄၈၅၈** | | **၁၁၂၂၅** | **၃၇၈၈၀** |
| | **စိမ်း/ စိုစုစုပေါင်း** | **၂၀၃၅၆၉** | | **၅၃၃၄၃** | **၁၈၈၅၅၄** |

ဆက်လက်ဖော်ပြပါမည် →

PDF Compressor Free Version


# Biodiversity Conservation in Taninthayi Nature Reserve

By
U Sein Thet, B.Sc(For), M.Sc(ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

The Taninthayi Nature Reserve (TNR) was established and legally notified by Ministry of Environmental Conservation and Forestry (MOCAF), now the Ministry of Natural Resources and Environmental Conservation (MONREC) on the 30th of March 2005 (Appendix-1) with the aim of conserving tropical rainforest and their biodiversity along with taking into consideration the improvement of local communities' livelihoods towards conservation-oriented community development as a protected area under prevailing policies and laws in the Taninthayi region of southern Myanmar. It covers an area of about 170,000 ha of relatively undisturbed tropical rain forests including the pipeline corridor of the Motamma Gas Transportation Company Limited (MGTC) and the Taninthayi Pipeline Company LLC (TPC). The reserve is subject to the legislative and regulatory measures for protection, as stipulated in the Law on the Protection of Wildlife and Protected Areas (1994), and the Rules on the Protection of Wildlife and Protected Areas (2002). Since 2005, the Taninthayi Nature Reserve Project (TNRP) has being implemented by Forest Department with the support of the Mottama Gas Transportation Company Limited (MGTC), Taninthayi Pipeline Company (TPC) and Andaman Transportation Limited (ATL). The result is subject to the legislative and regulatory measures for protection, as stipulated in the Law on the Protection of Wildlife and Protected Areas (1994), and the Rules on the Protection of Wildlife and Protected Areas (2020). The basic strategy of TNR project is to effectively use of environmental conservation fund derived from the operation of MGTC, TPC and ATL, so as to support the establishment and long-term conservation of TNR through enhancing livelihoods of local communities for those who are living around and within TNR. As per the agreement with Myanmar Oil and Gas Enterprise – MOGE and estimated life span of the gas pipelines' operation, funding provision could be expected up to 30 years.

The Taninthayi Nature Reserve is situated in the Dawei District, Taninthayi Division, between the Dawei River and Myanmar-Thailand border, between latitudes 14° 20' 50" and 14° 57' 55" North and between longitudes 98° 5' 10" and 98° 31' 32" East. Administratively, its location is in the Yebyu and Dawei Townships of Dawei District in the northern part of Taninthayi Region in southern Myanmar. The northern border adjoins Mon State, and has some predominantly Mon populations in the area. The area of Taninthayi Nature Reserve consists of three forest reserves, the eastern parts of *Kaleinaung* Reserve and *Heinze* Reserve, and *Luwaing* Reserve. These reserves were declared as Reserve Forests in 1885, 1902 and 1932 respectively and are therefore some of the oldest reserved forests consisting of tropical rain forests in Myanmar. The Heinze / Kaleinaung Reserve Forest areas together are 85,725 ha (211,836 acre) in area, and the Luwaing Reserve Forest is 84,273 ha (208,240 acre). The total area encompasses approximately 1,690 square kilometres (653 square miles) or 168,998 ha (420,077 acres). This area is a relatively large protected area compared to other protected areas in the region. According to WWF2002 Terrestrial Eco-regions of the Indo-pacific, the Taninthayi Nature Reserve lies within Eco-region 5d, namely, the Tenasserim-South Thailand Semi-Evergreen Rainforest. This eco-region encompasses the mountainous, semi-evergreen rainforests of the southern portion of the Taninthayi Range, which separates Thailand and Myanmar.

TNR is one of the largest protected areas (PAs) in Myanmar with the total approximate area of 168,998 ha and is also a relatively large protected area compared to others in the region. There is a

PDF Compressor Free Version



total of 44 villages, of which 11 villages are located within the TNR, and most communities living inside TNR are relying on the forests in somewhat and someway. Hence one objective of TNR is to support for the development of local communities' development through facilitating CF establishment, income generation, intensification of the existing home gardens, and others socio-economic development activities. The size of this area is comparable to the largest protected areas in other countries of the region and the extensive forests make it a significant addition to both Myanmar's Protected Areas System (PAS) and the regional protected areas network.

From biodiversity conservation point of view TNR lies within "Biounit 5d (Uga, 2006), and Tenasserim-South Thailand semi-evergreen moist forest region which is nationally important, regionally significant and globally outstanding. The area has been identified by WWF as one of the threatened terrestrial ecosystems of the world and particularly as this area is connected to the Western Forest Complex of Thailand, it will be of significance for one of the important trans-borders protected areas in Asia.

During the first phase of the project, national consultants conducted research projects for mammals (Ye Htut et al., 2008), birds (Nay Myo Shwe et al., 2008) and flora (Hla Maung Thein, 2007). During the second phase of the project, research programs were conducted more specifically, for individual flagship species such as Tiger, Tapir, and Elephant. During the second and third phases, studies on Trees and Bamboo, Orchids, Medicinal plants and the Forest Dynamics of Dipterocarp species were also conducted, as well as a follow-up mammal survey in 2015-16. Myanmar is rich in biological diversity as a result of its wide range of conditions in a tropical region, containing 251 known mammal species, 1056 bird species, 11, 800 different flowering plants (Tin Tun, 2009). The extent so far surveyed in TNR during last four years indicted the extent of biodiversity and how significant it is compared to the whole country as we have no available information from the existing terrestrial protected areas in the Taninthayi Division such as Taninthayi and Lenya National Parks.

There are altogether 384 species found in the Flora Survey of TNR of which three are critically endangered species, four endangered species and six vulnerable species are recorded according to the IUCN Red List (Nyo Maung et.al. 2011). The list of critically endangered and endangered species is mostly *Dipterocarp* tree species (Hla Maung Thein, 2007). Several surveys of the flora have been carried out, with a particular focus on medicinal plants and orchids. Over 344 species of medicinal plants have been collected (Win Myint, 2012; Than Than Aye, 2015), and periodic surveys of orchid diversity have noted 109 orchid species in over 50 genera (Saw Lwin, 2014). Tree and bamboo surveys have noted ecological significant tree species in the reserve, and especially have identified substantial differences in the abundance of different tree species between now and the original surveys by Smith from 1926-1936.

Six surveys have been carried out in the reserve, with over 60 Mammal species recorded, based on track and sign and questionnaire surveys. The 2002-2003 survey used interview and track/ sign methods for large mammals, and live-traps for small mammals. The survey recorded 15 large and 43 small mammal species (Win Maung 2003). A second survey in 2008 used questionnaire, track/ sign and trap camera methods. A total of 67 species were recorded (Ye Htut et al., 2008), however of those, some species (about 5) are considered doubtful. In 2011, targeted surveys were carried out on elephants and tigers. These studies aimed to determine distribution, density and ecological factors using line transect based distance sampling, camera traps, track-and-sign, scat collection, questionnaires, and ecological surveys methods (Hla Myo Aung 2011; Myint Maung 2011). A 2012 survey was targeted towards Tapir, using camera traps, track and sign, questionnaire and herbivore carnivore-scat collection methods (Nay Myo Shwe 2011). From November 2015 to April 2016, a mammal survey was carried out by TNRP with support from Friends of Wildlife, which recorded 30 species of medium-to-large mammals; the survey did not aim to record small or arboreal mammals, and it was unable to confirm the presence of tigers or leopards (Friends of Wildlife, 2016).

PDF Compressor Free Version


List of bird species recorded during the bird survey are 244 bird species of which 10 species are near threatened and 3 are vulnerable species. Near Threatened species include species such as Great Hornbill, Red Throated Barbet, Blue Rumped Parrot and White Rumped Falcon species while vulnerable species include Blue Banded Kingfisher, Plain Pouched Hornbill, etc. (Nay Myo Shwe et al.2008). 37 species of amphibians and 45 reptiles are also recorded in TNR (Vindum, 2010). None of these are known to be threatened at present, but the data is very patchy, and more work should be done to assess the diversity and status of reptile and amphibians in the reserve.

Myanmar is encountering the consequences of climate change, deterioration of the ecosystem, deforestation, endangered species, pollution of the air, oceans, rivers, lakes and infectious diseases like other countries in the world. To counter climate change, Myanmar is participating in international conventions such as the Paris Agreement 2015, sustainable development goals of the UN and the reduction of emissions of hydrofluorocarbons and cooperating with the international community to respond to the global challenges that will have an impact on people at present and future generations. It is important to reduce poverty, prevent starvation, eliminate malnutrition, prevent the retardation of growth among children, create job opportunities, provide quality education and healthcare and respond to natural disasters. To respond to these challenges, it is necessary to enhance the national capacity of the nation including community to identify development trends and to grasp opportunities available. Myanmar has placed emphasis on renewable energy development, setting goals for using renewable energy, conservation and effective utilization of biodiversity, adopting of better consumption and production methods, the utilization of waste as resources, creation of economic incentives and financial mechanisms that will encourage innovation and enhancement of human resource and education to create opportunities.

Majority of the rural population in Myanmar earns their living through agriculture. Hence, they pay special attention to the conservation of their natural resources. The Small farmers are faced with more challenges as compared to the big farmers in their efforts to conserve natural resources. Their constraints are due to poor infrastructure, lack of market opportunity, limited accessibility to credit la, lack of pragmatically appropriate technological intervention, and so forth. Nonetheless, they do practice conservation of resources with their own capacity. Any village, small or large, has two organizational systems, government and traditional. The headman of the village is appointed by government for conducting legal and official matters, while the social leader of the village is traditionally selected by villagers to perform customary and social affairs. Usually, an elderly person is chosen as a social leader or spokesman for the village public. Although monks are also traditionally influential on villagers, they never go deep in to the affairs of the laymen. In fact, social leaders are powerful and give suggestions and make decisions on any social affairs as they have a great deal of experience. Under influence of the organization of elderly people, a youth group, which can be subdivide into ladies and gents' group, is often formed with the people between 18-40 years old. Each group also has a corresponding leader who is respected. They very actively serve the society through voluntary development work.

During the last 16 years period, a considerable baseline data is available on the biodiversity of TNR, at least for mammals, birds, and plants. Most of the data obtained are indicators of presence or absence for justification of the



PDF Compressor Free Version



project's relevance to reflect immediate actions to be continued for further research on specific disciplines. The initial studies indicated the status and current situation of globally threatened species at TNR. More detailed research studies on the determination of key habitats, including the population and information on periodic movements of large mammals, important bird species and also dynamics of endemic plant species, particularly Dipterocarps, within the Nature Reserve and its adjacent areas, particularly Western Forest Complex of Thailand are necessary for effective management of TNR.

The TNR project will develop protocols for long-term monitoring of impacts, such as key biodiversity, through scalable and long-term approaches. While expert scientific monitoring is vital, some components (such as threats) can be addressed through community-based monitoring. Following the first three phases, basic biodiversity data is largely available for the reserve. During the next phase, research will be targeted to improve on-the-ground management of key components, such as the sustainability of medicinal plants. Research will also work with local communities, to assess livelihoods and 'wellbeing' of surrounding communities and ensure that this is streamlined into future monitoring of the projects' impacts.

In general, the expected goals of TNRP in the long term can be achieved through multi-stakeholders' involvement in each process of planning, implementing, monitoring and evaluation of the 4-year phase based project. Given the current social and political climate of Myanmar, efforts for conservation and development are underway to move forward all over the country. Upcoming TNRP project can set up more realistic approach or alternatives to address issues encountered in the past and all relevant stakeholders concerned should cooperate in striving for effective conservation of remained natural forests and biodiversity through innovative management. Cooperation with other relevant multi-stakeholders including Government Army and ethnic armed organizations should also be enhanced. Forest Department is likely to continue its efforts for conservation of TNR while ensuring support for livelihoods of local communities residing in the TNR. In addition, alternatively TNRP also has the opportunity to coordinate with other similar nature and biodiversity conservation-based projects across the TNR region such as World Wildlife Fund – WWF striving for conservation and development of ethnic communities.

The long-term future of TNRP must be considered, beyond the existing financing by the pipeline companies. Need to start to identify long-term sustainable finance mechanisms, with local revenues, and national mechanisms both important. This will also engage and coordinate with relevant national sustainability mechanisms, such as a potential national Protected Area Trust Fund. Investment in long-term ecotourism infrastructure, such as an Arboretum area for promotion of the beauty of the region. Also engage with the pipeline companies to start to discuss long-term exit planning for the future of the infrastructure and project management.

The effectiveness of protected areas in conserving biological diversity largely depends on how they are managed and the extent to which planned interventions are successful in reducing threats to biodiversity contained within the protected area. The most suitable Framework for monitoring and evaluation is the Logical Framework (log frame), which will provide guidance for the proper implementation of the project activities. Targets for each of the activities will be set as part of the annual planning cycle, and will be assessed and re-established during the annual review meetings. Targets should be set on the basis of logical, achievable yet ambitious goals, to support conservation outcomes. The effectiveness of protected areas in conserving biological diversity largely depends on how they are managed and the extent to which planned interventions are successful in reducing threats to biodiversity contained within the protected area.



အခက်အခဲတွေရဲ့ကြားမှာ
အခွင့်အလမ်းရှိတယ်။
Albert Einstein

PDF Compressor Free Version



## သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ

## နိုင်ငံတကာအကူအညီဖြင့်

## ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းမျှော်မှန်းရလဒ်များ

ဝန်းကျင်/သားငှက်

**စီမံကိန်း (ဂ)**

**၁။ အမည် (မြန်မာ/အင်္ဂလိပ်)**

မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်း (Cooperation in Biodiversity Conservation and Management in Myanmar)

**၂။ အကူအညီ အမျိုးအစား (Grant/ Loan/TA)**

Technical assistance (TA)

**၃။ ကူညီသောနိုင်ငံ/အဖွဲ့အစည်း**

အမေရိကန်ပြည်ထောင်စုအခြေစိုက်၊ Smithsonian Institution (SI)

**၄။ အကောင်အထည်ဖော်သည့် ဌာန/ အဖွဲ့အစည်း**

သစ်တောဦးစီးဌာန နှင့် SI

**၅။ ကာလ**

၁-၁၀-၂၀၂၀ မှ ၃၀-၁၀-၂၀၂၅ အထိ၊ (၅) နှစ်

**၆။ MoU လက်မှတ်ရေးထိုးသည့်နေ့**

၁-၁၀-၂၀၂၀

**၇။ ရည်ရွယ်ချက်**

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သုတေသနနှင့်စီမံခန့်ခွဲမှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပံ့ပိုးပေးရန်၊
- မြန်မာနိုင်ငံ၏ မျိုးစိတ်များနှင့် ဂေဟစနစ်များထိန်းသိမ်းကာကွယ်ခြင်း၊ အချက်အလက်များပြုစုခြင်းနှင့်နည်းပညာ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်၊
- သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်၊
- မျိုးစိတ်များ၊ ဂေဟစနစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံအဆင့်နှင့်ဒေသအဆင့်မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံချက်များရေးဆွဲရာတွင် သိပ္ပံနည်းကျ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်။

**၈။ မျှော်မှန်းရလဒ်**

- ဆင်ထိန်းသိမ်းရေးနှင့် လူနှင့်ဆင် ပဋိပက္ခသုတေသနများ ဆောင်ရွက်နိုင်ခြင်း၊
- မျိုးစိတ်ခွဲခြားခြင်း၊ ၎င်းတို့၏ ဂေဟစနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ မြှင့်တင်ပေးနိုင်ခြင်း၊
- ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံများနှင့် ဆက်စပ်ပတ်သက်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်း၊
- မျိုးစိတ်များ ပျံ့နှံ့တည်ရှိမှု၊ ကျက်စားရာဒေသနှင့်ဂေဟစနစ်တို့နှင့် သက်ဆိုင်သည့်အချက်အလက်များ အားကောင်းစေခြင်း၊
- ရာသီဥတုပြောင်းလဲမှုနှင့် တောရိုင်းတိရစ္ဆာန်များအပေါ် သက်ရောက်မှုဆိုင်ရာသုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်း။

**၉။ ဆောင်ရွက်သည့်နေရာဒေသ**

မြန်မာနိုင်ငံအဝန်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ

မှတ်ချက်။ Covid-19 ကူးစက်ရောဂါ တားဆီးကာကွယ်ရေး ကန့်သတ်ချက်များကြောင့် SI မှ ပညာရှင်များ လာရောက်နိုင်ခြင်းမရှိ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ခြင်း မရှိသေးပါ။

PDF Compressor Free Version



# သစ်တောသုတေသနဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ (၄)

**သစ်တောသုတေသနဌာန**

ယခင်လမှအဆက်

## သုတေသနစခန်းများ

### (က) ဖတ်ဆွတ်သုတေသနစခန်း

ဖက်ဆွတ်သုတေသနစခန်းအမှတ်(၁)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလူထုဖြန့်ပျိုးပင် ပျဉ်းကတိုး (၁၀၀၀၀)၊ မန်ကျည်းရှား(၅၀၀၀)၊ သစ်ပိတောက် (၅၀၀၀)ပင် စုစုပေါင်း (၂၀၀၀၀)ပင် ဖြန့်ဝေထားရှိပါသည်။ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ သစ်တောသုတေသနဌာန၊ ဖက်ဆွတ်သုတေသနစခန်းအမှတ်(၁)တွင် ပျိုးပင် (၁၈၀၀၀)ပင်အား (၇"×၃") ပျိုးအိတ်မှ(၈"×၁၀") ပျိုးအိတ်မည်းသို့ ပျဉ်းကတိုး(၁၂၀၀၀)ပင်၊ ပိတောက် (၃၀၀၀) ပင်၊ ကျွန်း (၁၀၀၀)ပင်၊ တမလန်း(၁၀၀၀) ပင်နှင့် မဟော်ဂနီ (၁၀၀၀) စုစုပေါင်းပျိုးပင် (၁၈၀၀၀) ပင် ပျိုးအိတ်မည်းသို့ လဲလှယ်ပြောင်းရွှေ့ထားရှိခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပါသည်။



အပင်အမြင့်တိုင်းတာခြင်း



စခန်းအတွင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း





ဖက်ဆွတ်သုတေသနစခန်း အမှတ် (၁)ပျိုးပင် ပျိုးထောင်မှုနှင့် ဖြန့်ဝေသောမှတ်တမ်းဓာတ်ပုံ

### (ခ) ကျောက်ပန်းတောင်းသုတေသနစခန်း

သုတေသနစခန်းအမှတ်(၂)၊ ကျောက်ပန်းတောင်းတွင် MRRP လုပ်ငန်းအတွက် သစ်စေ့များစုဆောင်းခြင်း၊ ၂၀၁၈ ခုနှစ်တွင် ပျိုးထောင်ထားသည့် ဝါးပျိုးပင် (၅၄၄)ပင်အားထိန်းသိမ်းခြင်း၊ လူထုဖြန့်ပျိုးပင် (၅,၀၀၀)ပင် ပျိုးထောင်ထားရှိရာ (၃,၀၀၀)ပင်အားဖြန့်ဝေခဲ့ပြီး (၂,၀၀၀)ပင်အားစခန်းတွင် ဆက်လက်ထိန်းသိမ်းထားရှိပါသည်။ စခန်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မီးသတ်ဆေးဘူးနှင့် မီးချိတ်/ မီးကပ်များ ချိတ်ဆွဲခြင်းလုပ်ငန်းတိုအား ဆောင်ရွက်ထားရှိပါသည်။

### (ဂ)တောင်လေးလုံး သုတေသနစခန်း

သုတေသနစခန်းအမှတ်(၃)၊ တောင်လေးလုံးတွင် MRRP လုပ်ငန်းအတွက် သစ်စေ့များစုဆောင်းခြင်း၊ ၂၀၁၈ ခုနှစ်တွင် ပျိုးထောင်ထားသည့် ဝါးပျိုးပင် (၁,၄၃၀)ပင် အားထိန်းသိမ်းခြင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပျိုးထောင်ထားသော MRRP ပျိုးပင် (၁၅,၄၂၀)ပင် ထိန်းသိမ်းခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပျိုးထောင်ထားသောပျိုးပင် (၇,၅၀၀)ပင်တို့အား ထိန်းသိမ်းထားရှိခြင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လူထုဖြန့်ပျိုးပင်(၃၀,၀၀၀)ပင် ပျိုးထောင်ထားရှိရာ (၂၀,၀၀၀)ပင် ဖြန့်ဝေခဲ့ပြီး(၁၀,၀၀၀)ပင် အားစခန်းတွင် ထိန်းသိမ်းထားရှိပါသည်။ သုတေသန စမ်းသပ်ကွက်များတွင် မီးတားလမ်းဖောက်လုပ်ခြင်း၊ စခန်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မီးသတ်ဆေးဘူးနှင့် မီးချိတ်/မီးကပ်များ ချိတ်ဆွဲခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ထားရှိပါသည်။



လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ခြင်း



MRRP ပျိုးပင်များ ပျိုးထောင်ထားရှိခြင်း



ဝါးမျိုးပင်များမျိုးထောင်ထားရှိခြင်း



ရေဆင်းစခန်းတွင် လူထုဖြန့်မျိုးပင် (၁၅၀၀၀)ပင်အား ဖြန့်ဝေခြင်း

## (ဃ)ရေဆင်းသုတေသနစခန်း

သုတေသနစခန်းအမှတ်(၄) ရေဆင်းတွင်၂၀၂၁ခုနှစ် မိုးရာသီအတွင်း လူထုဖြန့်သစ်မျိုး(၂၁)မျိုး၏ မျိုးပင်ပေါင်း (၁၅၀၀၀)ပင်အား ဖြန့်ဝေဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ဦးစီးရုံးချုပ်အစီအစဉ်ဖြင့် မျိုးထောင်ထားရှိသည့် သစ်မျိုးအရေအတွက်မှာ (၂၀)မျိုး ဖြစ်သည်။ ၎င်းတို့မှာ ပျဉ်းကတိုး၊ ယမနေ၊ သင်းဝင်၊ တမလန်း၊ မြန်မာ ကုက္ကို၊ ကုလားကုက္ကို၊ ဘုံမဲဇာ၊ တိန်းညက်၊ သစ်ဆိမ့်၊ ယင်းစပ်၊ ချင်းဒည င်း၊ မဟော်ဂနီ၊ ၎ရွှေ၊ သဘော်မန်ကျည်း၊ ပိတောက်နက်၊ ပျဉ်းပိတောက်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ယင်းမာ၊ သစ်ပုပ် တို့ဖြစ်ပြီး သစ်မျိုးတစ်မျိုးလျှင် (၂၀၀၀) ပင်စီဖြင့် စုစုပေါင်း မျိုးပင်ပေါင်း (၄၀၀၀၀) ပင်အား ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်လျက်ရှိပါသည်။ APFNet စီမံကိန်းအထောက်အပံ့ဖြင့် မျိုးအိတ်ကြီးသို့ ရွှေ့ပြောင်းထားသောသစ်မျိုးပေါင်း (၅၀) ရှိပြီး ၎င်းတို့မှာ (ကျွန်း၊ တမလန်း၊ မန်ကျဉ်းရှား၊ မအူ၊ ပနား မားငု၊ သစ်တို၊ စိန်ပန်းပြာ၊ တရုတ်တည်၊ ပျဉ်းမ၊ ယင်းမာ၊ ဆပ်ပြာသီး၊ ခရေစီကားပါးရှား၊ ဘန့်ဘွေး၊ မဟော်ဂနီ၊ စကားဝါ၊ သက်န်းပျဉ်းကတိုး၊ ပိတောက်၊ ဖန်ခါး၊ ကံ့ကော်၊ ခရေ၊ စွယ်တော်၊ မျောက်ဆိပ်၊ ကုလားကုက္ကို၊ သံပုရာ၊ စကားစိမ်း၊ မျောက်လုပ်၊ ရေပိတောက်၊ တောင်စကားဝါ၊ ဇောင်းပလွေ၊ ချင်းဒည င်း၊ ပြည်လုံးချမ်းသာ၊ ယူကလစ်၊ တောကရမက်၊ ပိန္နဲ၊ ချယ်ရီ၊ သပြု၊ နကျယ်၊ စစ်၊ စိန်ပန်းကြီး၊ ရုံး၊ ကညင်ဖြူ၊ အင်ကြင်း၊ ထောက်ကြံ့၊ ယမနေ၊ ယင်းစပ်၊ ၎ရွှေ၊ ထိုင်ဝမ်ဗာဒံ၊ မိုးသီး၊ ပိတောက်နက်၊ ပျဉ်းပိတောက်တို့ဖြစ်ပါသည်။ စုစုပေါင်းမှာ အရေအတွက်မှာ(၂၅၀၀) ဖြစ်ပါသည်။ ၎င်းတို့အနက်မှ စကားစိမ်း (၁၀)ပင်၊ မျောက်လုပ် (၁၀)ပင်၊ တောင်စကားဝါ (၁၀)ပင်၊ ကညင်ဖြူ(၁၀)ပင်စီတို့အား သစ်မျိုးစုံဥယျာဉ်ဇုန်အတွင်း မြေချစိုက်ပျိုးဆောင်ရွက်ထားပြီး ဖြစ်ပါသည်။



သုတေသနစခန်းအမှတ်(၄)မျိုးဥယျာဉ်အတွင်း APFNet စီမံကိန်းအထောက်အပံ့ဖြင့် မျိုးအိတ်ကြီးပြောင်းရွှေ့ထားသောသစ်မျိုးများနှင့် ဦးစီးရုံးချုပ်အစီအစဉ်ဖြင့် မျိုးထောင်ထားရှိသော သစ်မျိုးများ

## (င) မိုးစွေ သုတေသနစခန်း

မိုးစွေသုတေသနစခန်းအမှတ်(၅)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလူထုဖြန့် မျိုးပင် ကျွန်း (၁၅၀၀၀) ပင်၊ ပိတောက် (၂၀၀၀)ပင်၊ ပျဉ်းကတိုး (၂၀၀၀)ပင်၊ တမလန်း (၂၀၀၀)ပင်၊ မြန်မာကုက္ကို (၂၀၀၀)ပင်၊ မန်ကျဉ်းရှား (၂၀၀၀)ပင်၊ ရေတမာ (၁၀၀၀)ပင်၊ တောင်စကားဝါ (၁၀၀၀)ပင်၊ ယမနေ (၁၀၀၀)ပင်၊ ယင်းမာ (၁၀၀၀)ပင်၊ သင်းဝင် (၁၀၀၀)ပင်၊ စုစုပေါင်း မျိုးပင် (၃၀၀၀၀)ပင် ဖြန့်ဝေထားရှိပါသည်။ မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်းအရ သစ်တောသုတေသနဌာန၊ မိုးစွေသုတေသနစခန်း အမှတ်(၅)တွင် (၇"×၃") မျိုးအိတ်မှ (၈"×၁၀") မျိုးအိတ်မည်းသို့စပ်မြေ (၆၀၀၀)ပင်၊ (၁၄"×၁၅") အိတ်ကြီး (၇၀၀)ပင်၊ MRRP (၆"×၁၀") (၁၂၀၀၀)ပင်စုစုပေါင်း (၁၈၇၀၀)ပင်အား လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပါသည်။ သုတေသနစိုက်ခင်းများတွင် မီးတားလမ်း ဖောက်လုပ်ခြင်း၊ စစ်ဆေးလမ်းဖောက်လုပ်ခြင်းနှင့် ပေါင်းရှင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ စိုက်ခင်းစောင့်တဲပြုပြင်ခြင်း၊ စိုက်ခင်းပတ်လည်ပေါင်းရှင်းခြင်း၊ ဗိုလ်တဲပြန်လည်ပြင်ဆင်ခြင်းနှင့် ပန်းခြံအသစ် ကာရံခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအား ဖော်ပြအပ်ပါသည်။



သုတေသနစခန်းအမှတ်(၅)မိုးစွေစခန်းရှိ MRRP လုပ်ငန်းအတွက် လူထုဖြန့်မျိုးပင်များ မျိုးထောင်ထားရှိမှု

PDF Compressor Free Version







သုတေသနစခန်းအမှတ်(၅)မိုးစွဲစခန်း မိုလ်တဲ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပန်းခြံအသစ် ကာရံခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု





၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလုထုဖြန့်ပျိုးပင်များပျိုးထောင်ထားရှိမှု

## (စ) အမတ်ကြီးခုံ သုတေသနစခန်း

သစ်တောသုတေသနစခန်းအမှတ်(၆)၊ အမတ်ကြီးခုံ စခန်းဝင်းအတွင်းရှိ သောက်သုံးရေအသုံးပြုနေသော ရေတွင်းရေ ခန်းခြောက်နေသောကြောင့် ရေတွင်း ဟောင်းပြုပြင်ခြင်း(ရေပိုက်ချခြင်း) လုပ်ငန်းဆောင်ရွက် ထားရှိပါသည်။ သုတေသနစမ်းသပ်ကွက်များတွင် မီး တားလမ်းဖောက်လုပ်ခြင်း၊ စစ်ဆေးလမ်း ဖောက်လုပ် ခြင်း၊ ပေါင်းရှင်းခြင်း၊ သစ်ရွက်ခြောက်လှဲခြင်း၊ ရိပ်သာ ဝန်းကျင်တွင် စခန်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မီး သတ်ဆေးဘူးနှင့် မီးချိတ်/ မီးကပ်များ ချိတ်ဆွဲခြင်း လုပ်ငန်းတို့အား ဆောင်ရွက်ထားရှိပါသည်။

## (ဆ) လက်ပံခုံသုတေသနစခန်း

သုတေသနစခန်းအမှတ်(၇)၊ လက်ပံခုံတွင် စမ်းသပ် ကွက်စိုက်ခင်းများ မီးတားလမ်းဖောက်လုပ်ခြင်း၊ စစ် ဆေးလမ်းဖောက်လုပ်ခြင်းနှင့် စခန်းအတွင်းအပြင် မီးတားလမ်းဖောက်လုပ်ခြင်းနှင့် စခန်းရှိရေစက်နှင့် ရေစင်ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါ သည်။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိုးရာသီ လူထုဖြန့်အတွက် ကျွန်း (၁၅၀၀၀)၊ ပျဉ်းကတိုး (၂၀၀၀)ပင်၊ ပိတောက် (၁၀၀၀)ပင်၊ သင်းဝင် (၁၀၀၀) ပင်၊ ခရေ (၁၀၀၀)ပင် စုစုပေါင်း (၂၀၀၀၀) ပင်အား ပျိုးထောင်ခဲ့ပါသည်။





## (ဇ) ဘိုကလေးသုတေသနစခန်း

ဘိုကလေးသုတေသနစခန်းအမှတ်(၈)တွင် ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလူထုဖြန့်ပျိုးပင် မဟော်ဂနီ (၅၀၀၀)ပင်၊ မာလာလူးကား (၅၀၀၀)ပင်၊ စုစု ပေါင်း (၁၀၀၀၀)ပင် ဖြန့်ဝေထားရှိပါသည်။

## (ဈ) မော်ဘီသုတေသနစခန်း

မော်ဘီသုတေသနစခန်းအမှတ်(၉)တွင် ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလူထုဖြန့်ပျိုးပင် မဟော် ဂနီ (၄၀၀၀)၊ ကျွန်း (၃၀၀၀)၊ မန်ကျည်း (၃၀၀၀)၊ စုစုပေါင်း (၁၀၀၀၀)ပင် ဖြန့်ဝေထားရှိပါသည်။





၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်၊ မိုးရာသီလုထုဖြန့်ပျိုးပင်များပျိုးထောင်ထားရှိမှု

## (ည) တာပသွန်သုတေသနစခန်း

သုတေသနစခန်းအမှတ်(၁၀)၊ တာပသွန်စခန်းတွင် MRRP စီမံကိန်းအရ ပျိုးထောင်ထားသော ပျိုးပင် (၃၄၀၀၀)ပင်အား (၇"×၃")ပျိုးအိတ်မှ (၈"×၁၀") ပျိုး အိတ်မည်းသို့ ပျဉ်းကတိုး (၈,၀၀၀) ပင်၊ ပိတောက် (၃,၀၀၀) ပင်၊ ယမနေ (၁၅,၀၀၀) ပင်၊ မန်ကျည်း ရှား (၂,၀၀၀) ပင်၊ အော်လာကိုကားပါးရှား (၁,၀၀၀) ပင် စုစုပေါင်းပျိုးပင် (၂၉,၀၀၀)ပင်နှင့် (၇"×၃") ပျိုးအိတ်အတွင်းလဲလှယ်ရန် ကျန်ရှိနေသောပိတောက် (၅၀၀၀)ပင်အား ပြုစုခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါ သည်။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သုတေ သနစခန်းအမှတ် (၁၀) တာပသွန်စခန်းတွင် မိုးရာသီ လူထုဖြန့်အတွက် မဟော်ဂနီ (၅၀၀၀)ပင်၊ မန်ကျည်းရှား (၅၀၀၀) ပင်စုစုပေါင်းပျိုးပင် (၁၀၀၀၀)ပင်အား ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။





PDF Compressor Free Version













သစ်တောကြေးမုံ

# အင်ကြင်းပင် (မြန်မာအင်ကြင်း)

အင်္ဂလိပ်အမည် –

- Red lauan tree, Dark redmarenti, Light red marenti.

ရုက္ခဗေဒအမည် –

- *Shorea siamensis (Miq.)*

မျိုးရင်း – -Dipterocarpaceae

မျိုးစု – –Shorea

မျိုးစိတ် – –siamensis

၄င်းမျိုးရင်း၌ပါဝင်သောအပင်များမှာ – –

သစ်ရာပင်၊ လုမ္ဗနီအင်ကြင်းပင်၊ ကြေးလန်ပင်၊ ကညောင်ပင်၊ ကပန်း ရွက်သေးပင်၊ ကောင်းမှုပင်၊ ကညင်ဖြူပင်၊ ကညင်နီပင်၊ အင်ပင်၊ အင်ဖိုပင်၊ သက်န်းပင်နှင့် သက်န်းတုပင်တို့ဖြစ်ကြသည်။

## ပေါက်ရောက်ခြင်း

အင်ကြင်းပင်များသည် မြန်မာ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ပေါက်ရောက်ကြသည်ကိုတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံအနှံ့အပြားရှိ အထက်ရွက်ပြတ်ရောနှောသောခြောက်သွေ့တောနှင့် အင်တိုင်းတောများ၌ ပေါက်ရောက်ကြသည်။

စာမျက်နှာ [၃၀] သို့